ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်၊ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာ

၂၀၂၁ ခုနှစ်၊ မတ်လ ၂ ရက်

**ချစ်ခင်လေးစားရပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

ယနေ့အချိန်အခါသမယသည် နိုင်ငံတော်တစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအား အထူးအလေးအနက် ဂုဏ်ပြုသတ်မှတ်ထားသော သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီး ဖြစ်ပါသည်။ ဤရက်မြတ်အချိန်အခါကာလတွင် နိုင်ငံတော်တစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံကြပါစေကြောင်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

လယ်ယာကဏ္ဍ၏ စိုက်ပျိုးမွေးမြူထုတ်လုပ်မှုလုပ်ငန်းစဉ်များသည် စားနပ်ရိက္ခာထုတ်လုပ်မှုအတွက်သာမက ကျေးလက်နေပြည်သူသန်းပေါင်းများစွာ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် အဓိကကျောရိုးလုပ်ငန်းကြီးဖြစ်ပါသည်။ ထို့အပြင် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများ တိုးတက်ပြောင်းလဲမှုပုံသဏ္ဌာန်ကို ဖော်ဆောင်လျက်ရှိသည့်အတွက် လယ်ယာစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံ၏ပဓာနကျသည့် တာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများ၏ နေ့စဉ်စားနပ်ရိက္ခာဖူလုံရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာစေရန်၊ ပြည်ပတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိစေရန် အပင်ပန်းခံကြိုးပမ်းစိုက်ပျိုးထုတ်လုပ်ပေးကြသည့် နိုင်ငံ၏ ထမင်းရှင်၊ ကျေးဇူးရှင်ကြီးများဖြစ်ကြသော တောင်သူလယ်သမားကြီးများအား နိုင်ငံတော်အစိုးရအနေဖြင့် ပြဋ္ဌာန်းထားသည့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ❖

# ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုမှုကော်မတီကို အရေးယူဆောင်ရွက်လျက်ရှိ

## မဲမသမာမှုများနှင့်စပ်လျဉ်း၍လည်း အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စစ်ဆေးဆောင်ရွက်နေ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၄/၂၀၂၁)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်နှင့် စောဒန်နီယယ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်တို့ တက်ရောက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

**တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။**

ကြေးမုံ

# တိုင်းပြည်အပေါ် ကျေးဇူးသစ္စာစောင့်သိ

တိုင်းပြည်အပေါ် ကျေးဇူးသစ္စာစောင့်သိရမည်ဆိုသည်မှာ မိမိတို့သည် ဤနိုင်ငံတွင်နေ၍ ဤရေမြေမှဖြစ်ပေါ်လာသည့် အကျိုးစီးပွားကို ရရှိခံစားနေကြရသဖြင့် တိုင်းပြည်၏ကျေးဇူးကို သိရှိနားလည်စောင့်သိခြင်း ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံအပေါ်တွင် အဓိကကျေးဇူးသစ္စာစောင့်သိရမည့်သူများမှာ တိုင်းပြည်အကျိုးစီးပွား၊ ပြည်သူလူထုအကျိုးစီးပွားကို လက်တွေ့အကောင်အထည်ဖော်ပေးကြရသည့် နိုင်ငံ့ဝန်ထမ်းများ ဖြစ်ကြပါသည်။

နိုင်ငံ့ဝန်ထမ်းများသည် တိုင်းပြည်အကျိုးကို ဆောင်ရွက်နိုင်ရန်အတွက် မည်သည့်အရောင်အသွေးမှမရှိဘဲ ရိုးသားဖြောင့်မတ်စွာဖြင့် ရိုးရိုးကျင့်မြင့်မြင့်ကြံ ဆောင်ရွက်ကြရပေသည်။ ထို့ကြောင့် ဝန်ထမ်းများသည် ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဟု ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ အကယ်၍ ဝန်ထမ်းများသည် ပါတီနိုင်ငံရေး မကင်းရှင်းပါက တိုင်းပြည်နှင့် လူမျိုးအကျိုး ဖွံ့ဖြိုးတိုးတက်ရေးကိုဖြစ်စေ၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကိုဖြစ်စေ ဆောင်ရွက်ပေးနိုင်တော့ခြင်းမရှိဘဲ တိုင်းပြည်နှင့် လူမျိုးအကျိုးစီးပွားများ ပျက်ယွင်းနိုင်ပေသည်။

ထို့ကြောင့် မည်သည့်အစိုးရတက်တက် နိုင်ငံတော်အပေါ်တွင် ကျေးဇူးသစ္စာစောင့်သိရိုသေကြမည့်သူများကိုသာ ရွေးချယ်ခန့်ထားရခြင်း ဖြစ်သည်။ ဝန်ထမ်းများသည်လည်း လူသားများပင်ဖြစ်၍ မိမိတို့ခံယူချက်၊ စိတ်ခံစားချက်များဖြင့် တိုင်းပြည်အုပ်ချုပ်ရေး အပြောင်းအလဲဖြစ်စဉ် မိမိတို့မနှစ်သက်သည့်အုပ်ချုပ်မှုကို အကြောင်းပြု၍ ဝန်ထမ်းကျင့်ဝတ်၊ လိုက်နာရမည့်အချက်များကို ဖောက်ဖျက်လုပ်ဆောင်မှုများရှိလာခဲ့သည်။ ထိုအခါ ဝန်ထမ်းကျင့်ဝတ်ဖောက်ဖျက်သူ၊ ဝန်ထမ်းစည်းကမ်းဖောက်ဖျက်သူတို့ကို နိုင်ငံ့ဝန်ထမ်းဥပဒေဖြင့် အရေးယူမှုများ ပြုလုပ်ရပေသည်။ ထို့ထက်ပိုလျှင် တရားဥပဒေနှင့်အညီ ဆောင်ရွက်မှုများရှိနိုင်ပေသည်။

ယနေ့အချိန်အခါတွင် ဝန်ထမ်းများသည် အကြောင်းအမျိုးမျိုးဖြင့် လုပ်ငန်းတာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသည်။ ဆန္ဒထုတ်ဖော်မှုများတွင် လိုက်ပါကြသူများရှိသလို တာဝန်ထမ်းဆောင်ခြင်းမရှိဘဲ နေကြသူများလည်းရှိသည်။ မည်သည့်အကြောင်းကြောင်းကြောင့်ဖြစ်စေ ယနေ့အချိန်ကာလသည် လုပ်ငန်းခွင်များသို့ ပြန်လည်ဝင်ရောက်ကြရန် မေတ္တာရပ်ခံအသိပေးနှိုးဆော်နေသော ကာလဖြစ်သည်။ မိမိတို့စိတ်ခံစားချက်ကြောင့် ပျက်ကွက်မှုများကို ပြန်လည်ဆင်ခြင်ပြီး လုပ်ငန်းခွင်သို့ စိတ်ချလက်ချပြန်လည်ဝင်ရောက်နိုင်သော အချိန်ပေးထားသည့်ကာလဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံး ကောင်းမွန်စွာအသက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရသူများ ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်မျှပင်ပြောင်းလဲခဲ့စေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားကို စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရသူများဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တိုင်းပြည်နှင့် ပြည်သူ့အကျိုးစီးပွား မထိခိုက်စေရန်အတွက် ဖြစ်သည်။ ဝန်ထမ်းများသည် နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်လိုသဖြင့် အလုပ်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ မိမိတို့စိတ်ခံစားချက်ကြောင့် ခွင့်ပြုချက်မရှိဘဲ ပျက်ကွက်မှုသည် ဝန်ထမ်းစည်းကမ်း၊ ဝန်ထမ်းဥပဒေအရ အရေးယူခံရနိုင်သည့်အပြင် ပြစ်မှုမြောက်နိုင်သည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူခံရနိုင်သည်ကို သိရှိထားရန်လိုပါသည်။ ထို့ကြောင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ကြပါရန် မေတ္တာရပ်ခံပါသည်။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်က အတည်ပြုဖွဲ့စည်းထားသော ဌာနတစ်ခုခု၏ ရာထူးတစ်နေရာရာတွင် ခန့်အပ်ခြင်းခံရပြီး နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းမှ လစာနှင့်စရိတ်များကို ရရှိခံစားနေကြသူများဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားကို ဦးတည်ပြီး ထမ်းရွက်ရမည့်လုပ်ငန်းတာဝန်များ၊ လိုက်နာရမည့် စည်းကမ်းများနှင့် စောင့်ထိန်းအပ်သောကျင့်ဝတ်များကို မပျက်မကွက်လိုက်နာစောင့်ထိန်းရမည့်သူများဖြစ်ပါသည်။

သို့ဖြစ်ရာ ဘေးပယောဂများ၊ မိမိတို့စိတ်ဆန္ဒများကို ဘေးဖယ်ထား၍ နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ပြန်လည်ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားများကို စိတ်ရင်းစေတနာမှန်ကန်စွာ၊ ကျေးဇူးသစ္စာရှိစွာ လုပ်ကိုင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ် ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မတ် ၁

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

### မြန်မာ့ပင်လယ်ပြင်

နေပြည်တော် မတ် ၁

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁-၃-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၅၀၀ | ၉,၅၀၀ | ၇၉၁ | ၇,၅၁၄,၅၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၅၀ | ၂,၁၇၀ | ၇,၆၀၀,၇၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၀ | ၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၅၀ | ၂,၇၀၀ | ၆၂ | ၁၆၇,၉၀၀ |
| EFR | ၃,၃၅၀ | ၃,၃၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူပါသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၀.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၁၃.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၉.၈၄ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၆.၉၄၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၀.၂၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၃၅၁ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၀၀.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၆၆.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၃၂.၇ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆.၈၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ငွေကြေးသုံးစွဲမှုများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအချို့မှ စိစစ်တွေ့ရှိချက်များကို တင်ပြရာတွင် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးသုံးစွဲရန် နိုင်ငံတော် ထည့်ဝင်ငွေနှင့် ပြည်သူလူထု လှူဒါန်းငွေများကို အခြားမသက်ဆိုင်သည့်နေရာများတွင် သုံးစွဲထားသည်ကို တွေ့ရ

☆ ယင်းသို့ သုံးစွဲမှုမှာ ဘီလီယံများစွာရှိ

☆ ငွေကြေးအလွဲသုံးစားပြုလုပ်မှုများကို သက်ဆိုင်ရာအဖွဲ့အစည်းများမှ စိစစ်ဖော်ထုတ်လျက်ရှိ

○ ပြည်ထောင်စုမှ

အစည်းအဝေး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူခဲ့သည်မှာ တစ်လရှိပြီဖြစ်ကြောင်း၊ စတင်တာဝန်ယူသည့် ပထမရက်သတ္တပတ်အတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယအပတ်မှစတင်၍ ဆူပူမှု၊ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ဆန္ဒပြမှုများမှာ ကိုဗစ်ကာလ အကျပ်အတည်း ထိန်းချုပ်မှု၊ တခြားတစ်ဖက်ကလည်း ရွေးကောက်ပွဲ မဲမသမာမှုအပေါ် ယခုလိုဆောင်ရွက်ခြင်းကြောင့် မခံမရပ်နိုင်သူများကြောင့် ဖြစ်ပွားနေခြင်းဖြစ်ကြောင်း၊ ဆူပူဆန္ဒပြမှုဖြစ်စဉ်များအားလုံးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြင့် အင်အားအနည်းဆုံးနှင့် အသက်သာဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်နေကြောင်း၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အခြားနိုင်ငံများ၏ ကိုင်တွယ်ဖြေရှင်းမှုထက် သက်ညှာစွာဆောင်ရွက်လျက်ရှိကြောင်း။

### တာဝန်ပေးအပ်လို

ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ အသစ်ပြန်လည် ခန့်အပ်ခြင်းနှင့်ပတ်သက်၍ ၎င်းတို့၏သက်တမ်းမှာလည်း ဥပဒေအရ လဲလှယ်ရမည့်အချိန်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် လက်မခံသည့်လုပ်ရပ်မျိုးများ လုပ်ဆောင်နေကြသည်ကိုတွေ့ရကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တာဝန်ပေးအပ်ရာတွင် အများကြည်ညိုလေးစားခံရပြီး အတတ်နိုင်ဆုံး ပါတီနိုင်ငံရေးကင်းရှင်းသူများကိုသာ တာဝန်ပေးအပ်လိုကြောင်း၊ ပါတီနိုင်ငံရေးအရောင်အသွေးမကင်းသည့်အတွက် ယခုလိုလက်မခံသည့် ဖြစ်စဉ်မျိုးများ ဖြစ်ပွားလာခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ကြိုက်နှစ်သက်သည်၊ မကြိုက်နှစ်သက်သည်ရှိနိုင်ကြောင်း၊ ဒီမိုကရေစီရင့်ကျက်သည့်နိုင်ငံများတွင် စည်းကမ်းဥပဒေနှင့်အညီ တာဝန်ပေးအပ်မှုကို လက်ခံကြကြောင်း၊ ရပ်ကွက်၊ ကျေးရွာများနှင့် အနီးစပ်ဆုံးဖြစ်သည့် မြို့နယ်အုပ်ချုပ်ရေး တာဝန်ရှိသူများသည် နိုင်ငံရေးအရောင်အသွေး ကင်းရှင်းရန်လိုအပ်ကြောင်း၊ ယင်းအတွက် စိစစ်ဆောင်ရွက်မှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ထားကြောင်း၊ စီးပွားရေးကဏ္ဍတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကောင်စီအဆင့်ဆင့် အနေဖြင့် ဒေသအလိုက် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများသည် ကိုဗစ်ရောဂါဖြစ်ပွားထိခိုက်မှုနည်းနိုင်ပြီး ငွေပြန်ရလွယ်ကူသည့် ရောင်းကုန်လုပ်ငန်းဖြစ်သည့်အတွက် တောင်သူများကို စိုက်ပျိုးရေးလုပ်ငန်း ကြိုးစားဆောင်ရွက်ရေး အားပေးရန်လိုကြောင်း၊ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး ဦးတည်ချက်များလည်း ချမှတ်ပေးထားကြောင်း၊ လူမှုရေးဦးတည်ချက်တွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး ဆိုသည့် ကျန်းမာရေးဦးတည်ချက် ပါရှိကြောင်း၊ ကျန်းမာရေးအထောက်အကူဖြစ်စေရန်အတွက် တစ်နိုင်ငံလုံးအနေအထားဖြင့် ပြင်ပတွင် ကစားရသည့် အားကစားပွဲများကို ပြန်လည်ကျင်းပရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားအားကစားတွင် မြန်မာ့သိုင်းအားကစားနည်းကို ထည့်သွင်းရန်လိုအပ်ကြောင်း၊ ယင်းအားကစားနည်းမှာ အပိုပစ္စည်း မလိုအပ်ဘဲ အားကစားပြုလုပ်နိုင်သည့် ကိုယ်ခံပညာ အားကစားနည်းဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့ရိုးရာအားကစားနည်းများကိုလည်း အားပေးရန်လိုအပ်ကြောင်း။

CDM လှုပ်ရှားဆောင်ရွက်ထားသည့် ဝန်ထမ်းများကိုလည်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ တာဝန်ထမ်းဆောင်မှုမရှိဘဲ အကြောင်းအမျိုးမျိုးပြ၍ လစာထုတ်နေကြသည်များကို တွေ့ရှိရကြောင်း၊ ဝန်ကြီးဌာနများအလိုက် စနစ်တကျ စစ်ဆေးအရေးယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်မညီသည့် အကြောင်းအရာများနှင့် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုနှင့် မလျော်ညီစွာ ဝတ်စားဆင်ယင်ထားသည့် ဓာတ်ပုံများ အထူးသဖြင့်လူမှုကွန်ရက်မျက်နှာစာများတွင် အရှက်တရား၊ အကြောက်တရားမရှိ ဓာတ်ပုံများဖော်ပြနေမှုများရှိကြောင်း၊ ယင်းလုပ်ရပ်မှာ အများပြည်သူကို စိတ်ဓာတ်ပျက်စီးအောင် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း။

COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ငွေကြေးသုံးစွဲမှုများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအချို့မှ စိစစ်တွေ့ရှိချက်များကို တင်ပြရာတွင် COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးသုံးစွဲရန် နိုင်ငံတော် ထည့်ဝင်ငွေနှင့် ပြည်သူလူထု လှူဒါန်းငွေများကို အခြားမသက်ဆိုင်သည့် နေရာများတွင် သုံးစွဲထားသည်ကို တွေ့ရကြောင်း၊ ယင်းသို့သုံးစွဲမှုမှာ ဘီလီယံများစွာရှိကြောင်း၊ ငွေကြေးအလွဲသုံးစားပြုလုပ်မှုများကို သက်ဆိုင်ရာအဖွဲ့အစည်းများမှ စိစစ်ဖော်ထုတ်လျက်ရှိကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ စောဒန်နီရယ်၊ ဦးစိုင်းလုံးဆိုင်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်တို့က အသင်းအဖွဲ့များသို့ ဥပဒေနှင့်မညီဘဲ နိုင်ငံခြားငွေများ ဝင်ရောက်နေမှုနှင့် ဆူပူဆန္ဒပြမှုဖြစ်စဉ်များ နောက်ကွယ်မှ လူနှင့်ငွေကြေးပံ့ပိုးနေမှုများအား အရေးယူဆောင်ရွက်ရန်ကိစ္စ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအား ဥပဒေနှင့်မညီသည့်အတွက် အရေးယူဆောင်ရွက်ရန်နှင့် ပြည်ပအဖွဲ့အစည်းများမှ ငွေကြေးထောက်ပံ့နေသည့်ကိစ္စ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲစာရင်းများ အမြန်ဆုံးစစ်ဆေးထုတ်ပြန်သွားရေးကိစ္စ၊ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန်ကိစ္စ၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ နိုင်ငံတကာသို့ တင်ပို့နိုင်ရေးကိစ္စ၊ နိုင်ငံတကာတွင် တာဝန်ထမ်းဆောင်နေသည့် မြန်မာသံတမန်များအား ပြန်လည်စိစစ်ရန်ကိစ္စ၊ လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်ရေးကိစ္စ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေများအား ပြင်ဆင်ဖြည့်စွက်ရေးကိစ္စ၊ လယ်ယာမြေသန်းခေါင်စာရင်း ကောက်ယူရေးကိစ္စ၊ ကျေးရွာကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးရေးကိစ္စ၊ ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ပြည်ပတွင်ဈေးနှုန်းမှန်ကန်စွာဖြင့် တင်ပို့ရောင်းချခွင့်ရရှိရေး ဆောင်ရွက်ပေးရန်ကိစ္စ၊ ပြီးခဲ့သည့်အစိုးရလက်ထက်က အဂတိလိုက်စားမှုများအား ဖော်ထုတ်အရေးယူရန်ကိစ္စ၊ ပြည်သူ့ဆေးရုံကြီးအချို့တွင် တာဝန်ရှိသူများက ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား ဥပဒေနှင့်မညီဘဲ ခွင့်ပေးနေသည့်ကိစ္စ၊ ဝန်ထမ်းများ CDM လှုပ်ရှားမှုများကို ပြည်တွင်း၌ ဦးဆောင်နေသူများနှင့် ပြည်ပမှအကြံပေးနေသူများအား ဖော်ထုတ်အရေးယူရန်ကိစ္စ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆူပူဆန္ဒပြမှုအခြေအနေနှင့် ဥပဒေမဲ့လုပ်ရပ်များလုပ်ဆောင်နေမှုအခြေအနေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရပ်ရွာအေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ တိုက်ပွဲရှောင်ဒေသများတွင် မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် COVID–19 ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံနိုင်ရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အသင်းအဖွဲ့အချို့အား လုပ်ငန်းများလည်ပတ်နေမှုကို စည်းမျဉ်းစည်းကမ်းနှင့် ညီ၊ မညီ၊ ပြည်ပအထောက်အပံ့ နိုင်ငံခြားငွေ တရားဝင်ခြင်းရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ဆောင်ရွက်နေသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ မဲမသမာမှုများနှင့်စပ်လျဉ်း၍လည်း အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စစ်ဆေးဆောင်ရွက်နေကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများနှင့် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး ထုတ်ပြန်ထားသည့် COVID–19 ရောဂါထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုပေးပြီးဖြစ်ကြောင်း၊ CDM လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်နေသည့် ဆရာဝန်ကြီးများ၊ ပါရဂူများနှင့် ဝန်ထမ်းများအား အရေးယူသွားရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာနှင့် စီးပွားရေးအထူးဇုန်များ၊ စက်မှုဇုန်များတည်ဆောက်ရာ၌ စိုက်ပျိုးမြေများတွင် ဆောင်ရွက်ခြင်းမရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် စိုက်ပျိုးမြေများအား အခြားနည်းလမ်းများဖြင့် အသုံးမပြုနိုင်စေရန် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်တွန်းအားပေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

### အောင်မြင်မှုတစ်ခုပင်ဖြစ်

မြန်မာ့အားကစားများအား စနစ်ကျပြီး အဆင့်မီသည့် အားကစားများဖြစ်စေရန် ကြိုးပမ်းအားထုတ်၍ အာဆီယံပြိုင်ပွဲများနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်စေရန်အတွက် နယ်စပ်ဂိတ်အားလုံးနီးပါးအား ဖွင့်လှစ်ခွင့်ပြုထားပေးပြီးဖြစ်ကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်လည်နေထိုင်နိုင်ပြီး အာမခံချက်ရှိသည့် လူမှုစီးပွားဘဝရရှိစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ COVID–19 ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်စေရန်အတွက် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် သွေးထိုးဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး အငြိမ်းချမ်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက် လျက်ရှိကြောင်း၊ မလေးရှားနိုင်ငံတွင်ရောက်ရှိပြီး ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသားများအား မိမိတို့နိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရေး ဆောင်ရွက်ခဲ့ရာ ၁၀၈၆ ဦးအား တပ်မတော်ရေယာဉ်များဖြင့် ခေါ်ဆောင်ပေးနိုင်ခဲ့ပြီး ကျန်ရှိသူများအား ဆက်လက်ခေါ်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ပြည်ပနိုင်ငံသို့ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ယူနိုင်ခဲ့ခြင်းသည် မိမိတို့ကောင်စီ၏ အောင်မြင်မှုတစ်ခုပင်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

☆ COVID-19 ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံနိုင်ရေးအတွက် ဆောင်ရွက်သွားမည်

☆ ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်စေရန်အတွက် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် သွေးထိုးဆောင်ရွက်နေသည်ကိုတွေ့ရှိရ

☆ မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး အငြိမ်းချမ်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

☆ မလေးရှားနိုင်ငံတွင်ရောက်ရှိပြီး ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသားများအား မိမိတို့နိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရေး ဆောင်ရွက်ခဲ့ရာ ၁၀၈၆ ဦးအား တပ်မတော်ရေယာဉ်များဖြင့် ခေါ်ဆောင်ပေးနိုင်ခဲ့ပြီး ကျန်ရှိသူများအား ဆက်လက်ခေါ်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိ

❖ ရှေ့ဖုံးမှ

အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့်အညီ ပံ့ပိုးကူညီထောက်ပံ့မှုများကို ထိရောက်အောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ သဘာဝဘေး အန္တရာယ်ကြောင့် ထိခိုက်ပျက်စီးသည့် စိုက်ပျိုးသီးနှံများအတွက် တောင်သူလယ်သမားများအား အရေးပေါ် ရန်ပုံငွေမှ ထောက်ပံ့ကြေးများကို ကျပ် ၂၃ ဒသမ ၆၈ ဘီလီယံ ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် တောင်သူလယ်သမားများဈေးကွက်တွင် မျှတသည့်ဈေးနှုန်းရရှိနိုင်ရန် အခြေခံရည်ညွှန်း စပါးဈေးနှုန်း ထုတ်ပြန်သတ်မှတ်ခြင်းကို ၂၀၁၇-၂၀၁၈ ခုနှစ်မှ စတင်ဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းစနစ်ကို ပိုမိုထိရောက်ကျယ်ပြန့်စွာ တိုးချဲ့ဆောင်ရွက်ရေးအပြင် တစ်ဖက်တွင်လည်း တောင်သူလယ်သမားများအတွက် သွင်းအားစုရရှိရေးနှင့် ဈေးကွက်သေချာစေမည့် အကျိုးတူကန်ထရိုက်လယ်ယာစနစ် ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်လာနိုင်ရေးအတွက် တွန်းအားပေးလျက်ရှိပြီး ယင်းစနစ်အား တစ်ပြေးညီကျင့်သုံးနိုင်မည့် လုပ်ထုံးလုပ်နည်းကို ချမှတ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

**ချစ်ခင်လေးစားရပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

လယ်ယာကဏ္ဍကြီးအနေဖြင့် အရည်အသွေးကောင်း သီးနှံ၊ အသားနှင့် ငါးများ ထုတ်လုပ်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ရေး၊ စိုက်ပျိုးရေရရှိရေး၊ ဒေသရေမြေနှင့်လျော်ညီသည့် သီးနှံ၊ သားငါးများ စိုက်ပျိုးမွေးမြူထုတ်လုပ်နိုင်မည့် ခေတ်မီ နည်းပညာ ဖြန့်ဖြူးရေး၊ ခေတ်မီလယ်ယာသုံးစက်ကိရိယာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်ကူးစက်မှုများ ကာကွယ်ထိန်းချုပ်ရေး၊ လယ်ယာ သားငါး ကုန်စည်များ ပြည်တွင်း/ပြည်ပဈေးကွက်များသို့ ချောမွေ့စွာ ကူးသန်းရောင်းဝယ်နိုင်ရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ပူးပေါင်းကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

လယ်ယာကဏ္ဍကြီးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကတာဝန်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားကြီးများဈေးကောင်းရမည့်အရည်အသွေးကောင်း သီးနှံများ၊ မွေးမြူရေးတိရစ္ဆာန်များ၊ ရေသတ္တဝါများ၊ စိုက်ပျိုး၊ မွေးမြူထုတ်လုပ်နိုင်ရန် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်းနှင့် နည်းပညာပေးခြင်းများအပြင် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း(GAP)၊ ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (GAHP)၊ ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP)တို့ကို ကျင့်သုံးရေး ဆောင်ရွက်ခြင်း၊ Myanmar's GAP Protocol and Guideline များ ထုတ်ပြန်ခြင်းတို့ကို တိုးချဲ့ ဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

လက်ရှိကာလတွင် ရာသီဥတုပြောင်းလဲမှုကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မိုးသီးကြွေခြင်း၊ တောမီးလောင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြေပြိုခြင်း အစရှိသည့် သဘာဝဘေးအန္တရာယ်ကျရောက်မှု အမျိုးမျိုးကြောင့် တောင်သူလယ်သမားအများစု၏ လူမှုစီးပွားဘဝကို ထိခိုက်မှုများရှိနေပါသည်။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) တွင် တစ်ခုအပါအဝင်ဖြစ်သည့် နိုင်ငံတော်၏အနာဂတ် မျိုးဆက်များအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါသည်။ တစ်ဖက်မှလည်း သစ်တောပြုန်းတီးမှုကာကွယ်ထိန်းသိမ်းခြင်းနှင့် မြေဆီလွှာ အဆင့်အတန်းနိမ့်ကျမှု လျော့နည်းစေရေးအတွက် မြေဆီလွှာထိန်းသိမ်းမှု လုပ်ငန်းများ ဆောင်ရွက်ရမည့်အပြင် ရေရှည်စိုက်ပျိုးနိုင်ပြီး မြေဆီလွှာ အရည်အသွေး တိုးတက်မြင့်မားလာစေမည့် သီးနှံစိုက်ပျိုးနည်းစနစ်များကိုလည်း ပြောင်းလဲကျင့်သုံးသွားရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် လက်ရှိအားဖြင့် အသားတင်စိုက်ပျိုးမြေဧက (၂၉.၅၉)သန်း ဖြစ်သော်လည်း ယင်းမြေပေါ်တွင် တောင်သူလယ်သမားကြီးများက ရာသီအလိုက် သီးထပ်၊ သီးညှပ်များလည်း စိုက်ပျိုးလျက်ရှိသဖြင့် နှစ်စဉ်သီးနှံစိုက်ပျိုးဧက စုစုပေါင်းမှာ ဧက (၄၈)သန်းကျော်ဖြစ်ပါသည်။ တိုးတက်လာသော နိုင်ငံ့လူဦးရေ၏ နေ့စဉ်စားနပ်ရိက္ခာဖူလုံရန်အတွက် တောင်သူလယ်သမားကြီးများက စိုက်ပျိုးမြေများကို စနစ်တကျပြုပြင်ပြီး ရာသီအလိုက် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသီးနှံမျိုးများကို စိုက်ပျိုးခြင်းဖြင့် သီးနှံအထွက်နှုန်း မြင့်မားလာစေမည်ဖြစ်ပါသည်။ ထို့အပြင် မြေယာအသုံးချမှုတွင် တိရစ္ဆာန်မွေးမြူရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းများ ထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်ရေးအတွက်လည်း အားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့မှသာ မိသားစုဝင်ငွေကို တိုးတက်စေသည့်အပြင် နိုင်ငံအတွက် စားနပ်ရိက္ခာကို ဖူလုံပို့လျှံစေမည်ဖြစ်သဖြင့် စိုက်ပျိုးမြေများကို အကျိုးရှိထိရောက်စွာ အသုံးပြုကြပါရန် တိုက်တွန်းအပ်ပါသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ယခုရာစုနှစ်အတွင်း မှာပင် ကမ္ဘာတစ်ဝန်း စိုက်ပျိုးထုတ်လုပ်မှုကျဆင်းလာနိုင်မည်ဟု ခန့်မှန်းထားရာ ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ လိုက်လျောညီထွေရှိမည့် သီးနှံအမျိုးအစား၊ သီးနှံပုံစံ၊ စိုက်ပျိုးနည်းစနစ် စသည်တို့ကို ပြောင်းလဲစိုက်ပျိုးနိုင်မည့်အစီအမံများကို ရေတိုရေရှည်စီမံချက်များချမှတ်၍ သက်ဆိုင်ရာ ဌာနများနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်ကြီးများ ကြုံတွေ့ပါက စားနပ်ရိက္ခာမလုံလောက်မှုအန္တရာယ်မှ ကျော်လွှားနိုင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း အားကောင်းရေးတို့ကို နိုင်ငံတိုင်း အလေးထားဆောင်ရွက်လျက်ရှိသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း အစိုးရနှင့် ပုဂ္ဂလိက ညီညွတ်စွာပူးပေါင်း၍ အရန်မျိုးစေ့များစုဆောင်းထားရှိခြင်း၊ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခြင်း၊ သီးနှံပျက်စီးဧရိယာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အားပေးကူညီလျက်ရှိပါသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေးအတွက် နှစ်စဉ် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံ ဧက (၂၄)သိန်းခန့်ကို တည်ဆောက်ပြီး ဆည်တမံနှင့် အခြားရေရရှိရေးလုပ်ငန်းများမှ စိုက်ပျိုးရေပေးဝေမှု ဆောင်ရွက်လျက်ရှိသကဲ့သို့ သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးနစ်မြုပ်မှုလျော့ပါးရေးအတွက် နိုင်ငံတစ်ဝန်းတွင် ချောင်းကော၊ မြောင်းကောနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်း လုပ်ငန်းပေါင်း (၄၅၁၉)ခုကို ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် လယ်မြေဧက (၃)သန်းကို ကာကွယ်ပေးနိုင်ခဲ့ပါသည်။

ကုန်ဆုံးခဲ့သည့်နှစ်များအတွင်း မုတ်သုံမိုးရွာသွန်းရက်နှင့် မိုးရေချိန်နည်းပါးလာခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် မိုးရေရရှိမှုလျော့နည်းလျက်ရှိသဖြင့် တည်ဆောက်ပြီး ရေလှောင်တမံများ၏ ရေသိုလှောင်မှုပမာဏလျော့ကျလျက်ရှိပါသည်။ သိုလှောင်ဖြန့်ဖြူးပေးလျက်ရှိသော ရေများလေလွင့်ဆုံးရှုံးမှုမဖြစ်စေရေးအတွက် ဆည်ရေပေးမြောင်းများ ပြုပြင်တည်ဆောက်မှုအပြင် ရေပေးဝေမှုစနစ်များ ပိုမိုကောင်းမွန်ရန် လုပ်ဆောင်လျက်ရှိပါသည်။ ထို့အပြင် ရေကိုအလေအလွင့်လျော့ပါးပြီး ထိရောက်စွာ ခွဲဝေသုံးစွဲနိုင်ရန် တောင်သူလယ်သမားများကိုယ်တိုင် ပါဝင်စီမံဆောင်ရွက်နိုင်သော ရေအသုံးချသူအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်စေလျက်ရှိရာ ပြည်နယ်/တိုင်းဒေသကြီး (၁၃)ခုတွင် အဖွဲ့ပေါင်း(၈၁၈၈)ခုကို တောင်သူလယ်သမား (၂၃၈၇၅၀) ဦးဖြင့် ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ တောင်သူလယ်သမားကြီးများအနေဖြင့် ရေအသုံးချသူအစုအဖွဲ့များတွင် ကိုယ်တိုင်ပါဝင်ပြီး သီးနှံစိုက်ပျိုးမှုအတွက် ထိထိရောက်ရောက် အကျိုးရှိစွာ အသုံးချကြရန်နှင့် လေလွင့်ဖြုန်းတီးမှုမဖြစ်စေရေး အလေးဂရုပြုဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါသည်။

တစ်ဖက်တွင်လည်း ရေလိုအပ်မှုများပြားသည့် စပါးအခြေခံသီးနှံပုံစံများနေရာတွင် ဈေးကွက်ဝယ်လိုအားရှိသော တန်ဖိုးမြင့်သီးနှံများ စိုက်ပျိုးမှုပုံစံကို ပြောင်းလဲစိုက်ပျိုးရေးအတွက် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရေရရှိမှုနည်းပါးလာပြီး ဆည်ရေသိုလှောင်မှု ပုံမှန်ထက်လျော့နည်းသဖြင့် ရေကိုအကျိုးရှိရှိ အသုံးချစေလိုပါသည်။ နိုင်ငံတော်မှလည်း ဒေသအလိုက် သင့်လျော်သော သီးနှံစိုက်ပျိုးမှုပုံစံများကို စံပြကွက်များတည်ထောင်ပြီး ပညာပေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့မှသာ စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားကြီးများအနေဖြင့် ဈေးကွက်ရရှိပြီး ဝင်ငွေမြင့်မားသော လယ်ယာစီးပွားလုပ်ငန်းများကို ရွေးချယ်ပြီး ပြောင်းလဲဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။

**ချစ်ခင်လေးစားရပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

ယနေ့အချိန်ကာလတွင် မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုအခြေအနေအရ သဘာဝဘေးအန္တရာယ်များ၊ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ ကျရောက်မှုအခြေအနေများကို ရင်ဆိုင်နေရလျက်ရှိပြီး နိုင်ငံနှင့် ပြည်သူပြည်သားများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအခြေအနေများ ယုတ်လျော့မှု နည်းနိုင်သမျှနည်းပါးအောင် စွမ်းဆောင်ကြိုးပမ်းလျက်ရှိပါသည်။ အထူးသဖြင့် ပြဋ္ဌာန်းထားပြီးဖြစ်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ မြို့ပြနှင့် ကျေးလက်ဒေသအကြား လူမှုစီးပွားအဆင့်အတန်းကွာဟချက်များ ကျဉ်းမြောင်းလာစေရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရရှိနိုင်သော လူ့စွမ်းအားနှင့် ငွေကြေးအရင်းအနှီးများကို ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန်၊ ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်တိုးတက်လာစေရေးနှင့် ဘေးအန္တရာယ်များ ကျရောက်လာပါက ကျေးလက်ဒေသများ၌ တုံ့ပြန်ကာကွယ်ဆောင်ရွက်နိုင်မှုအားကောင်းသော လူမှုအဖွဲ့အစည်းများဖြစ်ပေါ်လာစေရေးတို့အတွက် ဆောင်ရွက်နိုင်ရန်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးလိုပါသည်။

နိုင်ငံတစ်ဝန်းရှိ လုပ်ကွက်ငယ်တောင်သူလယ်သမားများ၏ စွမ်းအားကို ရယူပေါင်းစု၍ လယ်ယာထုတ်ကုန်သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းထူထောင်ပြီး၊ မြေပြုပြင်မျိုးစေ့ချ စိုက်ပျိုးသည့်အဆင့်မှ ဈေးကွက်သို့တင်ပို့ရောင်းချသည့်အဆင့်ထိ လုပ်ငန်းစဉ် အဆင့်အားလုံးတွင် ပွင့်လင်းမြင်သာမှုရှိစွာဖြင့် တောင်သူလယ်သမားများလည်း လက်တွေ့ပါဝင် လုပ်ဆောင်ခွင့်ရရှိပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့် အကျိုးကျေးဇူးများ ခံစားခွင့်ရရှိရေးအတွက် သမဝါယမကဏ္ဍအနေဖြင့်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စိတ်စေတနာ အပြည့်အဝဖြင့် ရိုးသားဖြူစင်စွာ ကြိုးစားဆောင်ရွက်ကြသည့် တောင်သူလယ်သမားတို့၏ ပေါင်းစည်းအင်အားဖြင့် လယ်ယာကဏ္ဍအပါအဝင် နိုင်ငံတော်၏အမျိုးသားလူမှုစီးပွားရေးနှင့် ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်သည်နှင့် အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအပါအဝင် နိုင်ငံသားအားလုံး၏ ရေရှည်အကျိုးစီးပွားအတွက် ရင်ဆိုင်ကြုံတွေ့ကြရမည့် စိန်ခေါ်မှုများ၊ အတားအဆီးများနှင့် အခက်အခဲမှန်သမျှတို့ကို ကျော်လွှားပြီး နိုင်ငံ၏အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူလက်တွဲကြိုးပမ်းပေးကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

❖ **ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ယခုရာစုနှစ်အတွင်းမှာပင် ကမ္ဘာတစ်ဝန်း စိုက်ပျိုးထုတ်လုပ်မှုကျဆင်းလာနိုင်မည်ဟု ခန့်မှန်းထားရာ ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ လိုက်လျောညီထွေရှိမည့် သီးနှံအမျိုးအစား၊ သီးနှံပုံစံ၊ စိုက်ပျိုးနည်းစနစ် စသည်တို့ကို ပြောင်းလဲစိုက်ပျိုးနိုင်မည့်အစီအမံများကို ရေတိုရေရှည်စီမံချက်များ ချမှတ်၍ သက်ဆိုင်ရာ ဌာနများနှင့် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ။**

❖ **ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်ကြီးများ ကြုံတွေ့ပါက စားနပ်ရိက္ခာ မလုံလောက်မှုအန္တရာယ်မှ ကျော်လွှားနိုင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း အားကောင်းရေးတို့ကို နိုင်ငံတိုင်း အလေးထားဆောင်ရွက်လျက်ရှိသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း အစိုးရနှင့်ပုဂ္ဂလိက ညီညွတ်စွာပူးပေါင်း၍ အရန်မျိုးစေ့များ စုဆောင်းထားရှိခြင်း၊ ကြိုတင် ပြင်ဆင်မှုများပြုလုပ်ခြင်း၊ သီးနှံပျက်စီးဧရိယာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အားပေးကူညီလျက်ရှိ။**

# သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အားပေးဆောင်ရွက်

**ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ယခုထက်ပိုမိုတိုးတက်စေရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရပ်နားထားသည့် စက်ရုံ၊ အလုပ်ရုံများကိုလည်း ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အရှုံးပေါ်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ပြီး အကျိုးရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ထိခိုက်စေမည့် ကိစ္စရပ်များအား လူမှုကွန်ရက် စာမျက်နှာများတွင် ဖော်ပြခြင်းများ မရှိစေရေး ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ ဒီမိုကရေစီသည် ဥပဒေနှင့်ညီညွတ်မှုသာ တန်ဖိုးရှိသဖြင့် မိမိတို့ဖော်ဆောင်နေသည်မှာ တန်ဖိုးရှိသည့် ဒီမိုကရေစီစနစ်သာဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံတော်ဘဏ္ဍာငွေမှ ထုတ်ချေးထားသည့် ၂ လစာချေးငွေများ ပြန်လည်ပေးဆပ်ရန်အတွက် ကာလတစ်ခုအထိ ဆိုင်းငံ့ပေးထားမည်ဖြစ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
၂၅-၂-၂၀၂၁ ရက်နေ့တွင် ကျင်းပသည့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၂/၂၀၂၁)တွင် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၉၅/၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်)

**ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးညီညီစိုး — မွန်ပြည်နယ်တရားလွှတ်တော်
(၂) ဦးသိန်းကိုကို — ကရင်ပြည်နယ်တရားလွှတ်တော်

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၉၆/၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဒေါ်ညိုမိစံ — မွန်ပြည်နယ်တရားလွှတ်တော်
(၂) ဒေါ်ခင်စိမ်းဝင်း — ကရင်ပြည်နယ်တရားလွှတ်တော်
(၃) ဦးကျော်စွာငြိမ်း — ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
(၄) ဦးဝင်းမြိုင် — ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၉၇/၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးအောင်ထွန်းခိုင်အား လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၉၈/၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်)

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဒေါက်တာဇော်ဝင်း
(၂) ဒေါက်တာငွေစန်း
(၃) ဦးအောင်နိုင်

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဦးတည်ရာလမ်းကို ဖြောင့်တန်းစေလိုပါသည်

မင်းပြည့်စုံ

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၏ အပိုဒ် ၂ တွင် "လူမျိုးနွယ်အားဖြင့်ဖြစ်စေ၊ အသားအရောင်အားဖြင့်ဖြစ်စေ၊ ကျား၊ မသဘာဝ အားဖြင့်ဖြစ်စေ၊ ဘာသာစကားအားဖြင့်ဖြစ်စေ၊ ကိုးကွယ်သည့်ဘာသာအားဖြင့်ဖြစ်စေ၊ နိုင်ငံရေးယူဆချက် သို့တည်းမဟုတ် အခြားယူဆချက်အားဖြင့်ဖြစ်စေ၊ နိုင်ငံနှင့်ဆိုင်သော သို့တည်းမဟုတ် လူမှုအဆင့်အတန်းနှင့်ဆိုင်သော ဇာစ်မြစ်အားဖြင့်ဖြစ်စေ၊ ပစ္စည်းဥစ္စာဂုဏ်အားဖြင့်ဖြစ်စေ၊ မျိုးရိုးဇာတိအားဖြင့်ဖြစ်စေ၊ အခြားအဆင့်အတန်းအားဖြင့်ဖြစ်စေ ခွဲခြားခြင်းမရှိစေရ" ဟူ၍ ပါရှိပါသည်။

ထို့အတူ ယင်းကြေညာစာတမ်း အပိုဒ် ၁၂ တွင် "မည်သူမျှ မိမိသဘောအတိုင်း အေးချမ်းလွတ်လပ်စွာနေထိုင်ခြင်းကိုလည်းကောင်း၊ မိမိ၏ မိသားစုကိုသော်လည်းကောင်း၊ မိမိ၏ နေအိမ်အသိုက်အဝန်းကိုသော်လည်းကောင်း၊ စာပေးစာယူကိုသော်လည်းကောင်း၊ ဥပဒေအရ မဟုတ်သော ဝင်ရောက်စွက်ဖက်ခြင်း မခံစေရ။ ထို့ပြင် မိမိ၏ ဂုဏ်သိက္ခာကိုလည်း အထက်ပါအတိုင်း ပုတ်ခတ်ခြင်းမခံစေရ။ လူတိုင်းတွင် ထိုသို့ဝင်ရောက်စွက်ဖက်ခြင်းမှ သော်လည်းကောင်း၊ ပုတ်ခတ်ခြင်းမှသော်လည်းကောင်း ဥပဒေအရ ကာကွယ်ပိုင်ခွင့်ရှိသည်"ဟု အတိအလင်း ဖော်ပြထားပါသည်။

ထို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း၏ အပိုဒ် ၂၉၊ (၂) တွင်မူ "မိမိ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို သုံးစွဲရာတွင် လူတိုင်းသည်၊ အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ ရိုသေလေးစားစေရန်အလို့ငှာလည်းကောင်း၊ ဒီမိုကရေစီကျင့်သုံးသော လူ့အဖွဲ့အစည်းတွင် ကိုယ်ကျင့်တရားအပြင် ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းရေးတို့အတွက် တရားမျှတစွာကျင့်ဆောင်ရန် အလို့ငှာလည်းကောင်း၊ ဥပဒေကပြဋ္ဌာန်းထားသည့် ချုပ်ချယ်မှုများဖြင့်သာ ကန့်သတ်ခြင်းခံရမည်" ဟု ပါရှိပါသည်။

**အစွန်းရောက်လူသားမဖြစ်စေလို**

သို့သော် ယခုကာလ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်လာခဲ့သည်ကို မြင်တွေ့နေရပါသည်။ နိုင်ငံတော်နှင့် ရပ်ရွာအေးချမ်းသာယာမှု၊ ပြည်သူလူထု ဘေးကင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုလည်း နှောင့်ယှက်၊ တားဆီးမှုများ ပြုလုပ်နေကြသဖြင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မလွှဲမရှောင်သာ ဥပဒေနှင့်အညီ ဆောင်ရွက်နေကြရသည်။

အစွန်းတစ်ဖက်သို့ ရောက်ရှိသွားသည့်အခါ လူသားတို့၏ အသိဉာဏ်သည် အမှောင်ဖုံး၍ အမှန်နှင့်အမှားကို ခွဲခြားနိုင်စွမ်း ကျဆင်းလာတတ်ပါသည်။ မိမိလုပ်ဆောင်ချက်များကိုသာ အမှန်ထင်၍ သူတစ်ပါး မည်မျှကောင်းအောင်လုပ်လုပ် အကောင်းမမြင်ဖြစ်လာတတ်သည်။ အမှန်တရားကို ကြားချိန်တွင် ခါးတတ်၍ အရှိတရားကို လက်ခံနိုင်စွမ်း အားနည်းလာတတ်သည်။ အကြောင်းအကျိုး၊ အကောင်းအဆိုးတို့ကို ဝေဖန်ပိုင်းခြားမှု မရှိတော့သည့်အခါ လုပ်သမျှ၊ ကိုင်သမျှ၊ ကြံစည်အားထုတ်သမျှတို့သည် အမှန်တရားနှင့် ကင်းဝေးလာတတ်ကြပါသည်။

မနေ့က လူမှုကွန်ရက်တွင် အမျိုးသားတစ်ဦးကို သတင်းပေး(အင်ဖော်မာ)ဟု ယူဆကာ မျက်နှာပေါ်တွင် ငါးထောင်စားဟူ၍ တက်တူးထိုးပေးလိုက်သည်ဟု ဖတ်ရှုရသည်။ ထိုအမျိုးသားမှာ ဆန္ဒပြဖို့ထွက်လာခဲ့ရင်း လမ်းလယ်ကောင် လူအများရှေ့အပြစ်သားတစ်ဦးအသွင် အပြစ်ပေးခြင်းကို ခံခဲ့ရသည်။ ထို့အတူ အမျိုးသမီးအချို့အား သတင်းပေးဟုဆိုကာ နေအိမ်အတွင်း ဝင်ရောက်ရှာဖွေခြင်း၊ ပုံမှန်ရုံးတက်နေသည့် နိုင်ငံ့ဝန်ထမ်းများအား ရုံးမတက်စေရန် စော်ကားသိက္ခာချခြင်း၊ လှောင်ပြောင်ခြင်း၊ မိသားစုဓာတ်ပုံများဖြင့် သားစဉ်မြေးဆက် အရှက်ရစေရန် ရေးသားလွှင့်တင်ခြင်းများကိုလည်း စိတ်မသက်သာဖွယ် မြင်တွေ့ရသည်။

**မနေ့က လူမှုကွန်ရက်တွင် အမျိုးသားတစ်ဦးကို သတင်းပေး(အင်ဖော်မာ)ဟု ယူဆကာ မျက်နှာပေါ်တွင် ငါးထောင်စားဟူ၍ တက်တူးထိုးပေးလိုက်သည်ဟု ဖတ်ရှုရသည်။ ထိုအမျိုးသားမှာ ဆန္ဒပြဖို့ထွက်လာခဲ့ရင်း လမ်းလယ်ကောင် လူအများရှေ့ အပြစ်သားတစ်ဦးအသွင် အပြစ်ပေးခြင်းကိုခံခဲ့ရသည်။ ထို့အတူ အမျိုးသမီးအချို့အား သတင်းပေးဟုဆိုကာ နေအိမ်အတွင်း ဝင်ရောက်ရှာဖွေခြင်း၊ ပုံမှန်ရုံးတက်နေသည့် နိုင်ငံ့ဝန်ထမ်းများအား ရုံးမတက်စေရန် စော်ကားသိက္ခာချခြင်း၊ လှောင်ပြောင်ခြင်း၊ မိသားစုဓာတ်ပုံများဖြင့် သားစဉ်မြေးဆက် အရှက်ရစေရန် ရေးသားလွှင့်တင်ခြင်းများကိုလည်း စိတ်မသက်သာဖွယ် မြင်တွေ့ရ။**

မတရားမှုကို တော်လှန်သည်ဟု ပြောဆိုနေကြသူများက မတရားမှုများကို တွင်တွင်လုပ်ဆောင်နေခြင်းနှင့် ယင်းကို အားပေးထောက်ခံခြင်း၊ အခြားသူများ၏ လွတ်လပ်စွာသဘောထားကွဲလွဲနိုင်မှုအပေါ် လက်သင့်မခံနိုင်ဘဲ အတင်းအကျပ်ဖိအားပေးခြင်းတို့သည် အဖျက်အမှောင့်လုပ်ငန်းများဖြစ်ကြပြီး မင်းမဲ့စရိုက်ဆန်ဆန် ဥပဒေမဲ့စွာ ပြုမူလာကြသည်ကို မြင်တွေ့နေရပါသည်။

**လူမှုရေးဖိအားပေးခြင်းသည် ဒီမိုကရေစီလား**

Social Punishment ဟူသည် အပြစ်လုပ်ထားသူများကို လူမှုပတ်ဝန်းကျင်က ပစ်ပယ်ခြင်း၊ အသိအမှတ်မပြုခြင်းဟု မိမိယူဆပါသည်။ ဥပမာ နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရသည့်အခါ သိမ်းပိုက်ခြင်းခံရသည့်နိုင်ငံမှ ထုတ်ကုန်များကို အသုံးမပြုခြင်း၊ အားမပေးခြင်းတို့ကို ပြုလုပ်ခဲ့ကြဖူးသည်။ နိုင်ငံအချင်းချင်း ပဋိပက္ခဖြစ်ပွားသည့်အချိန်တို့တွင် အပြစ်ရှိသည့်နိုင်ငံကို အသိအမှတ်မပြုကြ၊ ထိုနိုင်ငံထွက်ကုန်များကို မသုံးစွဲကြခြင်းတို့ဖြင့် လူမှုအသိုက်အဝန်းအတွင်းမှ ဖယ်ရှားပစ်ကြလေ့ရှိသည်။ သို့သော် ယင်းကို အပြစ်တစ်စုံတစ်ရာမရှိသည့် နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများကို လူမှုရေးဖိအားပေး လုပ်ဆောင်နေခြင်းမှာ အလွန်ပင်မှားယွင်းသည့် လုပ်ဆောင်မှုပင် ဖြစ်ပါသည်။

**Social Punishment ဟူသည် အပြစ်လုပ်ထားသူများကို လူမှုပတ်ဝန်းကျင်က ပစ်ပယ်ခြင်း၊ အသိအမှတ်မပြုခြင်းဟု မိမိယူဆပါသည်။ ဥပမာ နယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရသည့်အခါ သိမ်းပိုက်ခြင်းခံရသည့်နိုင်ငံမှ ထုတ်ကုန်များကို အသုံးမပြုခြင်း၊ အားမပေးခြင်းတို့ကို ပြုလုပ်ခဲ့ကြဖူးသည်။ နိုင်ငံအချင်းချင်း ပဋိပက္ခဖြစ်ပွားသည့်အချိန်တို့တွင် အပြစ်ရှိသည့်နိုင်ငံကို အသိအမှတ်မပြုကြ၊ ထိုနိုင်ငံထွက်ကုန်များကို မသုံးစွဲကြခြင်းတို့ဖြင့် လူမှုအသိုက်အဝန်းအတွင်းမှ ဖယ်ရှားပစ်ကြလေ့ရှိသည်။ သို့သော် ယင်းကို အပြစ်တစ်စုံတစ်ရာမရှိသည့် နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများကို လူမှုရေးဖိအားပေး လုပ်ဆောင်နေခြင်းမှာ အလွန်ပင်မှားယွင်းသည့် လုပ်ဆောင်မှုပင်ဖြစ်။**

ရပ်ကွက်များအတွင်း နိုင်ငံရေးအယူအဆ၊ အတွေးအမြင် မတူညီပါက ဖိအားပေး ခြိမ်းခြောက်ခြင်း၊ သတင်းပေးဟု သတ်မှတ်ကာ စည်းကမ်းမဲ့ဝင်ရောက်ရှာဖွေခြင်း၊ လူစုလူဝေးဖြင့် အရှက်ခွဲခြင်းများ ရှိလာသည်ကိုလည်း မြင်တွေ့နေရပါသည်။ မိမိယုံကြည်မှု၊ မိမိကိုယ်ပိုင်အယူအဆများဖြင့် အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများကို စိတ်နှလုံးထိခိုက်စေရန် ရှုတ်ချလှောင်ပြောင်ခြင်း၊ စောင်းမြောင်းကဲ့ရဲ့ခြင်းနှင့် တိုက်ရိုက်စော်ကား အရှက်ခွဲခြင်းတို့မှာ တိုင်းပြည်ဆူပူမှုဖြစ်ပွားအောင် အကွက်ကျကျ သွေးထိုးမြှောက်ပင့် ဆောင်ရွက်နေကြခြင်းဟုသာ မှတ်ယူမိပါသည်။

တရုတ်ပြည်၏ ယဉ်ကျေးမှုတော်လှန်ရေးအတွင်း ဘူဇွာလူတန်းစားဟူ၍ ဆက်ဆံခံခဲ့ရသည့် ပညာတတ်များ၊ အသက်အရွယ်ကြီးရင့်သူများ၏ မျက်နှာများကို မြင်ယောင်မိသည်။ လူအုပ်စုဖြင့် ဆောင်ရွက်မှုများတွင် ဖြစ်ပေါ်လေ့ရှိသည့် အုပ်စုခံစားမှုသည် သာမန်အသိဉာဏ်ကို ကျော်လွန်၍ အမှားများကျူးလွန်သည့်အဆင့်သို့ ရောက်ရှိတတ်သည်ကို သတိမူသင့်ပါသည်။ ထူးဆန်းသည့် စိတ်သဘာဝ အခြေအနေအရ လူအုပ်စုကြွေးကြော်သံ၊ လှုပ်ရှားမှုများသည် အတွေးအခေါ်အားနည်းသူများထံတွင် အထိန်းအကွပ်မဲ့လာတတ်သည်ကိုလည်း သတိပြုသင့်ပါသည်။

**ဒီမိုကရေစီခရီးတစ်ထောက်**

ကမ္ဘာအရပ်ရပ်တွင် ပဋိပက္ခများဖြစ်ပွားတိုင်း သွေးဆူနေသည့် လူအုပ်စုများထဲသို့ သတင်းအမှားကောလာဟလပေါင်းများစွာကို ပစ်ချပေးရင်း လိုရာသို့ ပုံသွင်းကြိုးဆွဲခေါ်ဆောင်သွားကြခြင်းများ ယနေ့အထိ မြင်တွေ့နေရဆဲ၊ အသုံးချနေကြဆဲဖြစ်သည်ကို သတိချပ်စေလိုပါသည်။ ဥပဒေအရ အပြစ်တစ်စုံတစ်ရာ ကျူးလွန်ခြင်းမရှိသည့်၊ ကိုယ့်တာဝန် ကိုယ်ကျေပွန်သည့်သူများကို အပြစ်ရှိသူများအဖြစ် စွပ်စွဲစော်ကားခြင်းသည် ဒီမိုကရေစီလမ်းကြောင်းနှင့် ဆန့်ကျင်၍ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေမည်သာ ဖြစ်ပါသည်။

မိမိတို့နိုင်ငံတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်ကာလတွင် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ဝင်ရောက်ထိန်းသိမ်း စီမံဆောင်ရွက်ပေးနေခြင်းသာ ဖြစ်သည်ကို မြင်တွေ့ရသည်။ နိုင်ငံတကာတွင် မြင်တွေ့ရဖူးသည့် အာဏာသိမ်းမှုများကဲ့သို့ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ အင်အားသုံးဖြေရှင်းမှုနည်းလမ်းများကို အတတ်နိုင်ဆုံးရှောင်၍ အပြည်ပြည်ဆိုင်ရာဥပဒေ၊ ပြည်တွင်းဥပဒေများနှင့်အညီသာ အရပ်သား၊ တိုင်းရင်းသားများပါဝင်သည့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။

မိမိနှင့်မတူ ရန်သူဟူသည့်အမြင်များသည် ပါတီစုံဒီမိုကရေစီလမ်းကြောင်း လျှောက်လှမ်းသွားရန်ဟူသည့် ပြည်သူအားလုံးမျှော်လင့်ချက်ကို ထပ်တူကျနိုင်ပါရဲ့လားဟု သုံးသပ်စေလိုပါသည်။ အရေးပေါ်ကာလအတွင်း မိမိတို့နိုင်ငံအတွက် တည်ဆောက်သင့်၊ ပြုပြင်သင့်သည်များကို ဝိုင်းဝန်းဆောင်ရွက်ကြရင်း အချင်းချင်းသွေးစည်းညီညွတ်စွာဖြင့် ဥပဒေဘောင်အတွင်းမှ ဖြတ်သန်းကျော်လွှားကာ မူလရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းဆီကိုသာ ဦးတည်လျှောက်လှမ်းကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပမည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးကျင်းပမည့် ၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆက်ကပ်လှူဒါန်းသွားမည်**

ရှေးဦးစွာ အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းခံရသည့် ရဟန်းတော် ၆၉၉ ပါး၊ သီလရှင် ၆၀ နှင့် လူပုဂ္ဂိုလ် ၁၄၅ ဦး စုစုပေါင်း ၉၀၄ ပါး/ဦး ရှိရာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေအရ နေပြည်တော်တွင် တစ်စုတစ်စည်းတည်း အခမ်းအနားဖြင့် ဆက်ကပ်ချီးမြှင့်မည်ဆိုပါက Social Distancing အရ နေရာချထားရန် အခက်အခဲများစွာ ရှိပါသဖြင့် သာသနာတော်ဆိုင်ရာ အမြင့်ဆုံးဘွဲ့တံဆိပ်တော်များဖြစ်သည့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၆ ပါးနှင့် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၄ ပါး စုစုပေါင်း ဆရာတော်ကြီးအပါး ၃၀ တို့ကိုသာ မတ် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ နိုင်ငံတော်အဆင့် အခမ်းအနားဖြင့် ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ကျန်ဘွဲ့တံဆိပ်တော်များ ရရှိတော်မူသည့် ရဟန်းတော် ၆၄၇ ပါး၊ သီလရှင် ၅၈ ပါးနှင့် သာသနာပြုဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် ၁၉ ဦး စုစုပေါင်း ၇၂၄ ပါး/ဦးတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများ၏ အစီအစဉ်ဖြင့် မတ် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ စံလုပ်ငန်းလမ်းညွှန်ချက် (SOP)များနှင့်အညီ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း သတ်မှတ်နေရာများတွင် ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ပါကြောင်း။

**ဆောင်ရွက်သွားမည်**

နေပြည်တော် ကောင်စီ၏ ဦးဆောင်မှုဖြင့် ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နိုင်ငံတော်အဆင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားနှင့် တိုက်ဆိုင်နေပါသဖြင့် နိုင်ငံတော်အဆင့်အခမ်းအနား ကျင်းပပြီးနောက် မတ် ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ပင် ချီးမြှင့်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ပဘွဲ့ခံ ရဟန်းတော် ၂၂ ပါး၊ သီလရှင် ၂ ပါး၊ လူပုဂ္ဂိုလ် ၁ ဦး စုစုပေါင်း ၂၅ ပါး/ဦးတို့ကို ယခင်နှစ်နည်းတူ ပင့်ဖိတ်ခြင်းမပြုတော့ဘဲ သက်ဆိုင်ရာ သံရုံးများမှတစ်ဆင့် နိုင်ငံအလိုက် ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ချီးမြှင့်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သာသနာ့နုဂ္ဂဟ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် ၁၂၅ ဦး တို့ကို ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်လာနိုင်သည့် အခြေအနေသို့ ရောက်ရှိမှသာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး၏ လမ်းညွှန်ချက်နှင့်အညီ ဘွဲ့တံဆိပ်များ ချီးမြှင့်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဦးဆောင်ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီကို ဖေဖော်ဝါရီ ၈ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးက ဖွဲ့စည်းပေးခဲ့ပြီး ဦးစီးကော်မတီ အနေဖြင့် ဖေဖော်ဝါရီ ၁၂ ရက်တွင် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၁ ခု တို့ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဖြစ်သည့်အတွက် လုပ်ငန်းတာဝန်များ လစ်ဟင်းမှု မရှိစေရေး ဆောင်ရွက်သွားကြရန်နှင့် အခမ်းအနားသို့ ကြွရောက်တော်မူလာကြမည့် ဆရာတော်ကြီးများအား ကျန်းမာရေးဆိုင်ရာ လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်နိုင်ရေးကိစ္စ၊ ကြိုဆိုပင့်ဆောင်ရေးနှင့် စိတ်ချမ်းမြေ့စွာ သီတင်းသုံးနေထိုင်နိုင်ရေး ကိစ္စ၊ သတင်းမှတ်တမ်း ထုတ်ပြန်ရေး ကိစ္စ၊ မြန်မာ့တိုင်းရင်း ဆေးခန်းနှင့် အနောက်တိုင်း ဆေးခန်းများ ဖွင့်လှစ်ထားရှိရန်ကိစ္စ၊ Thermal Scanner များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ စီစဉ်ထားရှိရန်ကိစ္စ၊ လုံခြုံရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ လုပ်ငန်းတာဝန်များ လစ်ဟင်းမှု မရှိစေရေး သက်ဆိုင်ရာဆပ်ကော်မတီ အသီးသီးအလိုက် အထူးဂရုပြု လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက် ထားရှိမှုများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ သံဃာတော်များ ပင့်ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးဆပ်ကော်မတီ၊ အခမ်းအနားကျင်းပရေးနှင့် အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီတို့၏ ဥက္ကဋ္ဌ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ လှူဖွယ်ပစ္စည်းများ ပြင်ဆင်ရေးနှင့် ဆက်ကပ်ရေးဆပ်ကော်မတီတို့၏ ဥက္ကဋ္ဌ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လည်းကောင်း၊ ဧည့်ခံဖျော်ဖြေရေးဆပ်ကော်မတီ၊ သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သာသနာရေးဆိုင်ရာအခင်း အကျင်းပြင်ဆင်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများကလည်းကောင်း အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအသီးသီးအလိုက် တာဝန်ယူဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြသည်။

**ကုသိုလ်ယူပိုင်းဝန်းကူညီ**

တင်ပြ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအသီးသီးတို့ အနေဖြင့် ယခင်နှစ်များက အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ညွှန်ကြားချက်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ အခမ်းအနားကြီး အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ကုသိုလ်ယူပိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါရန်နှင့် လိုအပ်ချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း စီစဉ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ယင်းမာပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ယင်းမာပင် မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ခရိုင်စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အစည်းအဝေးတွင် ယင်းမာပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်အဆင့်ဌာနဆိုင်ရာများက ၎င်းတို့ဌာနများအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တင်ပြဆွေးနွေးကြပြီး ခရိုင်အတွင်းရှိ ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီးမြို့နယ်နှင့် ပုလဲမြို့နယ်များမှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ၎င်းတို့မြို့နယ်



များတွင် ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးကိုလေးဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာစောပြုံးနိုင်<br>ပါမောက္ခချုပ်<br>စစ်ကိုင်းပညာရေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၃) | ဒေါက်တာတင်မောင်ထွန်း<br>ပါမောက္ခချုပ်<br>ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (၄) | ဒေါက်တာတင်ထွန်း<br>ပါမောက္ခချုပ်<br>တောင်ငူတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မန္တလေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (၅) | ဒေါက်တာခင်သီတာ<br>ပါမောက္ခချုပ်<br>ပြည်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (၆) | ဒေါက်တာသက်လွင်<br>ပါမောက္ခချုပ်<br>ပခုက္ကူတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပြည်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (၇) | ဒေါက်တာအောင်ကျော်<br>ပါမောက္ခချုပ်<br>မအူပင်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဒဂုံတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |

## “ပြည်သူသို့ မေတ္တာရပ်ခံချက်”

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆမတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီလူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

**၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

# ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်သူတို့ကြောင့် မလေးရှားမှ အိမ်ပြန်ခရီး လှပခဲ့ပြီ

**ကိုရေချမ်း**



မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား တာဝန်ရှိသူများက နွေးထွေးလှိုက်လှဲစွာ ကြိုဆိုကြစဉ်။

မြန်မာတို့သည် ယဉ်ကျေးမှုအစဉ်အလာအရ တစ်ဦးအပေါ်တစ်ဦး ရိုင်းပင်းကူညီမှု၊ စာနာထောက်ထားမှုများ အပြည့်အဝရှိကြပါသည်။ ဒီမိုကရေစီစံနှုန်းများအရ လူသားချင်းစာနာထောက်ထားမှုကိုလည်း အလေးထားလိုက်နာဆောင်ရွက်ပါသည်။ ပြည်သူထဲမှ ပေါက်ဖွားလာသော တပ်မတော်သည် ပြည်သူ့သားအမိ၊ ပြည်သူ့သားအဖဟူ၍ အလေးထားသကဲ့သို့ အကြောင်းရှိတိုင်း ဒုက္ခအခက်အခဲရောက်နေသော အေးချမ်းစွာနေထိုင်ကြသည့် ပြည်သူများအား ကူညီစောင့်ရှောက်ခဲ့သည့် အစဉ်အလာကောင်းများ ရှိခဲ့ပါသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသောကာလတွင် တစ်ကမ္ဘာလုံးရှိ နိုင်ငံများသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေကြသော မြန်မာနိုင်ငံသားများ ပိတ်မိနေခဲ့ပါသည်။ အခက်အခဲများကြုံတွေ့နေသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများကို ယမန်နှစ်က အထူးလေယာဉ်ဖြင့် အသုတ်လိုက်သယ်ဆောင်ပေးခဲ့သည်ကို တွေ့ရပါသည်။ ယခုအခါ ပြည်ပနိုင်ငံတွင် ဒုက္ခအခက်အခဲရောက်နေသော ကျန်ရှိနေသေးသည့် မြန်မာနိုင်ငံသားများအား တပ်မတော်က စေတနာမှန်ကန်စွာဖြင့် ကယ်တင်စောင့်ရှောက်ပေးလိုက်သည်ကို မြင်တွေ့လိုက်ရသဖြင့် အတိုင်းမသိ ဝမ်းမြောက်မိပါသည်။

တိုင်းပြည်တွင် စိန်ခေါ်မှုများရှိနေသည့်ကြားမှ ပြည်ပနိုင်ငံတွင် ဒုက္ခအခက်အခဲရောက်နေသည့် ပြည်သူများအား တပ်မတော်သည် မွန်မြတ်သောစေတနာဖြင့် ကူညီစောင့်ရှောက်ပေးမှုမှာ ယခင်နှင့်မတူ တစ်မူထူးခြားပေသည်။ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသောကာလအတွင်း မလေးရှားနိုင်ငံတွင် ကာလရှည်ကြာပိတ်မိနေကြပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ပြန်လာရန် အခက်အခဲများစွာ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ တပ်မတော်မှ စစ်ရေယာဉ်(မုတ္တမ)၊ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့် စစ်ရေယာဉ်(ဆင်ဖြူရှင်)တို့သည် ဒုက္ခရောက်နေသော မြန်မာနိုင်ငံသားများကို ဖေဖော်ဝါရီလ ၂၃ ရက်တွင် မလေးရှားနိုင်ငံ လူမွတ်(Lumut) ဆိပ်ကမ်းမှ တင်ဆောင်ကာ ပင်လယ်ပြင်ကို ဖြတ်ကျော်ခေါ်ယူခဲ့ရာ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကြပြီဖြစ်ပါသည်။

အမိမြေပေါ်သို့ပြန်လည်အခြေချလာနိုင်ခဲ့သည့် မြန်မာနိုင်ငံသား ၁၀၈၆ ဦးနှင့် ၎င်းတို့၏ မိသားစုဝင်များ ပြန်လည်ဆုံစည်းကြသည့် သတင်းသည် ကြည်နူးဝမ်းမြောက်စရာကောင်းသည့် မင်္ဂလာရှိသော သတင်း ဖြစ်ပေသည်။ ထို့အပြင် ပြည်ပနိုင်ငံ တစ်နိုင်ငံတွင် ဒုက္ခအခက်အခဲရောက်ခဲ့ကြသော မြန်မာနိုင်ငံသားတစ်ထောင်ကျော်ကို တလုံးတစည်းတည်း စိတ်အေးချမ်းသာစွာဖြင့် ဘေးမသီရန်မခဘဲ ချောမွေ့စွာ အမိမြေသို့ပြန်လည်ရောက်ရှိအောင် ပင်လယ်ပြင်ခရီးရှည်ကိုဖြတ်သန်း၍ ဆောင်ကြဉ်းပေးခဲ့သော တပ်မတော်၏ စေတနာနှင့် ထူးထူးခြားခြား အောင်မြင်စွာဆောင်ရွက်မှုကို အသိအမှတ်ပြုရမည် ဖြစ်သည်။

မွေးရပ်မြေအမိနိုင်ငံဆီသို့ ပြန်လည်ရောက်ရှိလာကြသည့် ပြည်သူများ၏ ရေခြားမြေခြား ဒုက္ခတွေ့ကြုံခဲ့ရသည့်အချိန်များနှင့် ၎င်းတို့၏ မိသားစုများနှင့် ပြန်လည်ဆုံတွေ့ရသည့်အချိန် ဝမ်းမြောက်ဝမ်းသာ ကြည်နူးပျော်ရွှင်မှုများကို မြင်ရကြားရသူအပေါင်းတို့က ဝမ်းသာလှိုက်လှဲစရာ၊ ကရုဏာသက်စရာ၊ မုဒိတာပွားဖွယ်ရာများ ဖြစ်ခဲ့ပါသည်။ သို့ရာတွင် တပ်မတော်ရေယာဉ်များဖြင့် စေတနာ ရှေ့ထား၍၊ လူသားချင်းစာနာထောက်ထား၍ တိုင်းတစ်ပါးတွင် ဒုက္ခအခက်အခဲရောက်နေသော မိမိနိုင်ငံသားများကို ရင်ဝယ်သားကဲ့သို့ သဘောထားပြီး ကယ်တင်စောင့်ရှောက်ပေးမှုများအား မနာလိုမရှုဆိတ်ဖြစ်ကာ ပြစ်တင်ရှုတ်ချ ကန့်ကွက်သူတို့၏အသံများကို ကြားသိရသဖြင့် များစွာစိတ်မကောင်းဖြစ်မိပါသည်။

ပြည်ပတွင် ဒုက္ခအခက်အခဲရောက်နေကြသော မြန်မာနိုင်ငံသားများအား တပ်မတော်ရေယာဉ်များဖြင့် သွားရောက်ခေါ်ယူနေစဉ်အတွင်း ပေါ်ထွက်လာသော မလိုတမာ စကားသံများမှာ ကြားရကြားရ နားဝတွင် မချမ်းမသာဖြစ်ခဲ့ရပါသည်။ ဒုက္ခရောက်နေစဉ် ကူညီစောင့်ရှောက်ခြင်းသည် မွန်မြတ်သော အလုပ်ဖြစ်သည်ကို မည်သူမဆို နားလည်ထား ကြပါသည်။ သို့သော် ကောင်းသောအမှုကို မကောင်းသောအမှုပါဟု ပြောင်းပြန်ပြောဆိုကြသည်မှာ အထူးအဆန်းတော့ မဟုတ်ပါ။ ၎င်းတို့သည် မြန်မာနိုင်ငံအပေါ် တစိုက်မတ်မတ် အပြစ်ရှာပြောဆိုနေကြသည့် လူ့အခွင့်အရေးအမည်ခံအဖွဲ့များသာဖြစ်ပေသည်။

၎င်းတို့သည် ဒုက္ခသည်များ၏အခက်အခဲများကို အခွင့်ကောင်းယူ၍ ကိုယ်ကျိုးရှာနေကြသူများသာ ဖြစ်ပေသည်။ ဒုက္ခသည်များကို အကြောင်းပြု၍ ကယ်တင်ရှင်များ လုပ်နေကြသူများဖြစ်သည်။ ဒုက္ခသည်များကို အကြောင်းခံ၍ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နေကြသူများဖြစ်သည်။ ယခု လူ့အခွင့်အရေးအမည်ခံအဖွဲ့များသည် ဒုက္ခသည်များအရေးကို စိုးရိမ်ကြောင်း၊ ဒုက္ခသည်များကို အသုံးချနေကြောင်း၊ မြန်မာ့တပ်မတော်မှ သွားရောက်ခေါ်ယူမှုမှာ မအောင်မြင်ကြောင်း၊ အရှက်တကွဲအကျိုးနည်းဖြစ်သွားကြောင်း မုသာဝါဒသတင်းများ၊ မမှန်သတင်းများ ထုတ်လွှင့်ခဲ့ပေသည်။ အမှန်တကယ်တွင် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်းများတွင် မိမိတို့ မြန်မာနိုင်ငံသားများ ထိန်းသိမ်းခံနေရစဉ်ကာလအတွင်း ဒုက္ခမျိုးစုံကြုံတွေ့နေရစဉ်ကမူ မည်သည့်လူ့အခွင့်အရေးအဖွဲ့အစည်းကမျှ စိုးရိမ်ကြောင်း၊ ကယ်တင်စောင့်ရှောက်ကြောင်း သတင်းအစအနပင် ကြားသိခဲ့ရခြင်း မရှိပါပေ။

ယနေ့မြန်မာနိုင်ငံသို့ ချောမောစွာ ပြန်လည်ရောက်ရှိလာပြီး ရောက်လျှင်ရောက်ချင်း ချက်ချင်းပင် မိသားစုနှင့်အတူတကွ ဆုံစည်းကြရသည့် တိုင်းတစ်ပါးတွင် ဒုက္ခအခက်အခဲရောက်ခဲ့ကြသော မြန်မာနိုင်ငံသားများ၏ ဝမ်းမြောက်ဖွယ်မြင်ကွင်းကို ပြည်သူအားလုံး လက်တွေ့ကျကျ မြင်တွေ့ကြရပေပြီ။ ကာယကံရှင် မြန်မာနိုင်ငံသားများနှင့် မိသားစုများ၏ ရင်တွင်းခံစားချက်များကိုလည်း အမှန်တကယ် ကြားသိလိုက်ရပေသည်။ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရမည့် တပ်မတော်၏စေတနာဖြစ်သည်။

**ယနေ့မြန်မာနိုင်ငံသို့ ချောမောစွာပြန်လည်ရောက်ရှိလာပြီး ရောက်လျှင်ရောက်ချင်း ချက်ချင်းပင် မိသားစုနှင့်အတူတကွ ဆုံစည်းကြရသည့် တိုင်းတစ်ပါးတွင် ဒုက္ခအခက်အခဲရောက်ခဲ့ကြသော မြန်မာနိုင်ငံသားများ၏ ဝမ်းမြောက်ဖွယ်မြင်ကွင်းကို ပြည်သူအားလုံး လက်တွေ့ကျကျ မြင်တွေ့ကြရပေပြီ။ ကာယကံရှင် မြန်မာနိုင်ငံသားများနှင့် မိသားစုများ၏ ရင်တွင်းခံစားချက်များကိုလည်း အမှန်တကယ်ကြားသိလိုက်ရပေသည်။ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ရမည့် တပ်မတော်၏စေတနာဖြစ်သည်။**

မလေးရှားနိုင်ငံတွင် ရောက်ရှိခဲ့ကြသည့် မြန်မာနိုင်ငံသားများ၏ ဒုက္ခအခက်အခဲများကို မြန်မာနိုင်ငံမှ ပြည်သူများ ကြားသိကြရပြီး ဖြစ်သည်။ ရက်ပေါင်းရှည်ကြာ လပေါင်းများစွာ ထိန်းသိမ်းခံနေရသော မြန်မာနိုင်ငံသားများ အမြောက်အမြားရှိသည်။ မလေးရှားနိုင်ငံတွင် ထိန်းသိမ်းရေးစခန်း ၁၁ ခုရှိပြီး ထိန်းသိမ်းရေးစခန်းများတွင် ရောက်ရှိခဲ့ကြသော မြန်မာနိုင်ငံသားများ၏ ဒုက္ခဆင်းရဲများကို ယခု လက်တွေ့ကြားသိကြရသဖြင့် ကရုဏာသက်မိသည်။ စာနာမိသည်။ ယခုအခါ တပ်မတော်သည် ဒုက္ခသည် တစ်ထောင်ကျော်ကို ကယ်တင်လာခဲ့ပြီး ဒုက္ခသည်အချို့ကျန်ရှိနေသေးသည်ဟု သိရှိရသဖြင့် အမြန်ဆုံးထပ်မံခေါ်ဆောင်ပေးပါဟု မေတ္တာရပ်ခံလိုပါသည်။

ပြန်လည်ရောက်ရှိသော နိုင်ငံသားများကလည်း ၎င်းတို့နှင့် ဘဝတူ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်နေကြသော မြန်မာနိုင်ငံသားများအား အမြန်ဆုံးပြန်လည်ခေါ်ပေးရန် မျှော်လင့်နေကြသည်။ လက်ရှိတွင် ဒုက္ခတွင်းမှ လွတ်မြောက်လာကြပြီ။ ဤသို့ လွတ်မြောက်လာလိမ့်မည်ဟု မျှော်လင့်မထားကြချေ။ အိပ်မက်ပင် မမက်ခဲ့ဖူးပေ။ “အရင်တုန်းက သူများနိုင်ငံကို အလုပ်သွားလုပ်တာ နေ့ခင်းတာမရပါဘူး။ ပိုက်ဆံရှာချင်စိတ်နဲ့ ငါတို့တစ်နေ့ ကိုယ့်နိုင်ငံကို ပြန်ရမယ်ဆိုတဲ့ စိတ်ရှိပါတယ်။ ငါတို့မိသားစုနဲ့ ပြန်နေရမယ်၊ မိသားစုကို ထောက်ပံ့လာနိုင်မယ်ပေါ့။

**စာမျက်နှာ ၉ သို့** ❖

# သတင်းကြေညာချက်

နိုင်ငံခြားရေးဝန်ကြီးဌာနသည် ပြည်ပမြန်မာသံရုံးများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား ပြည်ပတာဝန်ထမ်းဆောင်သည့် သတ်မှတ်ကာလ ပြည့်မြောက်သည့် အချိန်တွင် မြန်မာနိုင်ငံ (နိုင်ငံခြားရေးဝန်ကြီးဌာန)သို့ ပြန်လည်ပြောင်းရွှေ့ တာဝန်ပေးအပ်ခြင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြည်ပတာဝန်ထမ်းဆောင်ရန် သတ်မှတ်ကာလပြည့်မီသည့် ဝန်ထမ်းများအား ပြည်ပမြန်မာသံရုံးများသို့ ပြောင်းရွှေ့ တာဝန်ပေးအပ်ခြင်းတို့ကို ပုံမှန်ဆောင်ရွက်လေ့ရှိပါသည်။

ယမန်နေ့က ထုတ်ပြန်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောင်းရွှေ့အမိန့်စာများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအပေါ် နိုင်ငံရေးအရ အမြတ်ထုတ်လိုသည့် ရည်ရွယ်ချက်ဖြင့် ပြည်တွင်း/ပြည်ပရှိ ဝန်ထမ်းများအား စိတ်ဓာတ်ပျက်ပြားစေရန်၊ ဝန်ထမ်းအချင်းချင်း စိတ်ဝမ်းကွဲပြားစေရန်နှင့် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် facebook အပါအဝင် လူမှုကွန်ရက်များပေါ်တွင် ဖန်တီးလုံ့ဆော်ရေးသားဖော်ပြနေကြသည်ကို တွေ့ရှိရပါသည်။ ထိုသို့ လုပ်ကြံဖန်တီးလှုံ့ဆော်နေသော အကြောင်းအရာများသည် မှန်ကန်မှုမရှိသော သတင်းမှားများသာဖြစ်ပါသည်။

အဆိုပါ ဝန်ထမ်းများ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းကိစ္စရပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပုံမှန်လုပ်ရိုးလုပ်စဉ် လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

**၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။**

**၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။**

**၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။**

**၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။**

**၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မတ် ၁**
စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# Online Learning System ဖြင့် ဖွင့်လှစ်ပို့ချခဲ့သော အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၁၁၈) သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် မတ် ၁**
နိုင်ငံ့ဝန်ထမ်းများ၏ လေ့လာသင်ယူမှု အခွင့်အလမ်းများ အရှိန်အဟုန်မပျက် စေရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖာဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် Online Learning System ဖြင့် ဖွင့်လှစ်ပို့ချခဲ့သည့် အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၁၁၈)၏ သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၁ ရက်တွင် ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် ဖာဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်ဝင်းဟန်က အွန်လိုင်းမှ သင်တန်းဆင်း အမှာစကား ပြောကြားခဲ့ပြီး ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချခဲ့သည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ဖာဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)အနေဖြင့် ဤသင်တန်းကို ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ကျန်းမာရေးမထိခိုက်စေဘဲ သင်ကြားသင်ယူမှုအခွင့်အလမ်းများ စဉ်ဆက်မပြတ်ရရှိစေရေးနှင့် နည်းပညာအတွေ့အကြုံများ ရရှိပြီး နိုင်ငံတော်၏ e-Government လုပ်ငန်းများတွင် အထောက်အကူပြုစေရေးတို့ကိုရည်ရွယ်၍ တတိယအကြိမ်မြောက် Online Learning System ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၃၃ ခုမှ ဒုတိယဦးစီးမှူးအဆင့်ရှိ အရာထမ်းငယ် သင်တန်းသား ၅၁ ဦး၊ သင်တန်းသူ ၆၇ ဦး စုစုပေါင်း ၁၁၈ ဦးတို့ အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ၁-၂-၂၀၂၁ ရက်နေ့မှ ၁-၃-၂၀၂၁ ရက်နေ့အထိ ရက်သတ္တ လေးပတ်ကြာ Zoom Cloud Meetings နှင့် Google Classroom တို့ကို အသုံးပြု၍ Online Learning System ဖြင့် သင်ကြားပို့ချခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**❖ စာမျက်နှာ ၈ မှ**
အဲဒီလိုပဲတွေးပြီး ဖြေပါတယ်။ အခုတော့ အိမ်ကိုပဲပြန်ချင်တယ်။ မထင်မှတ်တဲ့အချိန်မှာ သင်္ဘောကြီးနဲ့ လာခေါ်မယ်ဆိုတော့ မယုံဘူး။ ကျွန်မတို့ တစ်ခါမှလည်း မကြုံဖူးပါဘူး။ ဇဝေဇဝါဖြစ်နေတဲ့အချိန် ကျွန်မတို့ကို ဒီလိုလာခေါ်တော့ ဝမ်းသာပါတယ်။ ပျော်ပါတယ်။ ကိုယ့်နိုင်ငံသားတွေကို ဘာပဲဖြစ်ဖြစ် ကိုယ့်နိုင်ငံမှာပဲ လုပ်ကိုင်စားစေချင်ပါတယ်”ဟု မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသူ အမျိုးသမီးတစ်ဦး၏ ရင်တွင်းစကားကို ကြားသိရသည်။

အလားတူပင် မလေးရှားမှ ပြန်လည်ရောက်ရှိလာသူများက ၎င်းတို့၏ ရင်တွင်းခံစားချက်များကို အသီးသီး ထုတ်ဖော်ပြောကြားခဲ့သည်။ ပင်လယ်ခရီးစဉ်တစ်လျှောက် တပ်မတော်ရေယာဉ်ပေါ်တွင် လိုလေသေးမရှိ ကူညီဆောင်ရွက်ပေးကြသော တပ်မတော်သားများကို ကျေးဇူးတင်ကြသည်။ မိဘနှင့်အတူနေ၍ မိဘနှင့်အတူ လုပ်ကိုင်စားသောက်တော့မည်ဟု ပြောကြသည်။ အမိနိုင်ငံသို့ ချောမောစွာ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်း၊ အသက်ရာကျော်ရှည်ပါစေကြောင်း ဆုတောင်းပေးကြသည်။

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော နိုင်ငံသား ၁၀၈၆ ဦးကို တပ်မတော်မှ ဖွင့်လှစ်ထားသော ကွာရန်တင်းစင်တာများတွင် ကိုဗစ်-၁၉ ရောဂါ ကင်းစင်မှုအတွက် စနစ်တကျ စောင့်ကြည့်စစ်ဆေးပေးလျက်ရှိသည်။ ဆက်လက်၍ နေရင်းရပ်ရွာများသို့ ပြန်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးကို ဆောင်ရွက်ပေးသွားဦးမည်ဟု သိရသည်။

**တပ်မတော်သည် အေးချမ်းစွာနေထိုင်ကြသော ပြည်သူအပေါ် တွင် မည်သည့်အခါမျှ၊ မည်သည့်အခြေအနေတွင်မျှ မတရားပြုကျင့်ခဲ့ခြင်းမရှိပေ။ ကူညီစောင့်ရှောက်ပေးခဲ့သည်သာဖြစ်သည်။ ပြည်သူ ပြည်သားများအပေါ်တွင် မခွဲခြားဘဲ စေတနာအပြည့်အဝထားရှိခဲ့သည်ကို ယခုဆောင်ရွက်မှုများဖြင့် အောင်မြင်စွာ သက်သေပြနိုင်ခဲ့ပြီ ဖြစ်သည်။ လူသားချင်း စာနာထောက်ထားမှုရှိပြီး ပြည်သူများအပေါ် တွင် ရင်ဝယ်သားကဲ့သို့ သဘောထားတို့ဖြင့် လက်တွေ့ဆောင်ရွက်ပေးခဲ့ပြီး ပြည်ပရောက် မြန်မာနိုင်ငံသားများသာမက ပြည်တွင်းနေ တိုင်းရင်းသားပြည်သူများအား ပိုမိုအလေးထားမေတ္တာထားလျက်ရှိမည်ကို ကျွန်ုပ်တို့ အပြည့်အဝ ယုံကြည်ပါကြောင်း**

လူ့အခွင့်အရေးအဖွဲ့က ဆိုသူ၊ မလိုမုန်းထားရှိသူတို့က နိုင်ငံရေးတိုက်ကွက်များအဖြစ် မြန်မာနိုင်ငံသားမဟုတ်သူများကို ခေါ်ဆောင်လာသည်ဆိုသော လုပ်ကြံသတင်းများ၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရခြင်း ရှိ/မရှိ စစ်ဆေးခြင်းမရှိဘဲ ခေါ်ဆောင်လာပြီး မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထပ်မံဖြစ်ပေါ်လာအောင် ပြုလုပ်သည်ဟူသော သတင်းတုများမှာ လေလာနှင်းပျောက်သကဲ့သို့ ပကတိအမှန်တရားများဖြင့် ချေဖျက်လိုက်ပြီဖြစ်သည်။ ဤသည်မှာ တပ်မတော်၏ ပြည်သူများအပေါ်ထားရှိသည့် စစ်မှန်သော အမှန်တရားများဖြစ်သည်။

မလေးရှားနိုင်ငံရောက် ဒုက္ခအခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ဆောင်နိုင်ခြင်းသည် မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာတွင်ပါ အောင်မြင်မှုမှတ်တိုင်တစ်ခုဖြစ်သည်။ တပ်မတော်အနေဖြင့် ပြည်သူသာအမိ၊ ပြည်သူသာအဖဟူသည့် ထားရှိသည့်သဘောထားအတိုင်း နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အစဉ်အလာမပျက် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်လာခြင်းနှင့်ပတ်သက်၍ ပြည်ပနှင့်ပြည်တွင်းမှ ဖျက်လိုဖျက်ဆီးပြုလုပ်လိုသူအချို့က တပ်မတော်က နှိပ်ကွပ်ရေး၊ အကြမ်းဖက်ရေး ပြုလုပ်မည်ဟူသည့် မဟုတ်မမှန်စကားများအပေါ် ယခုလက်တွေ့ စိတ်ချမ်းမြေ့စွာ ပြန်လည်ရောက်ရှိကြသော ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ ကိုယ်တွေ့ အဖြစ်အပျက်များက လက်တွေ့ပြနိုင်ခဲ့သည်။

တပ်မတော်သည် အေးချမ်းစွာနေထိုင်ကြသော ပြည်သူအပေါ်တွင် မည်သည့်အခါမျှ၊ မည်သည့်အခြေအနေတွင်မျှ မတရားပြုကျင့်ခဲ့ခြင်းမရှိပေ။ ကူညီစောင့်ရှောက်ပေးခဲ့သည်သာဖြစ်သည်။ ပြည်သူပြည်သားများအပေါ်တွင် မခွဲခြားဘဲ စေတနာအပြည့်အဝထားရှိခဲ့သည်ကို ယခုဆောင်ရွက်မှုများဖြင့် အောင်မြင်စွာ သက်သေပြနိုင်ခဲ့ပြီဖြစ်သည်။ လူသားချင်း စာနာထောက်ထားမှုရှိပြီး ပြည်သူများအပေါ်တွင် ရင်ဝယ်သားကဲ့သို့ သဘောထားတို့ဖြင့် လက်တွေ့ဆောင်ရွက်ပေးခဲ့ပြီး ပြည်ပရောက်မြန်မာနိုင်ငံသားများသာမက ပြည်တွင်းနေတိုင်းရင်းသားပြည်သူများအား ပိုမိုအလေးထားမေတ္တာထားလျက်ရှိမည်ကို ကျွန်ုပ်တို့ အပြည့်အဝ ယုံကြည်ပါကြောင်း။ ။

# နိုင်ငံရေးလုပ်တဲ့သူနဲ့ နိုင်ငံပျက်စီးရေးလုပ်တဲ့သူ

## ကိုသံချောင်း – မစာဥ တစ်ခန်းရပ်စကားပြောခန်း – ၄

### ဒေါင်

"မစာဥရေ..ဗျို့ ... မစာဥ"

ကိုသံချောင်း၏အလေ့တကြီးအော်သံကြောင့် မစာဥ အတော်စိတ်ဆိုးမိ၏။ တစ်ရပ်ကွက်လုံး စိုးရိမ်မကင်းဖြစ်နေပါတယ်ဆိုမှ အသံပြာကြီးဖြင့် ခေါ်နေတာ...

"အိမ်ထဲမဝင်ဘဲ အိမ်ဝကနေ အော်နေရတာလဲ ကိုသံချောင်းရဲ့။ ရှင့်မှာလည်း ဆန္ဒပြရင်း လူကွဲလာတာကျနေတာပဲ။ ကဲ..ပြော ဘာကိစ္စရှိလဲ..."

"အပျိုကြီး ဒီကနေ့ လမ်းပေါ်မထွက်ဘူးလားဗျ။ ကျွန်တော်က ခင်ဗျားကိုစိတ်ပူလို့ အပြေးလာခဲ့တာ။ လမ်းပေါ်မှာ ဆန္ဒပြနေသူတွေ လွှတ်များတယ်ဗျာ။ စည်းကမ်းမဲ့တာတွေလည်း မြင်ရတယ်။ ပစ်သံခတ်သံတွေလည်း ကြားတယ်"

"မငြိမ်းချမ်းမှုတွေပေါ့ ကိုသံချောင်းရယ်။ ကျွန်မလည်း နားစွင့်နေတာ။ ကျွန်မတို့ ပြည်သူတွေလည်း အခုလိုကာလ မဖြစ်စေချင်ပါဘူး။ လမ်းပေါ်ထွက်ပြီး စည်းမဲ့ကမ်းမဲ့ ဆန္ဒပြနေတာတော့ မကြိုက်ချင်ဘူးရှင့်။ စည်းကမ်းရှိရှိ ဒီမိုကရေစီယဉ်ကျေးမှုရှိရှိ လုပ်ကြကိုင်ကြစေချင်တာပဲ။ အခုဟာက ဝရမ်းထုတ်တဲ့သူတွေက အရှောင်အတိမ်း ဂျက်စီဂျိမ်းပဲ။ လူငယ် ဂျန် – ဇက်တွေကိုကျတော့ မြှောက်ပေးနေတာ စိတ်ပျက်မိတယ်။ အွန်လိုင်းကနေ လက်သီးပုန်းပြပြီး ရေးချင်တာတွေရေး၊ လှုံ့ဆော်ချင်သလို လှုံ့ဆော်နေကြတယ်။ တာဝန်ရှိသူတွေက သတိပေးတာတွေ အထပ်ထပ်လုပ်တာတောင် ရပ်ကွက်တွေထဲလည်း မင်းမဲ့စရိုက်ဆန်တဲ့ အပြုအမူတွေမြင်လာရပြီ"

"အပျိုကြီးကသာပြောနေ ဖေ့စ်ဘွတ်မှာတော့ သူ့ရဲကောင်းသည် ပြေးသည်ဆိုပြီးတော့တောင် ပြောကြတယ်။ သူ့ရဲကောင်းမှန်ရင် ပြေးသင့်ပြေးထိုက်တဲ့အချိန် ပြေးတယ်တဲ့ မစာဥရဲ့။ ကျန်စစ်သားက အဖမ်းမခံဘဲပြေးတော့ ခင်ဦးနဲ့ရေစက်ဆုံသတဲ့လေ။ အဲဒီတော့ ပြေးဖို့မတွန့်ဆုတ်ရဘူးတဲ့လေ"

"ကြံကြီးစည်ရာရှင် ပေါက်တတ်ကရတွေ ပြောတတ်ကြတာ။ ကျန်စစ်သားရဲ့ ရာဇဝင်မှာ ပြေးရင်းတွေ့တာက သမ္ဘူလပါရှင့်။ အခုခေတ် ဖေ့စ်ဘွတ်သူ့ရဲကောင်းတွေကတော့ မသွားခင်က ပြေးနှင့်နေတာပါ။ လူငယ်တွေကိုသာ အတင်း လမ်းပေါ်ထွက်ခိုင်းနေကြတာ"

"မစာဥ ပြီးခဲ့တဲ့ရက်က သတင်းထူးတာသိပြီးပြီ မဟုတ်လား။ ကုလမှာ မြန်မာအမျိုးသား တစ်ယောက်ပြောသွားတာလေ။ လက်သုံးချောင်း ထောင်ပြီး သူ့သဘောထားကို ဖော်ပြသွားတာတဲ့"

"သတင်းတွေကြည့်ရင် နှစ်ဖက်အမြင်နဲ့ ကြည့်ရတယ် ကိုသံချောင်းရဲ့။ ကျွန်မက နိုင်ငံပိုင်မီဒီယာတွေလည်း ကြည့်တယ်။ ပြင်ပသတင်းတွေကိုလည်း ယှဉ်ပြီးကြည့်တယ်။ ပြောရရင်တော့ မျှမျှတတကြည့်တာပေါ့ရှင်။ နောက်တစ်နေ့ အဲဒီဆရာကြီးကို နိုင်ငံခြားရေးဝန်ကြီးဌာနက စည်းမျဉ်းတွေနဲ့အညီ ထုတ်ပယ်လိုက်တာတော့ ရှင်လည်းသိမှာပေါ့။ ဒီသတင်းတင်မဟုတ်ဘူး။ နောက်ကွယ်က အချက်အလက်တွေကိုလည်း ကျွန်မက လိုက်ကြည့်တယ်ရှင့်"

"တယ်ဟုတ်တဲ့ မစာဥပါလား။ နောက်ကွယ်မှာ ရှိသေးသတဲ့လားဗျာ"

"ယူအန်မှာ အဲဒီနေ့က အင်ဖော်မယ်ဘရီဖင် (Informal Briefing) လုပ်တယ်လေ။ ရှင်သိအောင်ပြောရရင် အင်ဖော်မယ်ဆိုတာက တရားဝင်မဟုတ်ဘူးပေါ့ရှင်။ အလွတ်သဘောခေါ်မလားပဲ။ အဲဒီလို အလွတ်သဘောတွေ့ကြရင် အခုကျွန်မတို့ စကားပြောသလိုပဲပေါ့ရှင့်။ ထွေရာလေးပါးပြောလို့ရတာပေါ့။ ယူအန်မှာတာဝန်ကျနေတဲ့ ကိုယ်စားလှယ်တွေက မြန်မာနိုင်ငံအခြေအနေနဲ့ပတ်သက်ပြီး ပြောဆိုကြတာပေါ့ရှင်။ အံ့ဩစရာကောင်းတာတစ်ခု အဲဒီပွဲမှာ မြင်ရတယ်ရှင့်"

"အဲဒီလောက်တော့ ကျွန်တော်လည်း သိပါတယ်ဗျာ။ မြန်မာနိုင်ငံက ကုလဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီးဆိုသူက ပြောသင့်ပြောထိုက်တဲ့ နိုင်ငံရဲ့ လက်ရှိအခြေအနေနဲ့ ဦးတည်ချက်တွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ရှေ့လုပ်ငန်းစဉ်တွေကို မပြောဘဲ CRPH ဆိုတဲ့ တရားမဝင်တဲ့ အဖွဲ့ကော်မတီတစ်ခုရဲ့ သတင်းစကားကို ပြောခဲ့တာမဟုတ်လား"

"အဲဒီလောက်နဲ့တော့ ကျွန်မက တကူးတက ပြောနေပါ့မလားရှင့်။ သတင်းအချက်အလက်ခေတ်ကြီးမှာ အားလုံးက သိပြီးသားတွေပဲ။ အဓိကပြောချင်တာက အဲဒီမှာ ရခိုင်ဒေသကပြဿနာတွေကို ကိုယ်စားလှယ်အားလုံးက ကျယ်ကျယ်လောင်လောင် ပြောနေကြတာရှင့်။ အစတုန်းကတော့ မြန်မာ့လက်ရှိ နိုင်ငံရေးကို အားလုံးက တက်တက်ကြွကြွ ပြောကြမယ် ထင်နေတာ။ အမှန်က မြန်မာနိုင်ငံမှာ တပ်မတော်က အာဏာထိန်းလိုက်တဲ့အကြောင်း ဖမ်းဆီးခံရသူတွေပြန်လွှတ်ဖို့နဲ့ တပ်မတော်က အာဏာထိန်းသိမ်းထားတယ်ဆိုပြီး ပြောတာက နည်းနည်း၊ ဒီမိုကရေစီကို တန်ဖိုးထားဖို့နဲ့ ရခိုင်ပြည်နယ်မှာရှိတဲ့ ဘင်္ဂါလီတွေအကြောင်းကို များများ ပြောတာရှင့်။ ဒုက္ခသည်လေးတွေ အကြောင်းကိုလည်း အားရပါးရဆွေးနွေးနေကြတာရှင့်။ မပြီးသေးဘူး ကိုသံချောင်းရေ.. ကျွန်မတို့နိုင်ငံကပဲ ဘင်္ဂါလီတွေကို အကြမ်းဖက်နေခဲ့ကြပုံမျိုးလည်း ထည့်ပြောသွားကြတာရှင့်"

"ဒါတော့ကျွန်တော်လည်း မသိဘူးဗျ။ ခင်ဗျားတို့ အမျိုးသမီးတွေက စပ်စုတဲ့နေရာတော့ ရေဆုံးရေဖျားပဲနော့်။ အဲဒီလိုအကြောင်းအရာပြောဆိုမှုတွေကိုတော့ ကန့်ကွက်သူမရှိကြဘူးလားဗျာ။ ဒါနဲ့ အဲဒီ အစည်းအဝေးက ဘယ်လိုရလဒ်ဖြစ်နိုင်သလဲ"

"မပြောဘူးရှင့်။ သတင်းဖြန့်သူတွေက လိုရာဆွဲပြီးသာ ရေးကြတာ၊ အပြည့်အစုံကို ဝေဖန်ပိုင်းခြားသူက အတော်လေးနည်းတယ် ကိုသံချောင်းရေ။ ဒီအစည်းအဝေးရဲ့ ရလဒ်က အင်ဖော်မယ်ဖြစ်လို့ သိပ်ထူးခြားဖို့ မရှိနိုင်ဘူးရှင့်။ မိန့်ခွန်းအစမှာ ကတည်းက အွန်လိုင်းပေါ်မှာ ဖွဲ့ထားတဲ့အဖွဲ့ကို ကိုယ်စားပြုပါတယ်ဆိုမှတော့ မြန်မာနိုင်ငံရဲ့ သဘောထားကို မဟုတ်တော့တာပေါ့ရှင်။ ဖြစ်နိုင်တဲ့ရလဒ်ဆိုရင် အဲဒီနေ့မှာတက်ရောက်တဲ့ ကုလအထူးသံတမန်ကနေ ကုလအတွင်းရေးမှူးချုပ်ကို ပြောပြမယ်။ အတွင်းရေးမှူးချုပ်က အဖွဲ့ဝင်တွေကို ပြောမယ်။ လုံခြုံရေးကောင်စီမှာ ပြောမယ်။ အထပ်ထပ်ပြောပြီးရင် ထုံးစံအတိုင်း ဝေဖန်သည်၊ ပြစ်တင်သည်၊ ကန့်ကွက်သည်တို့လာမှာပေါ့ရှင့်"

"အပျိုကြီး ခင်ဗျား အထည်တွေ ဘာတွေ ရောင်းမနေနဲ့ဗျ။ နိုင်ငံရေးသမား လုပ်ပါလား။ ခင်ဗျားတော်တော်ကို နိုင်ငံရေးအမြင်တွေရှိလာတာ"

"ဖေ့စ်ဘွတ်ကို ဘဝလို့ထင်တဲ့သူတွေထဲတော့ ကျွန်မမပါဘူး။ ဒါပေမယ့် ကျွန်မက သတင်းတစ်ခု တက်လာတိုင်း နှစ်ဖက်ချိန်တွေးတယ်။ ရှာဖတ်တယ်။ မရှင်းရင် ကွန်းမန့်မှာမေးတယ်။ သိပ်ကို ပြောချင် ဆိုချင် ဆွေးနွေးချင်လာရင် ဂရုဖ်တွေထဲမှာ ဆွေးနွေးငြင်းခုံနေတာဆိုတော့ တော်တော်လေးသိလာရတာပါ။ ရှင်က ကျွန်မကို နိုင်ငံရေးသမား လုပ်ခိုင်းတာလား။ ကျွန်မက အခု နိုင်ငံရေးသမားစစ်စစ် တော်ရေ။ ကျွန်မတင်မဟုတ်ဘူး ရှင်လည်းနိုင်ငံရေးသမားပဲ။ ရှင်တင်မဟုတ်ဘူး လူတိုင်းနိုင်ငံရေးသမားဖြစ်နိုင်တာရှင့်"

"ဟိုးပါ အပျိုကြီးရယ်။ အဲဒီလိုဆိုရင် ခင်ဗျားဆက်ပြောမှာ ကျွန်တော်ကသိပြီးသား။ နိုင်ငံ့ဝန်ထမ်းတွေလည်း ကျရာတာဝန်ကို နိုင်ငံအတွက် ထမ်းဆောင်တယ်။ အဲဒါ နိုင်ငံရေးလုပ်တာ၊ အိမ်ရှင်မတွေ ဟင်းချက်တာကလည်း နိုင်ငံရေးပဲလေ၊ စားဖို့ချောင်နိုင်ငံရေးပေါ့ဗျာ။ ဆရာဝန်၊ သူနာပြုတွေ ပြည်သူတွေကို ဆေးကုပေးတာလည်း နိုင်ငံရေးပဲ၊ ပရဟိတသမားတွေ စေတနာနဲ့လုပ်တာလည်း နိုင်ငံရေးပဲပေါ့။ ပြည်သူတွေအတွက် တစ်ဖက်တစ်လမ်းကနေ အကျိုးရှိအောင်လုပ်သူအားလုံးဟာ နိုင်ငံအရေးကို ကျေပွန်အောင် ထမ်းဆောင်နေတဲ့ နိုင်ငံရေးသမားတွေပေါ့လို့ ပြောမှာမဟုတ်လား"

**ဟိုးပါ အပျိုကြီးရယ်။ အဲဒီလိုဆိုရင် ခင်ဗျားဆက်ပြောမှာ ကျွန်တော်ကသိပြီးသား။ နိုင်ငံ့ဝန်ထမ်းတွေလည်း ကျရာတာဝန်ကို နိုင်ငံအတွက် ထမ်းဆောင်တယ်။ အဲဒါ နိုင်ငံရေးလုပ်တာ၊ အိမ်ရှင်မတွေ ဟင်းချက်တာကလည်း နိုင်ငံရေးပဲလေ၊ စားဖို့ချောင်နိုင်ငံရေးပေါ့ဗျာ။ ဆရာဝန်၊ သူနာပြုတွေ ပြည်သူတွေကို ဆေးကုပေးတာလည်း နိုင်ငံရေးပဲ၊ ပရဟိတသမားတွေ စေတနာနဲ့လုပ်တာလည်း နိုင်ငံရေးပဲပေါ့။ ပြည်သူတွေအတွက် တစ်ဖက်တစ်လမ်းကနေ အကျိုးရှိအောင်လုပ်သူအားလုံးဟာ နိုင်ငံအရေးကို ကျေပွန်အောင် ထမ်းဆောင်နေတဲ့ နိုင်ငံရေးသမားတွေပေါ့လို့ ပြောမှာမဟုတ်လား။**

"အဲသလောက်တော့ သိဦးမှပေါ့ ကိုသံချောင်းရယ်။ ထပ်ပြောလိုက်ဦးမယ်။ သွေးထိုးလိုက်၊ လှုံ့ဆော်လိုက်နဲ့ နိုင်ငံပျက်စီးအောင် ကြံစည်အားထုတ်ပြီး လူထုကို လမ်းပေါ်အတင်းထွက်ခိုင်းလိုခိုင်း၊ ဝန်ထမ်းတွေကို အလုပ်အတင်းအကျပ်မဆင်းခိုင်းတာနဲ့ အရှက်တကွဲအကျိုးနည်းဖြစ်အောင် စော်ကားလှောင်ပြောင်နေတာ၊ တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်နေတဲ့ လုံခြုံရေးတာဝန်ရှိသူတွေကို ဝတ္ထုရားနှောင့်ယှက်နေတာတွေကတော့ နိုင်ငံရေး မဟုတ်ဘူးရှင့်။ နိုင်ငံပျက်စီးရေးသမားတွေပေါ့။ သူတို့က နိုင်ငံရေးသမားဆိုပြီး ပြောနေပေမယ့် လမ်းပေါ်မှာ အသေမခံဘူး။ သေပေးနိုင်မယ့်သူကိုပဲ လမ်းပေါ်တွန်းတင်ပေးကြတာ"

"ဟုတ်ပါပြီဗျာ။ မစာဥကတော့ တကယ့်ကို နိုင်ငံရေးသမား မစာဥပါပဲ.."

စကားပင်မဆုံးသေးမီ သူတို့လမ်းအတွင်းသို့ လူတစ်စုပြေးလွှားဝင်ရောက်လာသည်။ အနောက်မှာ တိုက်ရိုက်ထုတ်လွှင့်ဖို့ ရိုက်ကူးသူတွေလည်း ပါလာ၏။ သပိတ်လမ်းကြောင်းများ ပြိုကွဲလာပုံရသည်။ လမ်းမပေါ်တွင် ပြေးလွှားနေသော လူအုပ်ကြီးကိုကြည့်ကာ တိုင်းပြည်မတည်ငြိမ်သေးသရွေ့ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ဖို့ အရေး အလှမ်းဝေးမည်ကို စိုးရိမ်မိသူ နှစ်ဦးကား တစ်ဦးနှင့်တစ်ဦး ယခင်လိုပင် မကျီစယ်နိုင်တော့ပြီ ဟုသာ....။ ။


ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

# ဂါနာသမ္မတ နာနားအာကူဖိုအက်ဒို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူ

**အက်ခရာ မတ် ၁**

ဂါနာသမ္မတ နာနားအာကူဖိုအက်ဒိုသည် COVAX အစီအစဉ်မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုယနေ့ ခံယူခဲ့ရာ ကမ္ဘာပေါ်တွင် COVAX အစီအစဉ်မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမဦးဆုံး လက်ခံရရှိသည့် နိုင်ငံ့အကြီးအကဲတစ်ဦး ဖြစ်လာသည်။ COVAX အစီအစဉ်သည် ဝင်ငွေနည်းပါးသော ကမ္ဘာ့နိုင်ငံများအတွက် ကာကွယ်ဆေး အခမဲ့လက်လှမ်းမီရရှိပြီး ထိုးနှံပေးရေးအတွက် ဖွဲ့စည်းထားသော ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တစ်ခုဖြစ်သည်။

ဝင်ငွေများပြားသောနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူသူဦးရေ တိုးတက်လာခဲ့သော်လည်း ဝင်ငွေနည်းပါးသော နိုင်ငံများတွင်မူ ပထမအဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန်ပင်လျှင် စောင့်ဆိုင်းနေကြဆဲဖြစ်သည်။



“ကျွန်တော်ကနေစပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ပထမဆုံးခံယူပြီးတော့မှ အဲဒီကာကွယ်ဆေးရဲ့ ဘေးကင်းလုံခြုံမှုသာဓကကို ပြသဖို့ အရေးကြီးပါတယ်။ ဒါမှသာ ကာကွယ်ဆေးထိုးနှံမှုနဲ့ပတ်သက်ပြီး ဂါနာပြည်သူတွေအနေနဲ့ သက်သောင့်သက်သာခံစားနိုင်ကြမှာပါ”ဟု အသက် ၇၆ နှစ်အရွယ် ဂါနာသမ္မတက ကာကွယ်ဆေးထိုးနှံမှုမခံယူမီ ပြောကြားသည်။ ထို့ပြင် ဂါနာသမ္မတ၏ ဇနီးသည် ရယ်ဘက်ကာ အာကူဖို အက်ဒိုကလည်း အဆိုပါကာကွယ်ဆေးကို လက်ခံရရှိခဲ့ကြောင်း သိရသည်။

ဂါနာနိုင်ငံ၏ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအာဏာပိုင်အဖွဲ့သည် နိုင်ငံ၏ လူဦးရေ သန်း ၃၀ ခန့်ရှိသည့်အနက် သန်း ၂၀ ခန့်အား ယခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်ခြင်းနှင့်အတူ အိန္ဒိယနိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် ပြီးခဲ့သည့်လက အတည်ပြုလိုက်သည်။

ဂါနာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဦးဆောင်သော COVAX အစီအစဉ်မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမဆုံး လက်ခံရရှိသည့်နိုင်ငံဖြစ်လာခဲ့သည်။ လက်ရှိအချိန်အထိ ရရှိသည့် ကိန်းဂဏန်းများအရ ဂါနာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၄၀၂၃ ဦးရှိပြီး ၎င်းတို့အနက် ၆၀၇ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ သို့သော် ဂါနာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်မှုအားနည်းသောကြောင့် ရောဂါကူးစက်ခံရသူဦးရေလည်း ထိုထက်မက များပြားနိုင်ကြောင်း သိရသည်။

ဂါနာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် စာသင်ကျောင်းများအား ၁၀ လကြာ ပိတ်ခဲ့ပြီးနောက် ယခုနှစ် ဇန်နဝါရီလမှစ၍ ပြန်လည်ဖွင့်လှစ်ခဲ့သည်။ သို့သော် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဆက်လက်ထိန်းချုပ်ရန် လိုအပ်သေးသည့်အတွက် လူစုလူဝေးပြုလုပ်ခြင်းကို တားမြစ်ထားပြီး ကုန်းနှင့်ရေ နယ်နိမိတ်မျဉ်းများကိုလည်း ဆက်လက်ပိတ်ထားသည်။

တစ်ချိန်တည်းမှာပင် ဂါနာသမ္မတက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု စတင်ဆောင်ရွက်လျက်ရှိသော်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ချမှတ်ထားသည့် လက်ရှိကန့်သတ်မှုအားလုံးကို ဆက်လက်ကျင့်သုံးမည်ဖြစ်ကြောင်း ပြောကြားသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**

## ဖိလစ်ပိုင်၌ ပထမအဆင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ် စတင်ဆောင်ရွက်

**မနီလာ မတ် ၁**

ဖိလစ်ပိုင်အစိုးရသည် တရုတ်နိုင်ငံမှ လှူဒါန်းထားသော CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား လက်ခံရရှိခဲ့ပြီးနောက် တစ်ရက်မပြည့်မီမှာပင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ယနေ့စ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ပြိုင်နက်ထိုးနှံမှုကို မြို့တော်မနီလာရှိ ဆေးရုံများတွင် ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လာမည့်ရက်များတွင် နိုင်ငံ၏အခြားဒေသများရှိ ပြည်သူများကိုလည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ပြောကြားသည်။

ဖိလစ်ပိုင်အစိုးရသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ကျန်းမာရေးဝန်ထမ်းများ၊ သက်ကြီးရွယ်အိုများနှင့် ဝင်ငွေနည်းပါးသော ပြည်သူများမှ စတင်ဆောင်ရွက်ခြင်းအားဖြင့် ယခုနှစ်အတွင်း နိုင်ငံ၏ လူဦးရေ သန်း ၁၁၀ ခန့်ရှိသည့်အနက် သန်း ၇၀ အထိ ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားသည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံသည် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပါအဝင် အမျိုးမျိုးသော ဆေးဝါးကုမ္ပဏီများမှ ကာကွယ်ဆေးအလုံးရေ သန်း ၁၆၀ ကျော်အား ယခုနှစ်အတွင်း ဝယ်ယူရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ၏ ကာကွယ်ဆေးဝယ်ယူရေး တာဝန်ခံ ကာလီတို ဂါလ်ဗက်ဇ်က ပြောကြားသည်။

ဖိလစ်ပိုင်သမ္မတ ဒူတာတေးသည် ယမန်နေ့က ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိလာခဲ့သည့် တရုတ်နိုင်ငံ၏ Sinovac Biotech ဆေးဝါးကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို လက်ခံရရှိခဲ့ပြီးနောက် ယင်းကာကွယ်ဆေးသည် ထိရောက်မှုရှိကြောင်း ပြောကြားသည်။

တရုတ်နိုင်ငံမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပံ့ပိုးပေးမှုကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အစုလိုက်အပြုံလိုက် ထိုးနှံမှုအစီအစဉ်ကို စတင်ခွင့်ရရှိခဲ့သလို ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် ဖိလစ်ပိုင်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှု ခြေလှမ်းသစ်တစ်ခုအဖြစ် ထင်ရှားစေခဲ့သည်။



**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

## အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃ ဒသမ ၉ သန်းနီးပါးရှိလာ

**အဒစ်အဘာဘာ မတ် ၁**

အာဖရိကတိုက်၌ ဖေဖော်ဝါရီ ၂၈ ရက် ညနေပိုင်းအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၈၉၁၀၄၇ ဦး ရှိလာခဲ့ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ယနေ့တွင် ပြောကြားခဲ့သည်။



အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ လက်ရှိတွင် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူပေါင်း ၁၀၃၅၁၉ ဦး ရှိလာခဲ့ကြောင်းလည်း သိရသည်။

ထို့ပြင် အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူပေါင်း ၃၄၆၃၆၇၇ ဦး ရှိလာခဲ့ကြောင်း အဆိုပါရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်သေဆုံးမှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းဒေသမှာ ကိုဗစ်-၁၉ ရောဂါကူးစက်သေဆုံးမှု ဒုတိယအများဆုံးဖြစ်ကြောင်း သိရသည်။

အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်သေဆုံးမှု အများဆုံးနိုင်ငံများမှာ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## ဂျပန်နိုင်ငံကမ်းရိုးတန်းတစ်လျှောက်၌ ပင်လယ်ရေမျက်နှာပြင် စံချိန်တင်မြင့်တက်

**တိုကျို မတ် ၁**

၂၀၂၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ပျမ်းမျှပင်လယ်ရေမျက်နှာပြင်၏ အမြင့်သည် စံချိန်တင်မြင့်တက်ခဲ့ပြီး ပုံမှန်အားဖြင့် ရှစ်စင်တီမီတာကျော် မြင့်တက်ခဲ့သည်ဟု အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ဂျပန်မိုးလေဝသအေဂျင်စီက ဟော့ကိုင်းဒိုးမှ ကျူရှူးကျွန်းအထိ နေရာဒေသ ၁၆ ခုတွင် နှစ်စဉ် ဒီရေပမာဏကို အခြေခံကောက်ယူတွက်ချက်ပြီးနောက် ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

မိုးလေဝသအေဂျင်စီမှ တာဝန်ရှိသူ၏ ပြောကြားချက်အရ ၂၀၂၀ ပြည့်နှစ်တွင် ပင်လယ်ရေမျက်နှာပြင်သည် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ အတွင်း ပျမ်းမျှထက် ၈ ဒသမ ၇ စင်တီမီတာ ပိုမိုမြင့်တက်လာခဲ့သည်ဟု သိရသည်။

ဂျပန်နိုင်ငံတွင် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုအား တိုင်းတာခြင်းကို ၁၉၀၆ ခုနှစ်ကတည်းက စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၏ ကမ်းရိုးတန်းတစ်လျှောက်ရှိ ရေမျက်နှာပြင်သည် ၁၀ နှစ်မှ နှစ် ၂၀ အတွင်း အတက်၊ အကျမတည်မငြိမ်ပြောင်းလဲမှုရှိတတ်ပြီး ၁၉၈၀ ပြည့်နှစ်မှစ၍ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခဲ့ကြောင်း၊ ယင်းမှာကမ္ဘာကြီးပူနွေးမှုဖြစ်စဉ်ကြောင့်ဖြစ်ကြောင်း မိုးလေဝသအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၂၀ ပြည့်နှစ်တွင် ကူရိုရှီမို ရေစီးကြောင်းသည် ဂျပန်ကမ်းခြေနှင့် နီးကပ်စွာစီးဆင်းမှုကြောင့် ပင်လယ်ရေပြင်၏ အပူချိန်ပိုမိုပူနွေးခဲ့ပြီး ရေမျက်နှာပြင်ပိုမိုမြင့်တက်ခဲ့သည်ဟု မိုးလေဝသအေဂျင်စီက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဆရာ ဆရာမများအား မတ် ၃၀ ရက်မတိုင်မီ ကာကွယ်ဆေးထိုးနှံပေးသင့်ဟု ဝန်ကြီးချုပ် ရှိတ်ဟာဆီနာပြောကြား

**ဒါကာ မတ် ၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဆရာ ဆရာမများနှင့် ပညာရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို မတ် ၃၀ ရက်မတိုင်မီ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသင့်ကြောင်း ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတိုင်း ရရှိမည်ဖြစ်ကြောင်းနှင့် ယင်းသို့ရရှိရန်လည်း ကျန်းမာရေးဝန်ကြီးဌာနသို့ ညွှန်ကြားထားပြီးဖြစ်ကြောင်း ရှိတ်ခ်ဟာဆီနာက ပြောကြားခဲ့သည်။ ဘင်္ဂလားဒေ့ရှ်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု လျော့ကျလာခဲ့ခြင်းကြောင့် စာသင်ကျောင်းများကို မတ် ၃၀ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဟု ဖေဖော်ဝါရီ ၂၇ ရက်က ကြေညာခဲ့သည်။ သို့ရာတွင် တက္ကသိုလ်များကိုမူ မေ ၁၇ ရက်ရောက်မှ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၈၅ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၅၄၆၂၁၆ ဦးရှိခဲ့ကာ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ရှစ်ဦးရှိခဲ့ခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၈၄၀၈ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၈၁၇ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၄၉၆၉၂၄ ဦးအထိရှိလာခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**






# Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအသုတ် ဂျပန်လက်ခံရရှိ

**တိုကျို မတ် ၁**

ဂျပန်အစိုးရသည် ကျန်းမာရေးဝန်ထမ်းများအတွက် ၎င်း၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် တိုးချဲ့ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေစဉ် Pfizer ကိုဗစ်-၁၉ ရောဂါ တတိယအသုတ်အား ယနေ့ထပ်မံလက်ခံရရှိခဲ့ကြောင်း သိရသည်။

ပြည်တွင်းအရေးပေါ်သုံးစွဲရန် ဂျပန်နိုင်ငံက အတည်ပြုထားသည့် ပထမအသုတ် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၅၂၆၅၀၀ ခန့်သည် ယနေ့တွင် ဘယ်လ်ဂျီယံနိုင်ငံမှ ဂျပန်နိုင်ငံ နာရီတာ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိခဲ့ပြီး ယခုလအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၂ ဒသမ ဖ၆ သန်း လက်ခံရရှိမည်ဖြစ်ကြောင်း ဂျပန်အစိုးရက ပြောကြားခဲ့သည်။

ထို့အပြင် ပြီးခဲ့သည့်သီတင်းပတ်က အမေရိကန်တွင် အရေးပေါ်သုံးစွဲရန် အတည်ပြုထားသည့် Johnson & Johnson ဆေးဝါးကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ဂျပန်နိုင်ငံတွင် စမ်းသပ်မှုများပြုလုပ်လျက်ရှိကြောင်း ဂျပန်အစိုးရတာဝန်ရှိသူ ကတ်ဆူနာဘူကာတိုက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်း ပြောကြားသည်။

အမေရိကန်အစိုးရသည် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသုံးမျိုးကို အရေးပေါ်သုံးစွဲရန် အတည်ပြုခဲ့ပြီးဖြစ်ရာ ၎င်းတို့အနက် Pfizer နှင့် Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်မျိုးသည် နှစ်ကြိမ်ထိုး ကာကွယ်ဆေး အမျိုးအစားဖြစ်ပြီး Johnson & Johnson ဆေးဝါးကုမ္ပဏီထုတ် ကာကွယ်ဆေးသည် တစ်ကြိမ်တည်းထိုး ကာကွယ်ဆေး အမျိုးအစားဖြစ်ကြောင်း သိရသည်။

ဂျပန်အစိုးရသည် အမေရိကန်နှင့် ဂျာမန်ဆေးဝါးကုမ္ပဏီများက ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၏ ဘေးကင်းလုံခြုံမှုကို ဆန်းစစ်သည့် အစိတ်အပိုင်းအနေဖြင့် နိုင်ငံတစ်ဝန်းရှိ ကျန်းမာရေးဝန်ထမ်း ၄၀၀၀၀ ကျော်တို့အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် ပထမအဆင့်ကို ဖေဖော်ဝါရီ ၁၇ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး ဒုတိယအဆင့် ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ယခုသီတင်းပတ်အတွင်း စတင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အသက် ၆၅ နှစ်နှင့်အထက်ရှိ သက်ကြီးရွယ်အို ၃၆ သန်းခန့်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ယခုနှစ် ဧပြီ ၁၂ ရက်မှ စတင်ဆောင်ရွက်မည်ဟု မျှော်လင့်ရသည်။ ထို့နောက် ဆီးချိုရောဂါကဲ့သို့သော ရောဂါအခံရှိသည့် ပြည်သူများနှင့် ဘိုးဘွားရိပ်သာများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများကို ဆက်လက်ထိုးနှံပေးမည်ဖြစ်ပြီး နောက်ဆုံးတွင် သာမန်ပြည်သူအားလုံးကို ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ကျိုဒိုနယူးစ်**
**ဘာသာပြန် - ဂျော်တီ**

# တောင်ကိုရီးယားနိုင်ငံ၌ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၄ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် မတ် ၁**

တောင်ကိုရီးယားနိုင်ငံ၌ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၄ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၅၆ဦးရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

နိုင်ငံအတွင်း တွေ့ရှိခဲ့သော ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၄ ဦးမှာ ပြည်ပမှ ကူးစက်လာသူများဖြစ်ပြီး ပြည်တွင်းတွင် ကူးစက်မှုမတွေ့ရှိရကြောင်း ရောဂါထိန်းချုပ်ရေးစင်တာမှ ပြောကြားသည်။

နိုင်ငံအတွင်းဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူများတွင် ဗြိတိန်ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၃၃ ဦး၊ တောင်အာဖရိက ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၇ ဦးနှင့် ဘရာဇီးဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ခြောက်ဦးတို့ရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် ဗြိတိန်မှ လေကြောင်းခရီးစဉ်များ နိုင်ငံအတွင်းသို့ ပျံသန်းမှုကို ဒီဇင်ဘာ ၂၃ ရက်မှစတင်ပြီး ပိတ်ပင်ခဲ့သည်။ ပြည်ပမှလာရောက်မည့်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ နှစ်ကြိမ် စစ်ဆေးမှုခံယူရမည်ဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံသို့ မထွက်ခွာမီ ၇၂ နာရီအတွင်း ကိုဗစ်-၁၉ရောဂါကင်းရှင်းကြောင်း ဆေးလက်မှတ်ပြသရမည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၀၀၂၉ ဦးရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**




# အီသီယိုးပီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၁၉ ဦး ထပ်မံတွေ့ရှိ

**အဒစ်အဘာဘာ မတ် ၁**

အီသီယိုးပီးယားနိုင်ငံ၌ ယမန်နေ့က ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၁၉ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၉၀၇၂ ဦးရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံအတွင်းသေဆုံးသူ ၂၃၆၅ ဦးရှိပြီး ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၃၄၈၅၈ ဦးရှိကြောင်း သိရသည်။

အာဖရိက၏ ဒုတိယလူဦးရေအများဆုံး နိုင်ငံဖြစ်သည့် အီသီယိုးပီးယားနိုင်ငံသည် အရှေ့အာဖရိကတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အများဆုံးနိုင်ငံဖြစ်သည်။

နိုင်ငံအတွင်းရှိလူ ၃၆၅ ဦးမှာ ကိုဗစ်-၁၉ရောဂါကြောင့် ကျန်းမာရေးချို့ယွင်းလျက်ရှိကြောင်း သိရသည်။ အီသီယိုးပီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက်သည် အာဖရိကဒေသရှိ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူများ၏ လေးရာခိုင်နှုန်းရှိကြောင်း သိရသည်။

အီသီယိုးပီးယားအစိုးရသည် နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုထိန်းချုပ်နိုင်ရန်အတွက် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများကို လိုက်နာရန် ညွှန်ကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

■

# အိန္ဒိယဝန်ကြီးချုပ် မိုဒီ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူ

**နယူးဒေလီ မတ် ၁**

အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မိုဒီသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူခဲ့ပြီး Covaxin ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ယနေ့တွင် ထိုးနှံခဲ့ကြောင်း သိရသည်။ အဆိုပါ Covaxin ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အိန္ဒိယနိုင်ငံ Bharat Biotech ဆေးဝါးကုမ္ပဏီက ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်ခဲ့ပြီး လက်ရှိတွင် ပြည်သူ ၁၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှု ဒုတိယကာလကို မတ် ၁ ရက်တွင် စတင်ခဲ့ပြီး ဝန်ကြီးချုပ် မိုဒီက နယူးဒေလီအခြေစိုက် အိန္ဒိယဆေးဘက်ဆိုင်ရာသိပ္ပံဌာနရှိဆေးရုံ၌ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ခြင်းဖြစ်သည်။

ပုဂ္ဂလိကကျန်းမာရေးဌာနများ၌ ကာကွယ်ဆေးထိုးနှံမှုအတွက် တစ်ဦးလျှင် ရူပီး ၂၅၀ ကုန်ကျနေစဉ် အစိုးရဆေးရုံများနှင့် ကျန်းမာရေးစင်တာများတွင်မူ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အခမဲ့ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ကာကွယ်ဆေးထိုးနှံမှုများ လုပ်ဆောင်လျက်ရှိသော်လည်း အိန္ဒိယနိုင်ငံ၌ နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် ၁၅၀၀၀ ကျော်ရှိနေကြောင်း သိရသည်။ အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်သောအချက်အလက်များအရ မဟာရက်ရှ်ထရာ၊ ကီရာလာ၊ ပန်ဂျပ်၊ ကာနာတာကာ၊ တမီလ်နာဒူးလ်နှင့် ဂူဂျာရက်ပြည်နယ်တို့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၁၁၁၂၄၁ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၅၇၁၅၇ ဦးရှိသွားပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။




**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# ဗြိတိန်နိုင်ငံ၌ လူဦးရေ သန်း ၂၀ ကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးပြီးဖြစ်

**လန်ဒန် မတ် ၁**

ဗြိတိန်နိုင်ငံ၌ လူဦးရေ သန်း ၂၀ ကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် ယင်းအရေအတွက်သည် နိုင်ငံလူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ယင်းသို့ နိုင်ငံလူဦးရေ၏ ၃၀ ရာခိုင်နှုန်းအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်မှုမှာ အမျိုးသားကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် နိုင်ငံအတွင်း လုပ်ဆောင်နေသည့် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် ပါဝင်ဆောင်ရွက်နေသူများ၏ မဆုတ်မနစ်သော လုပ်ဆောင်မှုကြောင့်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောကြားခဲ့သည်။

ဗြိတိန်အစိုးရသည် ဇူလိုင်လမကုန်မီကာလအတွင်း အသက် ၁၈ နှစ်အထက်ရှိသည့်ပြည်သူအားလုံးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးပြီးဖြစ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ပထမအကြိမ်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူများသည် သီတင်း ၁၂ ပတ်အတွင်း ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူရမည်ဖြစ်ကြောင်းလည်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံ၌ ဇန်နဝါရီလအတွင်းက တစ်ခါတစ်ရံတွင် နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည် ၆၀၀၀၀ ခန့်အထိ ရှိခဲ့ကြောင်းလည်း သိရသည်။ သို့ရာတွင် ဗြိတိန်နိုင်ငံ၏ အာဏာပိုင်အဖွဲ့အစည်းများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာကန့်သတ်ချက်များကို ချမှတ်ခဲ့ခြင်း၏ အကျိုးသက်ရောက်မှုကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်မှု ပြန်လည်လျော့ကျလာခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ဗြိတိန် အစိုးရကလည်း နိုင်ငံအတွင်း ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို တဖြည်းဖြည်းဖြေလျှော့ပေးရန် စီစဉ်ခဲ့ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | | |
|---|---|---|---|
| | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၁၄၇၅၆၈၁၉ | ဦး |
| | သေဆုံးသူ | ၂၅၄၄၄၇၅ | ဦး |
| | ပြန်လည်ကျန်းမာလာသူ | ၉၀၃၀၈၅၃၅ | ဦး |

# အာဂျင်တီးနားနိုင်ငံ၌ ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများ ထပ်မံတိုးမြှင့်သည့် အမိန့်ထုတ်ပြန်

**ဗျူနိုအေးရိစ် မတ် ၁**

အာဂျင်တီးနားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုလျှော့ချရန်အတွက် လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရေး စည်းမျဉ်းများအပါအဝင် ကျန်းမာရေးစည်းမျဉ်းများကို မတ် ၁၂ ရက်အထိ တိုးမြှင့်သည့် အမိန့်တစ်ရပ်ကို ယမန်နေ့က ထုတ်ပြန်ခဲ့သည်။

အဆိုပါကျန်းမာရေးဆိုင်ရာစည်းမျဉ်းများကို သမ္မတ အယ်လ်ဘာတို ဖာနန်ဒက်စ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အဆိုပါကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာကျန်းမာရေးစည်းမျဉ်းများတွင် လူတစ်ဦးနှင့်တစ်ဦး နှစ်မီတာခြားပြီး နေထိုင်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် နှာခေါင်းစည်းတပ်ဆင်ခြင်းနှင့် လက်ကို ဂရုတစိုက်ဆေးကြောခြင်းတို့ ပါဝင်သည်။

၎င်းအပြင် နှာချေ၊ ချောင်းဆိုးရာတွင် လက်ဖြင့်ကာပြီး နှာချေ ချောင်းဆိုးခြင်းပြုလုပ်ရန်၊ လူအများအပြားနေထိုင်သော အခန်းများတွင် လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်နှင့် ကျန်းမာရေးတာဝန်ရှိသူများချမှတ်ထားသော စည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရန် အဆိုပါအမိန့်တွင် ညွှန်ကြားထားသည်။ ဒေသအလိုက် ကိုဗစ်-၁၉ရောဂါဖြစ်ပွားမှုအခြေအနေပေါ်မူတည်ပြီး စာသင်ကျောင်းများတွင် ကျောင်းသားများကိုယ်တိုင်တက်ရောက်သင်ကြားနိုင်ရေးဆောင်ရွက်ရန်လည်း အဆိုပါအမိန့်တွင် သတ်မှတ်ထားသည်။

ဘာသာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာနှင့် မိသားစုတွေ့ဆုံပွဲများကို အိမ်အတွင်းတွင် လူ ၂၀ ကျော်ဖြင့် ဆောင်ရွက်နိုင်ပြီး နေအိမ်ပြင်ပတွင် ကျင်းပသော အဆိုပါအခမ်းအနားများကို လူ ၁၀၀ ထက်မပိုစေဘဲ ကျင်းပနိုင်ကြောင်း အဆိုပါအမိန့်တွင် သတ်မှတ်ထားသည်။

အာဂျင်တီးနားနိုင်ငံတွင် ယနေ့အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၀၄၁၉၇ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၅၁၉၄၆ဦးရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# ပြည်ထောင်စုဝန်ကြီး(ဟောင်း) ဒေါက်တာဝင်းမြတ်အေးအား ဥပဒေနှင့်အညီ ထပ်မံအမှုဖွင့်အရေးယူ

**နေပြည်တော် မတ် ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ဟောင်း) ဒေါက်တာဝင်းမြတ်အေးသည် ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အရှိန်အဝါကို အသုံးပြု၍ ယင်းဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေရန် လှုံ့ဆော်ခြင်း၊ ညွှန်ကြားခြင်းကြောင့် ဝန်ထမ်းများ တာဝန်ပျက်ကွက်မှု၊ ဆူပူဆန္ဒပြမှုများတွင် ပါဝင်စေမှုများ ဖြစ်ပေါ်လာအောင် လှုံ့ဆော်ရာရောက်သဖြင့် ၎င်းအား ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် သက်ဆိုင်ရာရဲစခန်း၌ အမှုဖွင့်ထားရှိပြီး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂၄ ရက်တွင် သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး(ဟောင်း)ဒေါက်တာဝင်းမြတ်အေးသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ သံသယရှိဖွယ် စာရင်းဇယားနှင့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာ ရှင်းလင်းရန်ရှိသည်များ ရှင်းလင်းရန် ခေါ်ယူခြင်းကို လာရောက်ရှင်းလင်းရန် ပျက်ကွက်ခြင်း၊ ဝန်ကြီးဌာန၏ အထွေထွေပို့လျှံငွေအား အသုံးပြု၍ ဆောင်ရွက်ထားသော ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ဆေးဝယ်ယူမှုနှင့်ပတ်သက်၍ ရှင်းလင်းရန် ခေါ်ယူခြင်းအား လာရောက်ရှင်းလင်းရန် ပျက်ကွက်ခြင်းတို့ကြောင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ယနေ့တွင် ထပ်မံအမှုဖွင့်ထားကြောင်း သိရှိရသည်။ သို့ဖြစ်ပါ၍ ၎င်းနှင့်ပတ်သက်၍ သတင်းရရှိပါက နီးစပ်ရာရဲစခန်းများနှင့် နေပြည်တော် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ သတင်းပေးတိုင်တန်းရန် ထုတ်ပြန်ထားသည့် ဖုန်းနံပါတ်များသို့ သတင်းပေးတိုင်တန်းနိုင်ကြောင်းနှင့် လက်ခံထားသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## ကျောက်ကြီးမြို့နယ်၌ ဆိုင်ကယ်မောင်းနှင်သူနှစ်ဦး ကားမိုင်းနင်းမိကာ သေဆုံး

**ကျောက်ကြီး မတ် ၁**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မူသဲကျေးရွာမှ ကျောက်ကြီးမြို့ပေါ်သို့ ဈေးဝယ်ရန် ဆိုင်ကယ်မောင်းနှင်လာသူနှစ်ဦးသည် ယနေ့နံနက် ၇ နာရီခွဲခန့်က ကားမိုင်းနင်းမိကာ သေဆုံးခဲ့ကြောင်း သိရသည်။

သေဆုံးသူများသည် ကျောက်ကြီးမြို့နယ် ခဲဒိုးကျေးရွာအုပ်စု မူသဲကျေးရွာနေသူများဖြစ်သည့် စောလေးဖားစားနှင့် နော်မေရှမ်းတို့ဖြစ်ကြပြီး ၎င်းတို့အပါအဝင် ကျေးရွာနေပြည်သူ ၁၀ ဦးတို့သည် ဆိုင်ကယ်ငါးစီးဖြင့် ၎င်းတို့ကျေးရွာမှ ကျောက်ကြီးမြို့သို့ ဈေးဝယ်ရန် ဆိုင်ကယ်ဖြင့်ထွက်လာခဲ့ကြရာ ဗြဒါးချောင်းအနီးတွင် ဒေသန္တရကားမိုင်းအား ဆိုင်ကယ်ဖြင့် နင်းမိရာမှ ပေါက်ကွဲထိမှန်ခဲ့ရာ စောလေးဖားစားနှင့် နော်မေရှမ်းတို့မှာ နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**

# သီပေါမြို့ ရီရှင်းရွှေဆိုင်မှ ရွှေများ လုယက်ထွက်ပြေးသွားသူအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**သီပေါ မတ် ၁**

သီပေါမြို့ မြို့မဈေးတောင်ဘက်ခြမ်း အပြင်တန်းရှိ ရီရှင်းရွှေဆိုင်မှ ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက ရွှေဆွဲကြိုးမျိုးစုံ အကုံး ၅၀ ခန့်ကို ဆိုင်အတွင်းရှိ အမျိုးသမီးနှစ်ဦးအား သေနတ်ဖြင့်ချိန်၍ လုယက်ထွက်ပြေးသွားမှုဖြစ်ပွားခဲ့သည်။

အဆိုပါအမှုကျူးလွန်သူများ ဖမ်းဆီးရမိရေးအတွက် သီပေါမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝေဖြိုးကျော်၏ အနီးကပ်ကြီးကြပ်မှုဖြင့် စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်ခဲ့ပြီး အနီးပတ်ဝန်းကျင်မြို့နယ်များသို့လည်း ချိတ်ဆက်ပေးပို့၍ စီမံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထိုသို့ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုကြောင့် မိုင်းရယ်မြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူးကျော်သိန်းနိုင်က အဆိုပါပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိထားကြောင်း ဆက်သွယ်အကြောင်းကြားလာချက်အရ သီပေါမြို့မရဲစခန်းမှူး ဒုရဲမှူးထွန်းထွန်းလင်း ဦးစီးသော အဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက်က မိုင်းရယ်မြို့သို့ သွားရောက်ပြီး စိုင်းလောဝ်ငင်းအား မေးမြန်းစစ်ဆေးခဲ့သည်။ ထိုသို့ မေးမြန်းစစ်ဆေးစဉ် စိုင်းလောဝ်ငင်းက ၎င်းသည် သီပေါမြို့ ရီရှင်းရွှေဆိုင်မှ ရွှေများကို သေနတ်ပြချိန်ရွယ်ကာ လုယက်ခဲ့ကြောင်း ဝန်ခံထွက်ဆိုသဖြင့် မိုင်းရယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ပြစ်မှုကျူးလွန်သူအား ခေါ်ဆောင်ကာ မိုင်းရယ်မြို့နယ် ဟိုယကျေးရွာရှိ နေအိမ်သို့ သွားရောက်စစ်ဆေးခဲ့ကြသည်။ နေအိမ်တွင် စိုင်းလောဝ်ငင်း၏ ဇနီးဖြစ်သူ ဒေါ်ထွေးခင်၊ သမီးမမွမ်းစိန်၊ တူမ မယုအောင်နှင့် တူကြူစိုက်တင်တို့ကို အသင့်တွေ့ရှိရပြီး ပူးပေါင်းအဖွဲ့က နေအိမ်အတွင်း ရှာဖွေခဲ့ကြရာ နေအိမ်အိပ်ခန်းအဝင်ပေါက်ယာဘက်အတွင်းရှိ ရေခဲသေတ္တာအောက်တွင် ပလပ်စတစ်ကော်ဘူးအတွင်း၌ ထည့်သွင်းသိမ်းဆည်းထားသော ရွှေဆွဲကြိုး ၃၁ ကုံး၊ နေအိမ်အတွင်း ဘုရားစင်ရှေ့ရှိ အဝတ်ပုံးများအတွင်း၌ ရွှေဆွဲကြိုးသုံးကုံး၊ ဒေါ်ထွေးခင်၏ လည်ပင်းတွင် ဝတ်ဆင်ထားသည့် ရွှေဆွဲကြိုးတစ်ကုံး စုစုပေါင်း ဆွဲကြိုး ၃၅ ကုံး၊ အလေးချိန် စုစုပေါင်း ၃၁ ကျပ်သားရှစ်ပဲခန့်နှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော ယာဉ်တစ်စီးတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။



သီပေါမြို့မရဲစခန်းမှူး ဒုရဲမှူး ထွန်းထွန်းလင်း ဦးစီးသောအဖွဲ့က ပြစ်မှုကျူးလွန်သူ စိုင်းလောဝ်ငင်း၊ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ထွေးခင်နှင့် သမီး၊ တူ၊ တူမတို့ကို သီပေါမြို့သို့ ခေါ်ဆောင်လာပြီး အမှုနှင့်ပတ်သက်၍ သီပေါမြို့မရဲစခန်းက အရေးယူစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သီပေါရဲတပ်ဖွဲ့ထံမှ သိရသည်။

**သတင်းစဉ်**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၀၁ စီး၊ သွင်းကုန် ၇၆ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၅၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သောကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၈ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂၀၀ သန်း) တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ Lactasoy Soy Milk (125 ml) (1x60) 200Pkgs အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျိုင်းတုံမြို့နယ်၌ ဆိုလာမီးဖြင့် ဘက်ထရီအားသွင်းရာမှ မီးကြိုးအပူလွန်ကဲပြီး မီးလောင်

**ကျိုင်းတုံ မတ် ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် သာယာကုန်းကျေးရွာ၌ ယမန်နေ့ ညနေ ၃ နာရီခန့်က ဆိုလာမီးဖြင့် ဘက်ထရီအားသွင်းရာမှ မီးကြိုးအပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျိုင်းတုံမြို့နယ် သာယာကုန်းကျေးရွာနေ ဦးမဲသဲသည် ယမန်နေ့ ညနေ ၃ နာရီခန့်က ၎င်းနေအိမ်တွင် ဆိုလာမီးဖြင့် ဘက်ထရီအားသွင်းရာမှ မီးကြိုးအပူလွန်ကဲပြီး ဆိုလာပြားမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ သွပ်မိုး၊ ထရံကာ ခြေတံရှည် နေအိမ်နှစ်လုံး မီးလောင်ကျွမ်းသွားခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးမဲသဲအား ကျိုင်းတုံမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# ဥပဒေရေးရာ သိမှတ်စရာ(၁)

ဦးရွှေနေ

**အရေးပေါ်အခြေအနေ**

နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်က နိုင်ငံတော်တာဝန်ကိုခေတ္တတာဝန်ယူ ထိန်းသိမ်းထားသည့်ကာလ ဖြစ်ပေသည်။ ဤ အခြေအနေတွင် ဥပဒေရေးရာသိမှတ်စရာများကို ရှေ့နေတစ်ဦးအနေဖြင့် မျှဝေတင်ပြပါရစေ။

ဥပဒေစကားလုံးများမှာ အများပြည်သူ နားလည်နိုင်ရန် ခက်ခဲတတ်ပေသည်။ သို့ရာတွင် တတ်နိုင်သမျှ ရှင်းရှင်းလင်းလင်းဖြစ်အောင် ကြိုးပမ်းတင်ဆက်သွားပါမည်။ မူရင်းဥပဒေပြဋ္ဌာန်းချက်များကိုမူ မူရင်းအတိုင်း ဖော်ပြရမည်သာ ဖြစ်ပါသည်။

စာရေးသူ၏အာဘော်ကို အဓိကထား၍ မတင်ပြဘဲ ဥပဒေပြဋ္ဌာန်းချက်ကိုသာ အလေးပေး ရေးသားရပေမည်။

သို့ရာတွင် လူထုနှင့်နီးစပ်သော အများ နားလည်သော စကားလုံးအသုံးအနှုန်းများကို ရွေးထုတ်သုံးစွဲပါမည်။ ရှင်းလင်းချက်များ ဖော်ပြပေးပါမည်။ သတင်းစာအရေးအသား ဖြစ်ပါမည်။ ဥပဒေကျမ်း၊ ဥပဒေပညာရှင် အရေးအသားမျိုးကို ရှောင်ရှားပါသည်။ သိမှတ်စေချင်သော စေတနာ အဓိက ဖြစ်ပါသည်။

**ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄**

ပုဒ်မ ၁၄၄ ဆိုတာ ဘာလဲ။

ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ ၏ အဓိပ္ပာယ်ကို အောက်ပါအတိုင်း လေ့လာဖတ်ရှုနိုင် ပါသည်-

ရာဇဝတ်ကျင့်ထုံး ဥပဒေအခန်း(၁၁)ကို ရည်ညွှန်းပါသည်။

**ခေါင်းစဉ်**

အဆောတလျင်ဖြစ်သည့် စိတ်ငြိုငြင်စေမှုကို သို့မဟုတ် အန္တရာယ်ဖြစ်လိမ့်မည်ဟု စိုးရိမ်ဖွယ်ရာ ရှိသည့်အမှုများတွင် ချမှတ်နိုင်သည့် ယာယီအမိန့် များအကြောင်း ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

**အင်္ဂလိပ်ဘာသာ**

အင်္ဂလိပ်ဘာသာအားဖြင့် ဖော်ပြခွင့်ပြုပါ။ Temporary Orders in Urgent Cases of Nuisance or Apprehended Danger ဟူ၍ဖော်ပြ ပြဋ္ဌာန်းထားသည်ကို ဗဟုသုတအနေနှင့် မှတ်သား နိုင်ပေသည်။

**ပုဒ်မ ၁၄၄ အနှစ်သာရ**

ဤပုဒ်မသည် အခွင့်ရအာဏာပိုင်ကြီးက မတရား ဟန့်တားနှောင့်ယှက်မှုဖြစ်စေ၊ လူ့အသက်၊ ကျန်းမာရေး သို့မဟုတ် လုံခြုံရေးကို ထိခိုက်မှုဖြစ်စေ၊ ငြိမ်ဝပ်ပိပြားရေးကို နှောင့်ယှက်မှုဖြစ်စေသည့် အဆောတလျင် စိတ်ငြိုငြင်စေမှု သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေမည့် အမှုများတွင် ချက်ချင်း တားဆီးဟန့်တားရန် ယာယီအမိန့်ထုတ်ဆင့်ခြင်း ဖြစ်ပေသည်။

**ပုဒ်မ ၁၄၄ လုပ်ပိုင်ခွင့်**

ပုဒ်မ ၁၄၄ ပါ လုပ်ပိုင်ခွင့်များကို ပြည်သူ့ကောင်စီ အဆက်ဆက်နှင့် အလုပ်အမှုဆောင် အဆက်ဆက် တို့၏ လုပ်ပိုင်ခွင့် ဥပဒေပုဒ်မ ၃၃ (ည) ပြည်နယ်နှင့် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ လည်းကောင်း၊ ပုဒ်မ ၈၉ (၃) အရ မြို့နယ်ပြည်သူ့ ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ လည်းကောင်း အပ်နှင်းခဲ့ပေသည်။

စကားရပ်များအစားထိုးသည့် ဥပဒေအမှတ် (၈/၈၈) အရ "ပြည်နယ်၊ တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့" ကို "ပြည်နယ်၊ တိုင်းအဆင့်၊ ခရိုင်အဆင့် သက်ဆိုင်ရာ ဦးစီးဌာန၊ ရဲတပ်ဖွဲ့ သို့မဟုတ် ကော်ပိုရေးရှင်းအကြီးအကဲ" ဟုလည်းကောင်း၊ "မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့" ကို "မြို့နယ်အဆင့် သက်ဆိုင်ရာဦးစီးဌာန၊ ရဲတပ်ဖွဲ့ သို့မဟုတ် ကော်ပိုရေးရှင်း အကြီးအကဲ" ဟု လည်းကောင်း အစားထိုးထားပေသည်။

**တည်ဆဲကာလအခြေအနေ**

တည်ဆဲကာလအခြေအနေတွင် သက်ဆိုင်ရာ ဦးစီးဌာန၊ သက်ဆိုင်ရာအကြီးအကဲများက ပေးအပ် ထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ကို ကျင့်သုံး ဆောင်ရွက်လျက်ရှိပေသည်။

**ငြိစွန်းဖွယ်ပုဒ်မများ**

အကြမ်းဖက်ဆူပူမှုများတွင် အောက်ပါ ရာဇသတ်ကြီး ပုဒ်မများနှင့် ငြိစွန်းဖွယ်ရှိပေသည်။

**ရာဇသတ်ကြီးပုဒ်မ ၁၄၃**

ဥပဒေနှင့် ဆန့်ကျင်သောအစုအဝေး၌ ပါဝင်သူ သည် ရာဇသတ်ကြီးပုဒ်မ ၁၄၃ နှင့် ငြိစွန်းပါသည်။ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးဖြစ်မြောက် စေသည့်အကြောင်းခြင်းရာများကို သိပါလျက်နှင့် ထိုအစုအဝေးတွင် တမင်ပါဝင်လျှင် သို့မဟုတ် ဆက်လက်ပါဝင်နေလျှင် ထိုသူသည် ဥပဒေနှင့် ဆန့်ကျင်သောအစုအဝေးတွင် ပါဝင်သူဖြစ်ပေမည်။

ထိုသူကိုခြောက်လအထိ ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည်ဖြစ်ပေသည်။

**ပုဒ်မ ၁၄၃ အနှစ်သာရ**

ဤပုဒ်မမှာ လူစုခွဲရန် အမိန့်မပေးမီ လူ ၅ ဦး ထက်ပို၍ ပါဝင်သည့် ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်သူတစ်ဦးဦးအတွက် ပြစ်ဒဏ် ဖြစ်ပေသည်။ ဤတွင် သေစေလောက်သော လက်နက် စွဲကိုင်၍ ပါဝင်သူဖြစ်လျှင် ပုဒ်မ ၁၄၄ နှင့် သက်ဆိုင် မည်။ လူစုခွဲရန် အမိန့်ပေးပြီးနောက် ဆက်လက် ပါဝင်နေပါက ပုဒ်မ ၁၄၅ နှင့် သက်ဆိုင်ပေမည်။

**ရာဇဝတ်ကျင့်ထုံးဇယား - ၂**

- ပုဒ်မ ၁၄၃ မှာ ရဲအရေးပိုင်ပါသည်။
- သမ္မန်စာထုတ်ဆင့်ရပါသည်။
- အာမခံပေးရပါမည်။
- ကျေအေးခွင့်မရှိပါ။
- မည်သည့်တရားသူကြီးကမဆို စစ်ဆေးစီရင်နိုင် ပါသည်။
- ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ အမှတ်-၁၆/၂၀၁၆ ကိုရည်ညွှန်းလျက် ယခုကဲ့သို့ ဖော်ပြ ခြင်းဖြစ်ပါသည်။

**ရာဇသတ်ကြီး ပုဒ်မ ၁၄၄ အကြောင်း**

ကျင့်ထုံးပုဒ်မ ၁၄၄ နှင့် ရာဇသတ်ကြီးပုဒ်မ ၁၄၄ မှာ ကိန်းဂဏန်းတူသော်လည်း အဓိပ္ပာယ် မတူ ပါ။ ပြဋ္ဌာန်းချက်မတူပါ။ ရောထွေးမမှတ်သားမိစေရန် သတိပြုကြစေချင်ပါသည်။

ရာဇသတ်ကြီးပုဒ်မ ၁၄၄ ၏ အဓိပ္ပာယ်မှာ ဥပဒေ နှင့် ဆန့်ကျင်သော အစုအဝေးတွင် သေစေလောက် သော လက်နက်ကိုစွဲကိုင်ကာ ပါဝင်ခြင်းဟုဖြစ်ပါ သည်။

မည်သူမဆို သေစေလောက်သောလက်နက်ကို သို့မဟုတ် ရန်မူသော လက်နက်အဖြစ်ဖြင့် အသုံးပြု ခဲ့သော် သေစေတန်ရာသော အရာဝတ္ထုကို ကိုင်စွဲလျက် ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်သူ ဖြစ်လျှင် ထိုသူကို နှစ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည်။

**ပုဒ်မ ၁၄၄ ပြင်ဆင်ချက်**

ဤပုဒ်မမှာ လူစုခွဲရန် အမိန့်မပေးမီ သေစေ လောက်သော လက်နက်စွဲကိုင်၍ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်သူအတွက် ပြစ်ဒဏ်ဖြစ်ပြီး ထိုလက်နက်မျိုး မကိုင်သူအတွက် ပုဒ်မ ၁၄၃ နှင့်သာ သက်ဆိုင်မည်ဖြစ်ပေသည်။ လူစုခွဲရန် အမိန့်ပေးပြီးနောက် ဆက်လက်ပါဝင်နေ ပါက ပုဒ်မ ၁၄၅ နှင့် သက်ဆိုင်မည်ဖြစ်ပေသည်။

**ကျင့်ထုံးဇယား - ၂**

- ပုဒ်မ ၁၄၄ မှာ ရဲအရေးပိုင်ပေသည်။
- ဦးစွာ ဝရမ်းထုတ် စစ်ဆေးဖမ်းဆီးနိုင်ပေသည်။
- အာမခံပေးရမည်။
- ကျေအေးခွင့်မရှိ။
- မည်သည့်တရားသူကြီးကမဆို စစ်ဆေးစီရင် နိုင်သည်။
- ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေအမှတ် -၁၆/၂၀၁၆ ကို ရည်ညွှန်းဖော်ပြခြင်း ဖြစ်ပေသည်။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက် ဥပဒေပြင်ဆင်ချက်များနှင့် (လိုအပ်က) တိုက်ဆိုင် လေ့လာဖတ်ရှုနိုင်ပါကြောင်း အကြံပြုအပ်ပါ သည်။

**ဥပဒေဗဟုသုတ**

**လေ့လာဖတ်ရှုရေး**

ရာဇသတ်ကြီးသည် ဥပဒေလောကတွင် အဓိကအရေးပါသော ပြဋ္ဌာန်းချက်ဖြစ်ပေသည်။ မွေးသည်မှ သေသည်အထိ "လူ"နှင့် ပတ်သက်သမျှ ပြဋ္ဌာန်းချက်ဖြစ်သည်ဟုရေးလျှင် လွန်မည်မဟုတ် ပေ။ ရာဇဝတ်ကျင့်ထုံးသည် ရာဇသတ်ကြီးနှင့် ညီအစ်ကိုပမာ ဒွန်တွဲလျက် တည်ရှိပေသည်။ ဘယ်လို ကျင့်ထုံး၊ ဘယ်လိုသုံးရမည်ကို ဆက်လက်ဖော်ပြ ပြဋ္ဌာန်းထားခြင်းပင်ဖြစ်ပေသည်။ ရှေ့နေတစ်ဦး အနေဖြင့် ဥပဒေဗဟုသုတကို အများပြည်သူ နားလည်အောင် ကြိုးပမ်းရေးသားလိုက်ပါသည်။ ဥပဒေဗဟုသုတ လေ့လာကြပါ၊ ဖတ်ရှုကြပါဟု တိုက်တွန်းနှိုးဆော်ချင်ပါသည်။

**ဆက်နွှယ်သောပုဒ်မများ**

ဤဆောင်းပါးတစ်ပုဒ်တည်းနှင့် မပြည့်စုံနိုင် ပါသောကြောင့် ဥပဒေရေးရာ သိမှတ်စရာများကို အခန်းဆက် ရေးသားတင်ပြသွားပါမည်။ တရား ဥပဒေစိုးမိုးရေးသာ အဓိကဦးတည်ချက်ထား၍ ဉာဏ်မီသမျှ ရိုးသားစွာတင်ပြရခြင်းဖြစ်ပြီး မည်သည့်ပါတီနိုင်ငံရေးနှင့်မျှ ပတ်သက်ခြင်းမရှိ သည်ကို ရှေ့နေတစ်ဦးအနေဖြင့် ရိုသေလေးစားစွာ ဖြင့် စာဖတ်ပရိသတ်များသို့ ကနဦး အစီရင်ခံအပ်ပါ သည်။ မည်သည့်အစိုးရတက်တက် ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံး ဥပဒေများကတော့ တည်တံ့နေ မည်သာ၊ ပြည်သူများ လိုက်နာနေကြရမည်သာ ဖြစ်ပေသည်ဟု ယုံကြည်မိသည်။ ။

**ရာဇသတ်ကြီးသည် ဥပဒေလောကတွင် အဓိကအရေးပါသော ပြဋ္ဌာန်းချက် ဖြစ်ပေသည်။ မွေးသည်မှ သေသည်အထိ "လူ"နှင့်ပတ်သက်သမျှ ပြဋ္ဌာန်း ချက်ဖြစ်သည်ဟုရေးလျှင် လွန်မည်မဟုတ်ပေ။ ရာဇဝတ်ကျင့်ထုံးသည် ရာဇသတ်ကြီးနှင့် ညီအစ်ကိုပမာ ဒွန်တွဲလျက်တည်ရှိပေသည်။ ဘယ်လို ကျင့်ထုံး၊ ဘယ်လိုသုံးရမည်ကို ဆက်လက်ဖော်ပြ ပြဋ္ဌာန်းထားခြင်းပင် ဖြစ်ပေသည်။**

## ညောင်ဦးမြို့နယ် ကျေးလက်နေပြည်သူများ ပွင့်လင်းရာသီ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေဂါလန် ၂၂၀၀ လှူဒါန်း

**ညောင်ဦး မတ် ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကောင်းပင်စည်ကျေးရွာ ပွင့်လင်းတဲတိုက်တွင် ဒေသခံကျေးလက်နေပြည်သူများ ပွင့်လင်းရာသီ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ယနေ့နံနက်ပိုင်းက ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာနေ ပရဟိတရေလှူအဖွဲ့က သောက်သုံးရေဂါလန် ၂၂၀၀ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရ သည်။

ညောင်ဦးမြို့နယ် ကောင်းပင်စည်ကျေးရွာ ပွင့်လင်းတဲတိုက်တွင် အိမ်ခြေ ၃၅ အိမ်ခန့်(လူဦးရေ ၁၅၀ ကျော်) နေထိုင်လျက်ရှိပြီး ဒေသခံ ပြည်သူများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင်ကြကြောင်းသိရကာ ယခုနှစ်တွင် မိုးရွာသွန်းမှုလျော့နည်းခဲ့ သဖြင့် မြေသားမိုးရေလှောင်ကန်များတွင် ရေဝင်ရောက်မှုနည်းကာ သောက်သုံးရေ အခက်ကြုံတွေ့နေရကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းက ကောင်းပင်စည်ကျေးရွာ ပွင့်လင်းတဲတိုက်ရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေအခက်အခဲ ကြုံတွေ့နေရ ကြောင်းသိရ၍ ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာနေ ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတရေလှူအဖွဲ့က ပွင့်လင်းရာသီကာလ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ရေသယ်ယာဉ်တစ်စီးဖြင့် သွားရောက်ကာ သောက်သုံးရေဂါလန် ၂၂၀၀ အား စနစ်တကျ လှူဒါန်း ပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# မေတ္တာပို့သ အမျှဝေ

ရှာသားဖိုးမောင်

**❂ ဝန်ထမ်းဘဝဟာ ကိုယ်ပိုင်လွတ်လပ်ခွင့်တွေ ပေးဆပ်အနစ်နာခံရတာတွေ အလွန်ကြီးမား များပြားပေမယ့်လည်း အလုပ်ခွင်မှာ ပျော်ရွှင်တယ်။ လုပ်ဖော်ကိုင်ဖက်တွေက စည်းလုံးတယ်။ တစ်ယောက်အတွက် တစ်ယောက်က အသက်ပေးပြီး သံယောဇဉ်ကြီးကြတဲ့ ရဲဘော်ရဲဘက်စိတ် မေတ္တာသံယောဇဉ်ရှိကြ။**

**❂ ပြည်သူလူထုက ဝန်ထမ်းကောင်းတွေကို လေးစားရိုသေကြတယ်။ အနစ်နာခံမှု၊ ထမ်းဆောင်မှုစေတနာတွေကို တန်ဖိုးထားကျေးဇူးတင်ကြတယ်။ အဲဒါတွေက ဝန်ထမ်းဘဝ မချမ်းသာကြပေမယ့် ကျေနပ်ဂုဏ်ယူနိုင်။**

'သူငယ်ချင်း၊ မင်းကို ချစ်သူခင်သူအင်မတန်များတယ်နော်'

'သိပါတယ်'

'မင်းကို တော်တော်ရန်လိုမုန်းတီးနေသူတွေလည်း ...'

'များတာသိပါတယ်'

'မင်းကတော့ ဘယ်သူ့ကိုမှ ရန်မလုပ်ဘူးနော်'

'လုပ်စရာမလိုပါဘူး'

'မင်းရဲ့လက်ကိုင်တရားက ဘာလဲ'

'လူ နတ် ဗြဟ္မာ သတ္တဝါဝေနေယျအပေါင်းတို့ ကျန်းမာကြပါစေ။ ချမ်းသာကြပါစေ။ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ရောဂါခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ကြောင့်ကြခပ်သိမ်း ငြိမ်းကြပါစေ။ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ လန်းဖြာကြပါစေ'

'မေတ္တာတရားပေါ့'

'ဟုတ်ပါတယ်'

'မေတ္တာသတ္တော အနန္တော တို့ကြားဖူးတယ်။ အဓိပ္ပာယ်က ကိုယ့်ကို တိုက်ခိုက်ဖျက်ဆီးလာတဲ့ ရန်စွယ်အန္တရာယ်ဟူသမျှကို မေတ္တာဓာတ်နဲ့ အနိုင်ယူမယ်ပေါ့'

'အနိုင်မယူပါဘူး။ သူကြိုက်တာ သူလုပ်ပါစေ။ လွတ်လပ်ခွင့်ပေးပါတယ်။ မေတ္တာခြံရင် လုံတယ်။ မေတ္တာပေးရင် အေးတယ်။ မေတ္တာထားရင် အမှားနည်းတယ်လို့ ယုံကြည်တယ်။ တစ်ဖက်သား ဒုက္ခရောက်ပါစေလို့တော့ မလုပ်ပါ'

'မင်းနဲ့ နိုင်ငံရေးနည်းနည်းပါးပါးဆွေးနွေးချင်တယ်ကွာ။ ရမလား'

'အဲဒီဘာသာရပ်ကို ကိုယ်မကျွမ်းကျင်ပါဘူးကွာ။ မပြောတတ်ပါ။ တခြားလူနဲ့ဆွေးနွေးပါ။ '

'သာမန်ပြည်သူတစ်ယောက်အနေနဲ့ ပြောကွာ'

'ဘာပြောရမှာလဲ'

'ကိုယ်မေးတဲ့မေးခွန်းကို သူငယ်ချင်းဖြေရုံပါပဲ'

'မေးလေ'

'ဒီအစိုးရကို ကြိုက်လား'

'ကြိုက်တာ မကြိုက်တာ မေးနေစရာလိုလို့လား၊ လူတစ်ကိုယ် အကြိုက်တစ်မျိုးစီကိုး သူငယ်ချင်းရ'

'မောင်ရင့်သဘောထား မေးတာလေ'

'ပြောစရာလိုသေးလို့လား သူငယ်ချင်းရယ်'

'ဟုတ်ပြီ။ သဘောကျတယ်။ ထောက်ခံတယ်။ အားပေးတယ်။ ပူးပေါင်းပါဝင်တယ်ဆိုရင် ဘာဖြစ်လို့လဲ'

'ဒါဟာ သမိုင်းအမြင်နဲ့ဆိုင်တယ်'

'အေး- ပြောပါဦး'

'လူတိုင်းလူတိုင်းဟာ ကိုယ့်သမိုင်းကိုရေးနေကြတဲ့သူတွေချည်းပဲ'

'ဆက်ပါဦး'

'ဘယ်သူမဆို ကောင်းတာလုပ်လုပ်၊ ဆိုးတာလုပ်လုပ်၊ တရားတာပဲလုပ်လုပ်၊ မတရားတာပဲလုပ်လုပ်၊ ကိုယ့်ဇာတ်ထုပ်နဲ့ကိုယ်၊ ကိုယ့်ဘဝဇာတ်ခုံပေါ်မှာ ကိုယ့်ဇာတ်ညွှန်းကို ကိုယ်ရေးပြီး ကိုယ့်ဇာတ်လမ်းကို ကပြကြရတယ်။ ဘဝဇာတ်ဆရာ စေခိုင်းသမျှ ကခဲ့ကြရတယ်လို့ တချို့ကဆိုတယ်။ ပြင်ပက ကြိုးဆွဲတဲ့အတိုင်း ကရတယ် ဆိုတဲ့ သဘောအဓိပ္ပာယ်ပေါ့'

'အဲဒါ မမှန်ဘူးလား'

'သူ့ဘာသာသူ အခြားလူက အထက်မှကြိုးဆွဲတာကို ကချင်တဲ့သူလည်းရှိမယ်။ ကခဲ့တဲ့သူလည်း ရှိတတ်တယ်။ မိမိရဲ့သမိုင်းကို မိမိကိုယ်တိုင်သာ ရွေးချယ်ဆုံးဖြတ်ပြီး ကိုယ်ပိုင်လွတ်လပ်မှုနဲ့ လုပ်ဆောင်ရမယ်ဆိုတဲ့စိတ်ထား ခိုင်ခိုင်မာမာရှိတဲ့ လူစားတွေလည်း ရှိခဲ့တယ်'

'သူငယ်ချင်း၊ အဲဒါ လွတ်လပ်ရေးအရေးတော်ပုံ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းလို ပုဂ္ဂိုလ်တွေပေါ့'

'တစ်ဦးချင်းရဲ့လွတ်လပ်ခြင်း၊ အမှီခိုကင်းခြင်း၊ သူတစ်ပါးစေခိုင်းညွှန်ကြားတာကို လိုက်နာရခြင်းကင်းတာကတော့ တောင်သူအလုပ်၊ လယ်သမားအလုပ်မျိုးပဲ'

'ဟုတ်တာပေါ့'

'မုဆိုးတွေ၊ တံငါတွေလည်း ကိုယ့်သဘောနဲ့ကိုယ်၊ ကိုယ်ကြိုက်တဲ့တောကိုသွား၊ ကိုယ်နှစ်သက်ရာ ချောင်းထဲ၊ မြစ်ထဲသွား။ လွတ်လပ်တယ်'

'ဟုတ်ပ့ါဗျာ'

'ဒါပေမဲ့ ဝန်ထမ်းဆိုသူကတော့ သူ့အလုပ်ရှင်ရဲ့မျက်နှာကို ကြည့်ကြရတယ်'

'အစိုးရဝန်ထမ်းတွေပေါ့'

'အစိုးရဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်း ကြိုက်သလိုခေါ်၊ ပုဂ္ဂလိကလုပ်ငန်းက ဝန်ထမ်းတွေလည်း အလားတူ ဒီသဘောပါတာပဲ။ အလုပ်ရှင်ရဲ့တာဝန်ပေးချက်အတိုင်း လုပ်ရတာလေ၊ မန်နေဂျာချုပ်ပဲဖြစ်ဖြစ်၊ သန့်ရှင်းရေးသမားပဲဖြစ်ဖြစ်။ တာဝန်ပေးတဲ့အတိုင်း လုပ်ဆောင်ရတာပဲ'

'ဒါဆိုရင်တော့ နိုင်ငံ့ဝန်ထမ်းဘဝက မကောင်းဘူးပေ့ါနော်'

'ကိုယ်မပြောပါဘူး။ အဲသလို မဆိုလိုဘူး'

'လိပ်ပြာလေးလို လေဟုန်မှာပျံဝဲပြီး အရပ်ရှစ်မျက်နှာ ပျံချင်ရာပျံမှာပဲဆိုတဲ့ လွတ်လပ်သူလူစားတွေကိုလည်း သူငယ်ချင်းက မတားဘူးပေါ့'

'ဘာလို့တားရမှာလဲ။ သူ့ဆန္ဒနဲ့သူ ရွေးချယ်လေ'

'ဟ ကိုယ့်လူရ ဝန်ထမ်းတွေ လျော့ကုန်မှာပေ့ါဟ'

'ဩော်... နှစ်ပေါင်းများစွာ လေ့ကျင့်ပျိုးထောင်လာခဲ့ရတာမို့ ကျွမ်းကျင်ဝန်ထမ်းတွေ အလုပ်ခွင်က ထွက်ခွာသွားရင် အလွန်ပဲ နှမြောစရာပေ့ါ။ စိတ်မကောင်းစရာအမှန်ပေ့ါ'

'မဖြစ်သင့်ဘူးနော်'

'ခေါ်တဲ့လူကခေါ်၊ မျှားတဲ့သူကမျှားတော့၊ သွားတဲ့သူလည်း သွားတာ ရှိနိုင်တာပေါ့။ တကယ်တော့ ဝန်ထမ်းဆိုတာ နိုင်ငံ၊ လူမျိုး၊ ပြည်သူ့အကျိုးကို စွန့်လွှတ်စိတ်နဲ့ အနစ်နာခံတဲ့ လူစားမျိုးတွေသာ ထမ်းရွက်နိုင်တာ။ ပြည်သူ့ကောင်းကျိုးကို စေတနာနည်းရင် ဆက်ပြီးမထမ်းနိုင်ပါဘူး။ စေတနာထက်သန်သူမှန်မှသာ လုပ်နိုင်ကြပါတယ်'

'ဒါဆိုရင် အခက်အခဲအမျိုးမျိုးကြားကပဲ နိုင်ငံတော်က ပေးအပ်တဲ့တာဝန်ကို ဖွဲ့ရှိရှိ၊ သစ္စာရှိရှိ လုပ်ငန်းမပျက် ဆက်လက်ထမ်းဆောင်နေကြတဲ့ ဒီလိုနိုင်ငံ့ဝန်ထမ်းတွေဟာ ဂုဏ်ပြုထိုက်တဲ့သူတွေပေါ့'

'အမှန်ပါပဲ။ သူတို့ကသာ အစစ်အမှန် သူရဲကောင်းတွေပဲ'

'နိုင်ငံတော်ယန္တရားမှာ စီးပွားရေးကုန်ထုတ်လုပ်မှု ဆောင်ရွက်ရတဲ့ တောင်သူလယ်သမားတွေ၊ အလုပ်သမားတွေ၊ ပြည်သူ့ဝန်ထမ်းတွေ၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ ပို့ဆောင်ရေး၊ တည်ဆောက်ရေး၊ အေးချမ်းသာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ဌာနအလိုက် တာဝန်ယူဆောင်ရွက်ကြရတဲ့ ပြည်သူ့ဝန်ထမ်းတွေဟာ ဘယ်အစိုးရတက်တက် လုပ်ငန်းမပျက် ကိုယ့်အလုပ်ခွင်မှာ တာဝန်ကျေကျေထမ်းဆောင်နေကြရမှာ။ ကိုယ့်အလုပ်ကို အကောင်းဆုံးလုပ်တာဟာ တိုင်းပြည်နဲ့ လူမျိုးအတွက် ပေးဆက်နေရခြင်းပဲ။ သူရဲကောင်းတွေလေ'

'ဟုတ်တာပေါ့'

'ကိုယ့်ရဲ့လုပ်အားဟာ နည်းနည်း၊ များများ ပြည်သူနဲ့တိုင်းပြည်အတွက် တိုးတက်ဖွံ့ဖြိုးသာယာဖို့သာ အမှန်ဖြစ်တယ်။ ဒီစေတနာနဲ့ ငါလုပ်တယ်ဆိုတဲ့သူတွေဟာ ဘယ်နေရာမှာနေနေ၊ ဘယ်ရာထူးမှာရှိရှိ၊ ဘယ်အလုပ်ကိုလုပ်လုပ် သူဟာ နိုင်ငံ့သားကောင်းတွေပါပဲ။ သူကဝန်ထမ်းဟုတ်ဟုတ်၊ မဟုတ်ဟုတ် တိုင်းပြည်ရဲ့ ကောင်းကျိုးကိုသာ ဦးထိပ်ထားတဲ့ ရည်ရွယ်ချက်စေတနာ နှလုံးသားထဲက ပါဖို့လိုတယ်'

'ဟုတ်ပါရဲ့နော်'

'စည်းကမ်းမလိုက်နာနိုင်ရင် ထွက်ပေ့ါ။ ဘယ်သူကမှ ကြာကြာချော့ခေါ်မှာမဟုတ်ပါ။ ကျင့်ဝတ်မလိုက်နာနိုင်ခဲ့ရင် အစကတည်းက အလုပ်မလျှောက်နဲ့လေ။ ကိုယ်ပိုင်လွတ်လပ်တဲ့ အလုပ်ကိုသာလုပ်။ ဈေးရောင်းရင်လည်းရတယ်။ ဥပမာပြောတာပါ။ အသက်မွေးဝမ်းကျောင်းစရာအလုပ်တွေ အများကြီးပါ။ သူခိုး၊ ဓားပြ၊ ပြည့်တန်ဆာ၊ လူလိမ်လူကောက်မဖြစ်ရင် ပြီးတာပဲ။'

'အေးဗျ၊ ဒါတော့ဟုတ်တယ်'

'ဝန်ထမ်းဆိုတာကတော့ နေ့စဉ်မပျက် ရုံးချိန်မှန်မှန် ရုံးတက်ရတယ်။ နောက်ကျလို့မရ၊ ပြန်ချင်တိုင်း ထပြန်လို့မရဘူး။ ရုံးဆင်းချိန်မှ ပြန်ရတယ်။ အိမ်မှာလုပ်စရာတွေ ရှိနေပေမယ့် စောပြန်လို့ မရပါဘူး။ (ခွင့်တင်လို့ ခွင့်ပြုချက်ရမှ ခွင့်ရရင်သာ ပြန်လို့ရတာလေ)။ အတိုချုပ်ပြောတာပါ။ ထားရာမှာနေ၊ စေရာသွားရပါတယ်။ ကိုယ်ကြိုက်တာ လုပ်လို့မရဘူး။ လုပ်ရမှာကိုသာ ဦးစားပေးလုပ်ရတယ်။ လုပ်သင့်တာကိုပဲ လုပ်ရတယ်။ မလုပ်သင့်တာ မလုပ်ရဘူး။ မပြောသင့်တာ မပြောရဘူး။ ဝန်ထမ်းကျင့်ဝတ်ဆိုတာ နေသားမကျရင် အတော်နေရကျပ်လှပါတယ်'

'မလွယ်ပါလားကွယ်'

'သို့ပေမယ့် ဝန်ထမ်းစည်းမျဉ်းအရ လုံခြုံမှုအပြည့်အဝ ရှိနေတယ်။ ကိုယ်က စည်းကမ်းမဖောက်သမျှ ဘယ်အထက်လူကိုမှ ကြောက်စရာမလိုဘူး။ ဘယ်သူကမှ မတရားဖိနှိပ်လို့မရဘူး။ ဝန်ထမ်းကျင့်ဝတ်ရှိသလို ဝန်ထမ်းဆိုင်ရာ ဥပဒေက အပြည့်အဝ အကာအကွယ်ပေးထားပါတယ်။ ကိုယ့်ရဲ့ ကြိုးစားမှု၊ ရိုးသားမှု၊ တာဝန်ကျေပွန်မှု၊ လုပ်ငန်းကျွမ်းကျင်မှု၊ လုပ်ဖော်ကိုင်ဖက်တွေရဲ့ လေးစားယုံကြည်ခံရမှု၊ ဆက်ဆံရေးပြေပြစ်မှု၊ သစ္စာရှိမှုတွေကြောင့် အောက်ခြေဝန်ထမ်းမှ အမြင့်ဆုံး ထိပ်ဆုံးအရာရှိကြီးအဆင့်အထိ ရောက်ရှိခဲ့ကြသူတွေလည်း အများကြီးပဲ။'

'ဟုတ်လား။ နမူနာသာဓကပြပါဦး'

'မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌကြီး ဦးကျော်ဝင်း (မနုဿ ကျော်ဝင်း)၊ သူဟာ ယဉ်ကျေးမှုဌာန ညွှန်ကြားရေးမှူးချုပ်အထိ အဆင့်ဆင့် ရာထူးတိုးမြှင့်ခံရပြီး ရောက်လာခဲ့တာလေ။ မိုးလေဝသ ညွှန်ချုပ် ဦးထွန်းလွင်။ စိုက်ပျိုးရေးညွှန်ချုပ် ဦးလှကျော် (နောင်အခါ ဒုတိယဝန်ကြီးတောင်ဖြစ်လာခဲ့ပါရဲ့)။ သမ္မတရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်း စသဖြင့် ဥပမာပြစရာ ကိုယ့်ပြည်တွင်းမှာ အများကြီးပါပဲ။ တပ်မတော်မှာလည်း ရဲဘော် တပ်သားသစ်ဘဝမှ ဗိုလ်မှူးချုပ်၊ ဗိုလ်ချုပ်ကြီးဖြစ်လာခဲ့သူတွေ ရှိခဲ့ပေတာပဲ'

'ရှိဖူးသလား။ ဘယ်သူတွေလဲ'

'အများကြီးပေ့ါ။ ဗိုလ်ချုပ်ကြီးကျော်ထင်၊ ဗိုလ်ချုပ်ကြီးထွန်းရီ၊ ဗိုလ်ချုပ်တင့်ဆွေ၊ ဗိုလ်ချုပ်သန်းတင်၊ ဗိုလ်ချုပ်သောင်းဒန် စသဖြင့် တိုင်းပြည်နဲ့ ပြည်သူအတွက် ဘာပဲလုပ်ရလုပ်ရ စွန့်လွှတ်အနစ်နာခံမယ်၊ ကျရာနေရာမှာ ထားရာနေပြီး အကောင်းဆုံးတာဝန်ကျေအောင် ထမ်းဆောင်မယ်ဆိုတဲ့ သစ္စာရှိသူတွေဟာ ထိုက်သင့်တဲ့နေရာကို တာဝန်ယူသွားကြတာပဲ။'

'သူငယ်ချင်းက အဲဒီလိုပုဂ္ဂိုလ်မျိုးတွေကို လေးစားအားကျတယ် ထင်တယ်'

*စာမျက်နှာ ၁၇ သို့* ❑

# မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီနှင့် မန္တလေးခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ တွေ့ဆုံ





**မန္တလေး မတ် ၁**

မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီနှင့် မန္တလေးခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များတွေ့ဆုံပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

**တက်ရောက်**

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ မန္တလေးခရိုင်၊ မြို့နယ်များမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိသော ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်ကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများအနေဖြင့်လည်း မိမိခရိုင်၊ မြို့နယ်များတွင် ပြန်လည်ရှင်းပြစေလိုကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း လုပ်ငန်းတာဝန်များ ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ မြို့နယ်မှ ခရိုင်၊ ခရိုင်မှ တိုင်းဒေသကြီးစသည်ဖြင့် အဆင့်ဆင့်တိုးတက်အောင်လုပ်မှ နိုင်ငံတော်တိုးတက်မည်ဖြစ်ကြောင်း၊ ကျေးရွာမှ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် အဆင့်ဆင့်အေးချမ်းသာယာမှ နိုင်ငံအေးချမ်းသာယာမည်ဖြစ်၍ အေးချမ်းသာယာရေးအတွက် အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ တာဝန်ယူလုပ်ကိုင်နေရသည်မှာ ပြည်သူ့အတွက်ဖြစ်ကြောင်း၊ မိမိတာဝန်ယူစဉ်ကာလအတွင်း မိမိစွမ်းအားနှင့် မိမိတို့ပြည်သူအကျိုးအတွက် ဆောင်ရွက်ရာတွင် ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုဖွဲ့စည်းထားသည့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများဖြင့် ပါဝင်ဖွဲ့စည်းထားပါကြောင်း၊ ပါဝင်သည့်ဌာနဆိုင်ရာများအနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအတိုင်း တာဝန်ထမ်းဆောင်စေလိုကြောင်း၊ မြို့မိမြို့ဖအဖွဲ့ဝင်များအနေဖြင့်လည်း မိမိရပ်ရွာ မိမိမြို့အတွက် စေတနာထားဆောင်ရွက်စေလိုကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ဘာသာသာသနာအတွက် အလေးထားဆောင်ရွက်ရန်လိုပြီး ဆရာဒကာ လက်တွဲလုပ်ဆောင်ခြင်း၊ ဆရာတော်ကြီးများထံမှ သြဝါဒခံယူခြင်း၊ ဆွမ်းကွမ်းအခက်အခဲမရှိရန် ဆောင်ရွက်ခြင်းများ ပြုလုပ်ရန်လိုကြောင်း အမှာစကားပြောကြားသည်။

**ပြန်လည်တင်ပြ**

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးကျော်ကျော်မင်းက လိုအပ်သည်များဖြည့်စွက်မှာကြားပြီး တက်ရောက်လာသော မန္တလေးခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များမှ ဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်ချက်များအား ပြန်လည်တင်ပြကြသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်စွက်မှာကြားကာ နိဂုံးချုပ်စကားပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

ကြေးမုံ **အယ်ဒီတာ့ထံ ပေးစာ**

# ပြည်သူပိုင် ပစ္စည်းဥစ္စာများအား မဖျက်ဆီးစေလိုပါ

**အယ်ဒီတာခင်ဗျာ**

ယခုရက်များအတွင်း ရန်ကုန်မြို့အတွင်း၌ ဆန္ဒပြမှုများ နေရာအနှံ့ ဖြစ်ပွားခဲ့သည်ကို တွေ့ရပါသည်။ ပြည်သူများ ဆန္ဒထုတ်ဖော်မှုနှင့်ပတ်သက်၍ ငြိမ်းချမ်းစွာ ဖော်ထုတ်မှုကို လက်ခံပါသည်။ သို့သော် ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှစ၍ လုံခြုံရေးတပ်ဖွဲ့များနှင့် ထိပ်တိုက်ရင်ဆိုင် ဆန္ဒပြမှုများကြောင့် စိတ်မချမ်းမြေ့ဖွယ် အကျိုးဆက်များကို မြင်တွေ့လာရသဖြင့် များစွာစိတ်မကောင်းဖြစ်မိပါသည်။

သက်ဆိုင်ရာဌာနများက ပြည်သူ့ဝန်ထမ်းများသည် ကျွန်တော်တို့ရပ်ကွက်များတွင် မြို့ရွာသာယာလှပရေး၊ ရပ်ရွာများ နေ့စဉ်သန့်ရှင်းသန့်ပြန့်ရေး၊ ရပ်ကွက်နေပြည်သူများ နေ့စဉ် လိုအပ်ချက်များဖြစ်သည့် ရေ၊ မီး၊ လမ်း၊ သန့်ရှင်းရေး စသည့်ကိစ္စအဝဝတို့ကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်သူ့ဘဏ္ဍာငွေ အမြောက်အမြား အကုန်အကျခံကာ နေ့စဉ်နှင့်အမျှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရပ်ရွာများ မငြိမ်မသက်ဖြစ်နေစဉ်မှာပင် ပြည်သူ့အကျိုးအတွက် စေတနာရှေ့ထား ဆောင်ရွက်ပေးနေကြပါသည်။

ယခုအခါတွင် ဆူပူဆန္ဒပြလှုပ်ရှားသူအချို့က သွားလာမှုလွယ်ကူချောမွေ့ပြီး သန့်ရှင်းသန့်ပြန့်ကောင်းမွန်အောင် ပြုလုပ်ပေးထားသော လမ်းများကို ညစ်နွမ်းအောင်၊ ပျက်စီးအောင် ပြုလုပ်လာကြသည်ကို တွေ့ရပါသည်။ ဆန္ဒပြသူများသည် အများပြည်သူအသုံးပြုသော အရာများ၊ လမ်းများကို ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်လာကြသည်ကို တွေ့ရပါသည်။ ဆန္ဒပြကြရာတွင် လုံခြုံရေးတပ်ဖွဲ့များကို ထိပ်တိုက်ရင်ဆိုင်ခုခံရေးပုံစံပြုလုပ်နိုင်ရန်အတွက် အများပြည်သူလမ်းများတွင် ရေစီးရေလာကောင်းမွန်အောင် ပြုလုပ်ထားသော မြောင်းဖုံးများကို ဖျက်ဆီး၍ လမ်းများပေါ်တွင် ယာဉ်များ၊ လူများ သွားလာရခက်ခဲအောင် ပြုလုပ်ခြင်း၊ လမ်းတိုင်းလမ်းတိုင်းတွင် ပြည်သူများ စနစ်တကျအမှိုက်စွန့်ပစ်နိုင်အောင် အမှိုက်ပုံးများကိုရယူ၍ သဲများ၊ ခဲများထည့်ပြီး လမ်းပိတ်ဆို့မှုများ ပြုလုပ်လာကြပါသည်။

သန့်ရှင်းကောင်းမွန်အောင် ပြုလုပ်ပေးထားသော လမ်းများနှင့် အကာအရံများကို ဆေးများခြယ်သုတ်၍ ဆန္ဒပြအမှတ်အသားများ ပြုလုပ်လာကြပါသည်။ မြောင်းဖုံးများကို ဖယ်ရှားလိုက်ကြသဖြင့် ပြည်သူများ အခက်အခဲဖြစ်ပြီး အန္တရာယ်ဖြစ်စေနိုင်ပါသည်။ အမှိုက်ပုံးများကိုဖယ်ရှား၍ အကြမ်းဖက်မှုတွင် အသုံးပြုသဖြင့် ပြည်သူများ အခက်အခဲဖြစ်ကြရပါသည်။ ဤကဲ့သို့ ဖျက်လိုဖျက်ဆီးလုပ်မှုများကို အားမပေးပါ။ သို့သော် ကန့်ကွက်တားဆီးခြင်းလည်း မပြုလုပ်ရဲပါ။ မသင့်တော်၍ ပြောဆိုမိလျှင်ပင် အန္တရာယ်ရှိပါသည်။

သို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ပြည်သူပိုင်ပစ္စည်း များအား မဖျက်ဆီးနိုင်ရေး တားဆီးပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ငြိမ်းချမ်းစွာနေလိုသော လမ်းသူလမ်းသားများ**

# အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများပေးပို့နိုင်

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများ အနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ် ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာ တွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

**စာတည်းအဖွဲ့**

*❑ စာမျက်နှာ ၁၆ မှ*

'Every man is his own historian လူတိုင်းလူတိုင်းက သူ့သမိုင်းကို သူကိုယ်တိုင်ရေးတာပဲဆိုတဲ့ ဆိုရိုးစကားကို လက်ခံတယ်။ ကိုယ့်ပခုံးပေါ် ကျရောက်လာတဲ့တာဝန်ကို ကောင်းမွန်ကျေပွန်အောင် အစွမ်းကုန် ထမ်းဆောင်ရမယ်လို့ ခံယူပါတယ်'

'သူငယ်ချင်းရဲ့ဆောင်ပုဒ်က ဘာလဲ'

**"ဦးလည်မသုန်"**

"ဘာအဓိပ္ပာယ်လဲကွာ"

'မြိုင်ဝေတောကြီး၊ ဤခရီးဝယ်
ချီးနှီးသက်သက်၊ သေသော်ထက်ကား
ဆက်လက်တညီ၊ တစီတလျဉ်
သားစဉ်မြေးမြစ်၊ ပြောထုံးဖြစ်အောင်
တစစ်တမက်၊ ကိုယ်နှင့်သက်ကို
နှင်းဆက်တိုက်မည်၊ အားသန်ရည်လျက်
**ဦးလည်မသုန်**၊ ထမ်းပါကုန်လော့။ ။ '

**လက်ဝဲသုန္ဒရ ဦးမြတ်စံ**
**(၁၇၂၇-၁၇၉၉) (ဗျူဟာစက္ကိပျို့မှ)**

ရေးခဲ့ဖူးတာကို ကိုယ်အသက် ၂၀ ကတည်းက ခံယူထားခဲ့တယ်ကွာ'

'သိပြီ။ ငါ့အား အထက်မှပေးအပ်သော အမိန့်နှင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါမည်ဆိုတဲ့ သစ္စာအဓိဋ္ဌာန်သဘောပဲပေါ့'

'မှန်တယ်'

'သူငယ်ချင်း ကိုယ်တိုင်ဆုံးဖြတ်ခွင့်မရှိဘဲ အထက်ကခိုင်းသမျှ လုပ်ရတာ ပျော်ပိုက်နိုင်ပါ့မလား'

**'ဝန်ထမ်းဘဝဟာ ကိုယ်ပိုင်လွတ်လပ်ခွင့်တွေ ပေးဆပ်အနစ်နာခံရတာတွေ အလွန်ကြီးမား များပြားပေမယ့်လည်း အလုပ်ခွင်မှာ ပျော်ရွှင်တယ်။ လုပ်ဖော်ကိုင်ဖက်တွေက စည်းလုံးတယ်။ တစ်ယောက်အတွက် တစ်ယောက်က အသက်ပေးပြီး သံယောဇဉ်ကြီးကြတဲ့ ရဲဘော်ရဲဘက်စိတ် မေတ္တာသံယောဇဉ်ရှိကြတယ်။** (ကိုယ်ပိုင်စီးပွားရေးလုပ်သူမှာ ဒီလို အသက်ပေးချစ်ခင်တဲ့ ရဲဘော်ရဲဘက်စိတ်မျိုး Spirit-de-Corps မရရှိနိုင်)။ **ပြည်သူလူထုက ဝန်ထမ်းကောင်းတွေကို လေးစားရှိသေကြတယ်။ အနစ်နာခံမှု၊ ထမ်းဆောင်မှု စေတနာတွေကို တန်ဖိုးထားကျေးဇူးတင်ကြတယ်။ အဲဒါတွေက ဝန်ထမ်းဘဝ မချမ်းသာကြပေမယ့် ကျေနပ်ဂုဏ်ယူနိုင်တာတွေပေါ့ကွယ်'**

'သူတစ်ပါး ကြိုးဆွဲရာကိုသာ လိုက်ပါကရတဲ့ ရုပ်သေးရုပ်တော့ မဟုတ်ဘူးပေါ့နော်'

'မတူဘူး။ ရုပ်သေးရုပ်သဖွယ်၊ သူတစ်ပါးစေခိုင်းတဲ့ ပြည်ပက တီးကွက်အတိုင်း လိုက်နာပြီး တိုင်းပြည်နဲ့ ပြည်သူတွေရဲ့ဘဝကို ဖျက်ဆီးရိုက်ချိုး၊ မတိုးတက် မဖွံ့ဖြိုးရလေအောင် ပျက်စီးရာ ပျက်စီးကြောင်း ဘယ်သူတွေလုပ်နေကြသလဲဆိုတာကတော့ သမိုင်းကပဲ ရေးသွားပါလိမ့်မယ်။'

'သူငယ်ချင်းကတော့ ဘာဖြစ်ချင်တာလဲ။ ဘာရာထူးရချင်တာလဲ'

'ဘာရာထူးမှ မလိုချင်ပါဘူး။ ကိုယ်ပြုတဲ့ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမယ်။ ဘုရားဟောကြားတော်မူတဲ့တရားကို အစွမ်းကုန် လိုက်နာကျင့်သုံးသွားမယ်'

'ဘာလဲ၊ ပြောပါဦး'

'သီတဂူဆရာတော်ဘုရားကြီးက ကဗျာလင်္ကာလေး စီကုံးတော်မူဖူးတယ်ကွဲ့၊ မြတ်စွာဘုရားရဲ့ ဩဝါဒပါတိမောက်ဆိုပါစို့-

မကောင်းမှုများ၊ ရှောင်ရှားပယ်ခွာ၊
ကောင်းမှုအပေါင်း၊ စုဆောင်းကြပါ။
မိမိစိတ်ရင်း၊ သန့်ရှင်းစေရာ၊
ဤသုံးပါး၊ ဘုရားသာသနာ။ ။

သာသနာတော်ကြီး အရှည်တည်တံ့၍ ပြန့်ပွားပါစေ၊ အမျိုးဘာသာသာသနာကို ကာကွယ်စောင့်ရှောက်နိုင်ကြပါစေ။

'သာဓု၊ သာဓု၊ သာဓုပါ သူငယ်ချင်းရာ'။ ။

## ပို့ကုန်လုပ်ငန်းများမှ ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို မတ်လ ၃၁ ရက်အထိ ထပ်မံ၍ ကာလတိုးမြှင့် ကင်းလွတ်ခွင့် ပြုပေးသွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ကြေညာချက်အမှတ် (၄ / ၂၀၂၂)
နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၁ ရက်)

၁။ နိုင်ငံတော်အနေဖြင့် COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် လူမှုရေး၊ စီးပွားရေးတို့အတွက် အခွန်ဆိုင်ရာဖြေလျှော့မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ပို့ကုန်အပေါ် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းအား ၁-၄-၂၀၂၀ ရက်နေ့မှ ၂၈-၂-၂၀၂၂ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုပေးခဲ့ပါသည်။

၂။ ယခုအခါ COVID-19 ကပ်ရောဂါကြောင့် လူမှုရေး၊ စီးပွားရေး ထိခိုက်ခဲ့မှုများ ဆက်လက်ရှိနေဆဲဖြစ်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ခွင့်ပြုချက်ဖြင့် ပို့ကုန်လုပ်ငန်းများမှ ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ထပ်မံ၍ ကာလတိုးမြှင့် ကင်းလွတ်ခွင့် ပြုပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

## ရင်ဝယ်စွဲထင် မြတ်မိခင်

★ ယောက်ျားဖောင်စီး၊ မိန်းမမီးနေ
ဆိုကြပေလည်း၊ သေမင်းနှင့်ပြိုင်
ဘေးဘျမ်းဆိုင်၍၊ အနိုင်အောင်ပွဲ
သားရွှေခဲကို၊ ရင်ထဲပွေ့ပိုက်
နို့ချိုတိုက်ကျွေး၊ ပိုးနှယ်မွေးသည် ----
ကျေးဇူးကြီးပေ မွေးမေမေ။
★ မွေးမိခွဲလာ၊ ဝမ်းမနာသား
ကျောက်ရိုင်းများကို၊ သင်ကြားပျိုးထောင်
အသွေးပြောင်၍၊ နှောင်ခေတ်တွင်ရည်
အောင်စစ်သည်တည့်၊ ရာသီလေးနှစ်
ရင်ဝယ်ဖြစ်သို့၊ အချစ်မပြယ်
အမြစ်တွယ်သည် ----
အယ်မာ မာတာ⁺ တက္ကသိုလ်။
★ နှစ်ယောက်မာတာ၊ ရင်မှခွာ၍
တာဝန်ထမ်းရွက်၊ မိမြေတွက်တည့်
ခေတ်ဆက်မွေခံ၊ ဇာတိမှန်သော
သယံဇာတ၊ ပေါကြွယ်ဝသော
ဗုဒ္ဓရောင်ဝါ၊ ထွန်းလင်းဖြာသော
တစ်ရာ သုံးငါး သွေးမခြားသော
စော်ကားလာဘိ၊ အဆိပ်ရှိသော ----
အမိမြန်ပြည် တိုင်းဌာနီ။
★ ပြော် တံဆိပ်ခတ်ထင်၊ ငါ၏ရင်၌
မိခင် သုံးမျိုး သာတကား။
မပြောင်းလဲသည့် သစ္စာတရား။ ။
( ⁺Alma Mater = မိခင်တက္ကသိုလ်)

**ကို(စစ်တက္ကသိုလ်)**

## နိုင်ငံတကာ အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် ဒေသတွင်း အားကစားပြိုင်ပွဲများကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မတ် ၁**

ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကပ်ဆိုးကြီးကြောင့် နိုင်ငံတကာအားကစားပြိုင်ပွဲများ ကျင်းပရန် ရပ်နားရွှေ့ဆိုင်းခဲ့ပြီး ပြည်တွင်းအားကစားပြိုင်ပွဲများလည်း ကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ ယခု ကိုဗစ်-၁၉ ရောဂါ လျော့နည်းလာပြီး ရောဂါကာကွယ်မှု နည်းလမ်းများ ပြုလုပ်နိုင်ပြီဖြစ်သောကြောင့် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတကာအားကစားပြိုင်ပွဲများ ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ ပြန်လည်ကျင်းပမည်ဖြစ်သောကြောင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရေး၊ ပြည်တွင်းအားကစားပြိုင်ပွဲများ ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ ပြန်လည်ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ရုံးအမှတ်(၃၁)ရှိ အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးသိန်းထွန်းလတ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးကျော်ဆန်းနှင့် ဦးကျော်ဦး၊ ဌာနခွဲ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တာဝန်ခံ ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတကာ အားကစားပြိုင်ပွဲများကို ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ ပြန်လည်ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ မေ ၁၂ ရက်မှ ၁၀ ရက်အထိ (၆)ကြိမ်မြောက် Asian Beach Games အား တရုတ်နိုင်ငံ ဟိုင်နန် Sanya ကမ်းခြေ၌ အားကစားနည်း ၁၇ နည်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် Dragon Boat အားကစားနည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ (၃၂)ကြိမ်မြောက် Tokyo Olympic Games ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲကို ဂျပန်နိုင်ငံတွင် ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၆ ရက်အထိ အားကစားနည်း ၃၃ မျိုးဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အားကစားနည်း ခုနစ်မျိုး ပါဝင်ယှဉ်ပြိုင်ရန် လျှောက်ထားခဲ့သော်လည်း ပြေးခုန်ပစ်နှင့် ကြက်တောင် အားကစားနည်း နှစ်မျိုးကို လတ်တလောယှဉ်ပြိုင်ခွင့် ရရှိထားကြောင်း။

### လက်ခံကျင်းပသွားမည်

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ၌ နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ အားကစားနည်း ၄၀ ဖြင့် လက်ခံကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အားကစားနည်း ၁၈ မျိုး ပါဝင်ယှဉ်ပြိုင်ရန် လျာထားလျက်ရှိပါကြောင်း၊ နှစ်ပတ်အကြာ မသန်စွမ်း အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲကိုလည်း ဗီယမ်နမ်နိုင်ငံမှ အားကစားနည်း ၁၁ မျိုး လက်ခံကျင်းပပြီး ကိုးမျိုး ပါဝင်ယှဉ်ပြိုင်ရန် လျာထားလျက်ရှိပါကြောင်း၊ တတိယကြိမ်မြောက် အာရှလူငယ် အားကစားပြိုင်ပွဲ (Asian Youth Games) ကို တရုတ်နိုင်ငံ Shan Tou မြို့၌ နိုဝင်ဘာ ၂၀ ရက်မှ ၂၈ ရက်အထိ အားကစားနည်း ၁၈မျိုး လက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အားကစားနည်း ကိုးမျိုး ပါဝင်ယှဉ်ပြိုင်ရန် လျာထားလျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတကာ အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပြင်ဆင်ထားရှိရမည့် အခြေအနေများကို ရှင်းလင်းတင်ပြခြင်း ဖြစ်ပါကြောင်း။

ထို့ကြောင့်ပြည်တွင်းအားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပရန်နှင့် မြန်မာ့သိုင်း အားကစားနည်းကို နိုင်ငံတော်အားကစားနည်းအဖြစ် လေ့ကျင့် ဆောင်ရွက်သွားရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး (၂/၂၀၂၂)၌ လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ မြန်မာ့သိုင်းပြိုင်ပွဲများအား နှစ်စဉ်အားကစားပြက္ခဒိန် ရေးဆွဲကျင်းပခဲ့ပြီးဖြစ်သော်လည်း ယခုအခါ မြန်မာ့သိုင်းပြိုင်ပွဲကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပရုံသာမက အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများတွင်လည်း မြန်မာ့သိုင်းအားကစားနည်းကို ထည့်သွင်းသင်ကြားလေ့ကျင့် ဆောင်ရွက်ပေးရန် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ လောလောဆယ် ဒေသတွင်းအားကစားပြိုင်ပွဲများကို နိုင်ငံတော်မှ ချမှတ်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ ထည့်သွင်းစဉ်းစားပြီး ပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စဉ်းစားချင့်ချိန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအနေဖြင့် ယခုချက်ချင်း ကျင်းပဆောင်ရွက်ရန် အတွက်လည်း မလွယ်ကူသောကြောင့်ဒေသတွင်း ကိုဗစ်- ၁၉ အခြေအနေ၊ ဒေသတွင်း အခြေအနေပေါ်မူတည်ပြီး ဖြစ်နိုင်သော သက်ဆိုင်ရာအားကစားနည်းများကိုသာ ထည့်သွင်းကျင်းပပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသော တိုင်းဒေသကြီးနှင့် ပြည်နယ် တာဝန်ခံညွှန်ကြားရေးမှူးများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်၊ ခရိုင် အားကစားပြိုင်ပွဲများ ကျင်းပ၍ ဒေသတွင်းအားကစားဆပ်ကော်မတီများနှင့် စီစဉ်ဆောင်ရွက်မှု အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ နွေရာသီအားကစားသင်တန်းများ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အလိုက် ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများကို တင်ပြကြသည်။

### ဆွေးနွေး

ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ကဏ္ဍအလိုက် ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသော ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲညွှန်ကြားရေးမှူးများက နိုင်ငံတကာအားကစားပြိုင်ပွဲများ အောင်မြင်စွာပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ ဒေသတွင်း အားကစားပြိုင်ပွဲများ အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေး၊နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်း အကြံပြုဆွေးနွေးကြရာ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေး၍ အားကစားလုပ်ငန်းများ ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်ရေး အတည်ပြုပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရေလမ်းကောင်းမွန်ရေး၊ ကမ်းပြိုကာကွယ်ရေး၊ ရေကြီးရေလျှံမှုမဖြစ်စေရေး တာဝန်ရှိသူများနှင့်ဆွေးနွေး

**ရန်ကုန် မတ် ၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်းနှင့် အခြားနေရာ ဒေသအသီးသီးသို့ ဖြတ်သန်းစီးဆင်းလျက်ရှိသော မြစ်များ၊ မြစ်လက်တက်များ၊ ချောင်းများ၏ရေလမ်းကြောင်းကောင်းမွန်ရေး၊ ကမ်းပြိုမှုများကာကွယ်ရေးနှင့်ရေကြီးရေလျှံမှုမဖြစ်စေရေးတို့အတွက် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမတွင် ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဦးလှစိုးက အမှာစကားပြောကြားသည်။

ထို့နောက် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူက မြစ်များ ရေလမ်းကြောင်းကောင်းမွန်ရေး၊ မြို့ဆိပ်ကမ်းများမပြောင်းရွှေ့ဘဲ တစ်နှစ်ပတ်လုံး အသုံးပြုနိုင်စေရန်၊ မြို့များရေတိုက်စားခြင်းကြောင့် ဖြစ်ပေါ်လာသည့်ကမ်းပြိုမှုများကို ကာကွယ်ပေးရန်၊ မြို့များအလိုက် စိုးရိမ်ရေမှတ်များသတ်မှတ်ရာတွင် မှန်ကန်မှုရှိစေရေးအတွက် ပေါင်းစပ်ဆောင်ရွက်ခြင်း၊ မြစ်ရေအား သောက်သုံးရေနှင့် စိုက်ပျိုးရေအဖြစ် တစ်နှစ်ပတ်လုံးအသုံးချနိုင်စေရေးအတွက်ဆောင်ရွက်ခြင်း၊ နယ်စပ်မြစ်များတွင် မိမိပိုင်မြေများ မဆုံးရှုံးစေရေးအတွက် ကာကွယ်တားဆီးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ စီမံကိန်းဝင် မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် ကြံ့ခိုင်မှုတိုင်းတာစစ်ဆေးခြင်း၊ ရေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက် စည်းကမ်းသတ်မှတ်ကွပ်ကဲရန်၊ မြစ်ကြောင်းများ ရေအနက်မြင့်မားလာစေရေးနှင့် ရေယာဉ်များဝန်တင်အလေးချိန်တိုးတက်တင်ဆောင်သွားလာနိုင်ရန်၊ မြစ်သဲထုတ်လုပ်မှု စနစ်တကျရှိစေရေး၊ တွံတေးတူးမြောင်း၊ လှိုင်မြစ်၊ ကုက္ကိုဝမြစ်၊ ပန်းလှိုင်မြစ်၊ ပဲခူးမြစ်များအတွင်း ရေလမ်းသွားလာမှုအတွက် ရေလမ်းညွှန်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။



တင်ပြချက်များအပေါ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

ယင်းနောက် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လုပ်ငန်းများအန္တရာယ်ကင်းစွာဆောင်ရွက်နိုင်ရေးနှင့် သတ်မှတ်ကာလအတွင်း ချမှတ်ထားသောသတ်မှတ်ချက်များနှင့်အညီအမြန်ဆုံးပြီးစီးရေးကြိုးစားဆောင်ရွက်ကြရန်နှင့် လုပ်ငန်းတွင် လတ်တလောပံ့ပိုးဖြေရှင်းဆောင်ရွက်ပေးရန်တင်ပြသည့် ကိစ္စရပ်များနှင့်ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အချက်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**တိုင်းဒေသကြီး (ပြန် /ဆက် )**



## ငါန်းဇွန်မြို့နယ် ရေလည်သောင်(အရှေ့)ကျေးရွာ၌ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်

**ငါန်းဇွန် မတ် ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ရေလည်သောင်(အရှေ့)ကျေးရွာ၌ လျှပ်စစ်မီးလင်းရေးလုပ်ငန်း ၄၀၀ ဗို့လိုင်းသွယ်တန်းခြင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၁ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၆ ဒသမ ၂၄ သန်း စုစုပေါင်း ၂၇ ဒသမ ၂၄ သန်းဖြင့် ကုမ္ပဏီတစ်ခုက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွာတွင်း လျှပ်စစ်မီးလင်းရေးလုပ်ငန်း ၄၀၀ ဗို့လိုင်းသွယ်တန်းနေမှုကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးအောင်နှင့် ဝန်ထမ်းများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကို စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်အရည်အသွေးပြည့်မီစွာဖြင့် ဆောင်ရွက်ကြရန်၊ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါကြိုတင်ကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရန် ကုမ္ပဏီနှင့် ကျေးရွာမှ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ရွာတွင်း လျှပ်စစ်မီးလင်းရေးလုပ်ငန်း ၄၀၀ ဗို့လိုင်းသွယ်တန်းခြင်းမှာ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

## စာသင်ကျောင်းများတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**လှိုင်ကော် မတ် ၁**

ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာရေးနှင့် ကျောင်းများ ပြန်လည်ဖွင့်ပါက အဆင်သင့်ရှိနေစေရေးအတွက် ကယားပြည်နယ်မီးသတ်ဦးစီးမှူး ဦးမြကြိုင်ဦးဆောင်၍ တပ်ဖွဲ့ဝင် ၁၃ ဦးတို့က လွိုင်ကော်မြို့ ဒေါဥခူရပ်ကွက်ရှိ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် စာသင်ကျောင်းအတွင်းရှိ စာသင်ခုံများ နေရာချထားပေးခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းတို့ကိုဆောင်ရွက်ခဲ့ကြပြီး ကျန်စာသင်ကျောင်းများတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကယားပြည်နယ်မီးသတ်ဦးစီးမှူး ဦးမြကြိုင်က ပြောကြားသည်။

**ကိုစိုင်း (လွိုင်ကော်)**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) မှ ရှေးရိုးရာဆန်သည့် အဲန်လူမျိုးများ

**ကျိုင်းတုံ မတ် ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပင်းတောက်ကျေးရွာအုပ်စု တောင်ပေါ်ဒေသရှိ နမ့်လင်မိုင်းရွာမှာ အဲန်လူမျိုးစုတို့နေထိုင်ကြပါတယ်။ အဲန်လူမျိုးများဟာ အနက်ရောင်ဝတ်စုံကိုသာ ကိုယ်တိုင်ဖန်တီး ရက်လုပ်၍ ရှေးရိုးရာဆန်ဆန် ဝတ်ဆင်ကြပြီး သွားမည်းမှ လှတယ်လို့ ယူဆကြတဲ့အတွက် သူတို့ရဲ့သွားတွေကို မည်းအောင်ပြုလုပ်ထားကြပါတယ်။ အမျိုးသားအများစုက ဆံပင်ရှည်ကြီးများဖြင့် ရှေးရိုးဆန်စွာမြင်တွေ့ရပြီး အဲန်လူမျိုးများရဲ့ ရှေးကျတဲ့ လူနေမှုပုံစံတွေကို ထူးခြားစွာ တွေ့မြင်ရ၍ နိုင်ငံခြားသားခရီးသွားတွေကို အဓိကဆွဲဆောင်နေပါတယ်။

သူတို့ရဲ့သွားတွေကို မည်းအောင် မိုက်ကော်သစ်ပင်မှ အခေါက်ကို အဆီရရှိအောင် မှိုင်းတိုက်ပြီး သွားတွေကို အသက် ၁၂၊ ၁၃ နှစ် အရွယ်မှာ ကတည်းက စတင်သုတ်လိမ်းကြပြီး သစ်ရွက်ခြောက်၊ ဆေးနီသစ်ခေါက်ကို အခွံခွာ၍ ကွမ်းယာကဲ့သို့ အမြဲတစေဝါးလေ့ရှိပါတယ်။ အမျိုးသမီး၊ အမျိုးသားများအားလုံး နားပေါက်ဖောက်ကြကာ ရိုးရာပွဲနေ့များတွင် ပန်းတွေထည့်ပန်ကြပြီး ငွေလက်ကောက်များ အမြဲဝတ်ဆင်ကာ ဖိနပ်စီးလေ့ မရှိပါဘူး။ သူတို့ရဲ့ ရိုးရာဆန်တဲ့ လူနေမှုပုံစံများက စိတ်ဝင်စားဖို့ ကောင်းလှပါတယ်။

အဲန်လူမျိုးတွေဟာ တောင်ယာစပါး၊ သီးနှံစိုက်ပျိုးခြင်း၊ မွေးမြူရေးနဲ့ အမဲလိုက်ခြင်းတို့ကို အဓိက လုပ်ကိုင်ရပ်တည်နေထိုင်ကာ မိရိုးဖလာ နတ်ကိုးကွယ်ကြတဲ့ လူမျိုးစုတစ်ခုဖြစ်ပြီး သီးသန့်နေထိုင်ရာ ကမ္ဘာလေးကဲ့သို့ တွေ့မြင်ရပါတယ်။ အဲန်လူမျိုးတွေဟာ တောစောင့်နတ်၊ တောင်စောင့်နတ်နဲ့ သေသွားတဲ့ ဘိုးဘေးနတ်တွေကို ကိုးကွယ်ယုံကြည်ကြပါတယ်။ ရိုးရာနတ်ပွဲကို ဆောင်းအကုန် နွေအကူးကာလမှာ အမဲလိုက်ကြပြီး ရရှိလာတဲ့ သားကောင်နဲ့ နတ်ပူဇော်ပွဲ ပြုလုပ်ကြပါတယ်။ ရွာထဲမှာ အဲန်လူမျိုးတွေရဲ့ ရိုးရာနတ်စင်တစ်စင်ကို တွေ့ရှိရမှာဖြစ်ပြီး ရွာရဲ့နတ်ဆရာအိမ်မှာ သူတို့ပူဇော်တဲ့ နတ်ကိုခေါ်ဖို့ ဗုံကြီးတစ်လုံးရှိပါတယ်။ အဲဒီဗုံကြီးကို ရိုးရာနတ်ပူဇော်ပွဲမှာ အမျိုးသားတွေသာ တီးကြရပြီး ဗုံတီးပူဇော်ခြင်းဖြင့် ရွာထဲသို့ မကောင်းဆိုးဝါးများ မဝင်ရောက်နိုင်ကြောင်း၊ ရန်သူတွေက သူတို့ကိုမတွန်းလှန်နိုင်ကြောင်းနဲ့ ဆန်ရေစပါး ပေါကြွယ်ဝကြောင်း ယုံကြည်ကြပါတယ်။

အဲန်လူမျိုးတွေဟာ အဲန်ကိုယ်ပိုင်ဘာသာစကားနဲ့ ရှမ်းဘာသာစကားကို အဓိကပြောဆိုကြပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ အဲန် ရွာ စုစုပေါင်း ရွာ ၄၀ မှာ ၂၀၁၇ လူဦးရေစာရင်းအရ လူဦးရေ ၃၆၀၀ နီးပါးခန့်ရှိတယ်လို့သိရပါတယ်။

အဲန်လူမျိုးတွေဟာ ရှမ်းတိုင်းရင်းသားလူမျိုးနွယ်ဝင် အုပ်စုတစ်ခုဖြစ်ပြီး မြန်မာတိုင်းရင်းသား ၁၃၅ မျိုး စာရင်းဝင်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပင်းတောက်ကျေးရွာအုပ်စုမှာ အဲန်လူမျိုးတွေနေထိုင်တဲ့ နမ့်လင်းမိုင်၊ နမ့်လင်းကောင်၊ ပါးလို၊ ပါကျော့၊ ပန်လေ၊ ဝမ်နောင်၊ တင်ထပ်၊ ဝမ်ခါးစတဲ့ ကျေးရွာခုနစ်ရွာရှိပြီး မိုင်းလန်းကျေးရွာအုပ်စုမှာ တစ်ရွာ၊ မိုင်းခတ်မြို့နယ်မှာ ၁၃ ရွာနဲ့ မိုင်းဖြတ်မြို့နယ်တွင် လေးရွာတို့မှာ တွေ့ရှိရပါတယ်။



အဲန်လူမျိုးတွေဟာ ရှေးတုန်းကလို သျှောင်ထုံး ထုံးကြတယ်။ မူလ တိုင်းရင်းသားဝတ်စုံကိုလည်း အမြဲဝတ်ထားကြတဲ့ အလေ့ ရှိတာတွေကိုလည်း မြင်တွေ့ရပါတယ်။

ယခုအခါမှာ အဆိုပါ အဲန်လူမျိုးစုများနေထိုင်ရာ ရွာလေးကိုတော့ သက်ဆိုင်ရာက ကျောင်းများ၊ ဆေးပေးခန်းများထားရှိဆောင်ရွက်ပေးထားပြီဖြစ်သော်လည်း ရိုးရာ လူမှုနေထိုင်မှုများ ကျန်ရှိနေဆဲဖြစ်ပါတယ်။

ဘဝကို ရိုးရှင်းစွာ ဖြတ်သန်းနေထိုင်ကြတဲ့ အဲန်လူမျိုးတွရဲ့ အလေ့အထက လေ့လာဖို့ကောင်းတဲ့အတွက် အရောက်သွားဖို့ ဖိတ်ခေါ်ရေးသားလိုက်ရပါတယ်။

**အောင်ဇင်မြင့်**
**(ပြန်/ဆက်)**

# ရန်ကုန်မြစ်တွင်း မြူနှင်းပိတ်မှုကြောင့် ချယ်ရီသင်္ဘောများ ခရီးစဉ်အချို့စောင့်ဆိုင်းခဲ့ရပြီး နှင်းကွဲချိန် ပုံမှန်ပြေးဆွဲ

**ရန်ကုန် မတ် ၁**

ရန်ကုန် (ပန်းဆိုးတန်း-ဒလ) ကူးတို့သင်္ဘောဆိပ်ကမ်းသည် စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ မြစ်တွင်းသွား ချယ်ရီသင်္ဘောများဖြင့် နေ့စဉ် ကူးတို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့ရက်ပိုင်းတွင် မြူနှင်းပိတ်မှုကြောင့် ခရီးသည်နှင့် ရေယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ရေယာဉ်ခရီးစဉ်အချို့ ကမ်း၌ စောင့်ဆိုင်းခဲ့ရပြီး နှင်းကွဲချိန် မြင်ကွင်းများ ရှင်းလင်းမှသာ ပုံမှန် ပြန်လည်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။



"နှင်းပိတ်တာက နှစ်စဉ်နှစ်တိုင်း ဖြစ်လေ့ဖြစ်ထရှိတဲ့သဘာဝပါ။ ရေယာဉ်တွေအနေနဲ့ မြင်ကွင်းရှင်းလင်းအောင် စောင့်ပြီးပြေးဆွဲရတဲ့အနေအထားဖြစ်လို့ ခရီးသည်နဲ့ ရေယာဉ်သင်္ဘောတွေ အန္တရာယ်ကင်းရှင်းဖို့အတွက် အဓိကထားပြီးတော့ ဆောင်ရွက်ရတဲ့ အပိုင်းဖြစ်ပါတယ်။ မြင်ကွင်းမရှင်းဘဲထွက်ရင် မြစ်အတွင်းမှာ သွားလာနေတဲ့ စက်တပ်သမ္ဗန်ငယ်တွေနဲ့ ထိတွေ့မှု အန္တရာယ်ရှိနိုင်တဲ့အတွက် မြင်ကွင်းရှင်းတာကိုစောင့်ပြီး ပြေးဆွဲပေးတာဖြစ်ပါတယ်။ ပြီးတော့ မြင်ကွင်းမရှင်းရင် လုံးဝမထွက်ခွာကြဖို့ ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ အတတ်နိုင်ဆုံး ခရီးသည်တွေ သွားလာရေးအဆင်ပြေချောမွေ့စေဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်" ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ) လက်ထောက်အထွေထွေမန်နေဂျာ ဦးလှဝင်းနိုင်က ပြောသည်။

အဆိုပါ သင်္ဘောဆိပ်ကမ်း၌ ယနေ့ နံနက်ပိုင်း ၅ နာရီခွဲခေါက်၊ ၆ နာရီခေါက်၊ ၆ နာရီခွဲခေါက်နှင့် ၇ နာရီခေါက် ပြေးဆွဲခဲ့ပြီး ၇ နာရီ မိနစ် ၂၀ ခေါက်၊ ၇ နာရီ မိနစ် ၄၀ ခေါက်နှင့် ၈ နာရီခေါက်တို့တွင် မြူနှင်းပိတ်ခြင်းကြောင့် ချယ်ရီရေယာဉ်များ ကမ်းမှ မထွက်ခွာဘဲ စောင့်ဆိုင်းခဲ့ပြီး ၈ နာရီ မိနစ် ၂၀ ခေါက် အချိန်ကစတင်ပြီး သတ်မှတ်ခရီးစဉ်အချိန်ဖြင့် ပုံမှန် ပြန်လည်ပြေးဆွဲပေးကြောင်း သိရသည်။

အဆိုပါ ရန်ကုန်(ပန်းဆိုးတန်း-ဒလ) သင်္ဘောဆိပ်ကမ်း၌ ဖေဖော်ဝါရီ ၉ ရက်က စတင်၍ သင်္ဘောခရီးစဉ်များကို နေ့စဉ် နံနက် ၅ နာရီခွဲမှ ည ၇ နာရီထိ ခရီးသည်များကို ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်သွားလာမှု နည်းပါးခဲ့ပြီး တစ်ရက်လျှင် ခရီးသည် ၆၀၀၀ နှင့် ၇၀၀၀ ကြားရှိကြောင်း သိရသည်။ လက်ရှိအချိန် ရုံးဖွင့်ရက်များတွင် နေ့စဉ် နံနက် ၅ နာရီခွဲမှ ည ၇ နာရီအထိ အသွား ၃၅ ခေါက်၊ အပြန် ၃၅ ခေါက်နှုန်း၊ ရုံးပိတ်ရက်များတွင် နံနက် ၆ နာရီမှ ည ၇ နာရီအထိ အသွား ၂၂ ခေါက်၊ အပြန် ၂၂ ခေါက် နှုန်းဖြင့် ခရီးစဉ်များကို ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော် (ပြန်/ဆက်)**

# ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အသွားအလာကန့်သတ်စောင့်ကြည့်

**ကော့သောင်း မတ် ၁**

နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ထိုင်းနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံရပြီး ပြန်လည်လွတ်မြောက်လာသည့် မြန်မာနိုင်ငံသားအမျိုးသား ၅၄ ဦး၊ အမျိုးသမီးကိုးဦး စုစုပေါင်း အလုပ်သမား ၆၃ ဦးသည် ယနေ့နံနက်ပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် မြန်မာနိုင်ငံ ကော့သောင်းမြို့သို့ ရေလမ်းခရီးမှ ပြန်လည်ဝင်ရောက်လာသည်။

အဆိုပါ မြန်မာအလုပ်သမားများမှာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် ပြည်ပတွင်ပိတ်မိနေသူများနှင့် အရေးယူခံနေခဲ့ရသူများဖြစ်ကာ ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများကို ကော့သောင်းခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ NGO အဖွဲ့ အစည်းများက ရောဂါကူးစက်မှုသံသယရှိသူများ ပါဝင်လာခြင်းရှိ-မရှိ၊ မြန်မာနိုင်ငံသားမဟုတ်သူများ ပါဝင်လာခြင်း ရှိ-မရှိ စစ်ဆေးလက်ခံခဲ့ပြီး အစားအသောက်၊ ကျန်းမာရေးနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကော့သောင်းမြို့ရှိ Community Based Facility Quarantine Center များတွင် Facility Quarantine ၁၄ ရက် အသွားအလာကန့်သတ်ထားရှိစောင့်ကြည့်ပြီး ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးတွေ့ရှိခြင်းမရှိမှသာ မိမိတို့နေထိုင်ရာနေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တောင်ပိုင်းသား**





# ကျေးရွာလျှပ်စစ်မီးလင်းရေးအခြေအနေ မြို့နယ်တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ကျောက်ကြီး မတ် ၁**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ၂၀၂၀-၂၀၂၁ ခုနှစ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၉၅၂၂၀၃၀ဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျေးရွာလျှပ်စစ်မီးလင်းရေးဆောင်ရွက်နေမှုအခြေအနေများကို မတ် ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ကွင်းဆင်းကြည့်ရှုစစ်ဆေးမှုတွင် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူ ဦးဆောင်၍ မြို့နယ်စီမံကောင်စီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများသည် မွေတွင်းကျေးရွာတွင် 11/0.4 KV (200) KVA တစ်လုံးတည်ဆောက်ခြင်းလုပ်ငန်း၊ ဆင့်ဂေါင်းရွာနှင့် ကုလားရွာသို့ (11) KV လိုင်း (၀ ဒသမ ၃၆) မိုင် တည်ဆောက်ခြင်းနှင့် 11/0.4 KV (100)KVA တစ်လုံး တည်ဆောက်ခြင်းလုပ်ငန်း၊ လက်ပံခုန်ကျေးရွာသို့ (11) KV လိုင်း (၀ ဒသမ ၈) တည်ဆောက်ခြင်းလုပ်ငန်း၊ ညောင်ပင်သာကျေးရွာသို့ (11)KV လိုင်း (၄ ဒသမ ၇၂) မိုင် တည်ဆောက်ခြင်းနှင့် 11/0.4 KV (200)KVA သုံးလုံးတည်ဆောက်ခြင်းလုပ်ငန်း၊ တောပုကျေးရွာသို့ (11) KV လိုင်း (၁ ဒသမ ၇၁)မိုင် တည်ဆောက်ခြင်းနှင့် 11/0.4 KV (200)KVA တစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းများ၌ တိုင်ထူခြင်း၊ လိုင်းကြိုးတင်ခြင်းလုပ်ငန်း၊ ကျောက်ကြီးဘက်ကျေးရွာသို့ (11) KV လိုင်း (၀ ဒသမ ၉၂)မိုင် တည်ဆောက်ခြင်းနှင့် 11/0.4 KV (100)KVA တစ်လုံးတည်ဆောက်ခြင်း လုပ်ငန်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဝန်ထမ်းများက ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ကိုသားကြီး (ကျောက်ကြီး)**

# တနင်္သာရီမြို့နယ်တွင် ရှေးဦးပြုစုခြင်းစခန်း အရေးပေါ်ဖွင့်လှစ်

**တနင်္သာရီ မတ် ၁**

တနင်္သာရီတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားချက်အရ တနင်္သာရီမြို့နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီက မြို့နယ်ကြက်ခြေနီအသင်း(ခွဲ) ရှေးဦးပြုစုခြင်းစခန်း (Firstaid Cover)ကို အထက-တနင်္သာရီ ကျောင်းဝင်းအတွင်း အရေးပေါ်ဖွင့်လှစ်ထားရှိသည်။

တနင်္သာရီမြို့နယ် ကြက်ခြေနီအသင်း(ခွဲ)အနေဖြင့် မိမိမြို့နယ်အတွင်း မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုများ၊ အများပြည်သူများ နာမကျန်းဖြစ်မှုများ ကြုံတွေ့ရသည့်အခါတွင် ထိခိုက်ဒဏ်ရာရမှုများ လျော့ပါးသက်သာစေရန် ရှေးဦးပြုစုခြင်းလုပ်ငန်းများဖြင့် လျင်မြန်ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်စေရေးအတွက် နေ့စဉ်ဖွင့်လှစ်ပေးထားခြင်းဖြစ်ကြောင်း၊ ဒုတပ်ခွဲမှူးအောင်ကျော်ကျော်၏ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်များက နေ့အလိုက်အလှည့်ကျ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်အောင်ထံမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံးရှိ ဝန်ထမ်းများ တွေ့ဆုံပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၁**

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံးများရှိ ဝန်ထမ်းများ တွေ့ဆုံပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ Virtual System ဖြင့် ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို လိုက်နာရန်နှင့် နိုင်ငံ့ဝန်ထမ်း၏ တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည့်ဝန်ထမ်းများကို အသိအမှတ်ပြု/ မှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဖေဖော်ဝါရီ ၈ ရက်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားခဲ့သည့် မိန့်ခွန်းပါအချက်များကို ဝန်ထမ်းအဆင့်ဆင့်အား ညွှန်ကြားပေးရန် မှာကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (Road Map) (၅) ရပ်၊ ဦးတည်ချက်(၉)ရပ်ကို အောင်မြင်သည်အထိ အရာထမ်း၊ အမှုထမ်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားခဲ့သည်။





ယင်းနောက် တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ဝန်ထမ်းအင်အားအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုစာရင်းစစ်ချုပ်က လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြည်သူ့ဘဏ္ဍာကို ပြည်သူ့အကျိုးအတွက် အကျိုးရှိစွာ သုံးစွဲနိုင်စေရေးကို ဆောင်ရွက်ပေးရခြင်းသည် စာရင်းစစ်ချုပ်ရုံးများ၏ တာဝန်ဖြစ်သည့်အတွက် အဂတိတရားကင်းရှင်းစွာဆောင်ရွက်ပြီး နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ရန်လိုအပ်ကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဒေသစာရင်းစစ်ချုပ်ရုံးများမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိအရာထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများဖွင့်လှစ်နိုင်ရေး တာဝန်ရှိသူများနှင့်တွေ့ဆုံ

**ရန်ကုန် မတ် ၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေး ပညာရေးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ ၃ ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက ကိုဗစ် - ၁၉ ရောဂါ အခြေအနေများကြောင့် ကျောင်းများပိတ်ထားရသည့်အတွက် ကျောင်းသားများ၏ ပညာဆည်းပူးခွင့်ရရှိရေးနှင့် အနာဂတ်ဘဝအတွက်စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအပါအဝင် ပညာရေးကဏ္ဍ ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေးလို၍ အစည်းအဝေးခေါ်ယူရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးအောင်ဝင်းသိန်းက ရန်ကုန်တိုင်းဒေသကြီး ပညာရေးဌာန တာဝန်ရှိသူများနှင့် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကိုဗစ်-၁၉ ရောဂါကာကွယ်ရန် ပိုးသတ်ဆေးဖျန်းခြင်း၊ လက်ဆေးကန်များစီစဉ်ထားရှိခြင်း၊ ကိုဗစ်-၁၉ ရောဂါတစ်ဦးချင်းလိုက်နာဆောင်ရွက်ရမည့် အချက်များကို ကျောင်းသား ကျောင်းသူများ လိုက်နာရန်စည်းကမ်းချက်များ၊ ကျောင်းသားမိဘများလိုက်နာရမည့် စည်းကမ်းချက်များ၊ ကျောင်းကြို/ပို့မော်တော်ယာဉ်နှင့်ယာဉ်မောင်းယာဉ်နောက်လိုက်များကို ကျန်းမာရေးစစ်ဆေးပြီး ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်နိုင်ရေး အကြိုဆွေးနွေးထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေါက်တာသန်းသန်းဝင်း ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၊ ဒေါ်နှင်းကြည် တိုင်းဒေသကြီးပညာရေးမှူးနှင့် တက္ကသိုလ်၊ ကောလိပ်တို့မှ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများအား ကိုဗစ်-၁၉ ရောဂါ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများ၊ ကုသရေးစင်တာများအဖြစ် အသုံးပြုထားသည့်အခြေအနေများနှင့် ပညာရေးဝန်ထမ်းဆရာ ဆရာမများအတွက် နှာခေါင်းစည်းနှင့် မျက်နှာအကာများ ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများအတွက် ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များ ကြိုတင်ဖြန့်ဝေပေးထားသည့်အစီအစဉ်များ၊ လက်ဆေးကန်အတွက် ကျောင်းများတွင် အဓိကလိုအပ်သည့် ရေရရှိရေးအတွက် ရေစင်တည်ဆောက်ထားရှိမှုများ၊ သန့်စင်ခန်းများ တည်ဆောက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။ ယင်းနောက်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန် ကျောင်းနှင့်ဝန်းကျင်ဥပဓိရုပ် ကောင်းမွန်ရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်ရန်၊ စာသင်ခုံနှင့် သင်ထောက်ကူပစ္စည်းများနေရာချထားခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေးလမ်းညွှန်ချက်များနှင့် ညီညွတ်စေရန် ပြင်ဆင်ဆောင်ရွက်ခြင်း၊ ဆေးဖျန်းခြင်း ၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် တက္ကသိုလ်၊ ကောလိပ် အသီးသီး၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များနှင့် ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ပေးကြရန် နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အိန္ဒိယနိုင်ငံအစိုးရအကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအတွက် နားလည်မှုစာချွန်လွှာများ ဆောလျင်စွာလက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁**

အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံဆိုင်ရာ မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Quick Impact Project – QIP) ငါးခုအတွက် နားလည်မှုစာချွန်လွှာ (MoU) များကို ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့ အစည်းများနှင့် ညှိနှိုင်းဆွေးနွေးသည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပြည်သူများအတွက် အချိန်တိုအတွင်း အကျိုးဖြစ်ထွန်းစေမည့် အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီဖြင့် ဆောင်ရွက်မည့် စီမံကိန်းများဖြစ်သော ဘေလီတံတားတည်ဆောက်ခြင်း၊ မြို့နယ်ခန်းမဆောင် တည်ဆောက်ခြင်း၊ အသေးစား လေစွမ်းအင်သုံး လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခြင်း၊ ဌာနဆိုင်ရာ E-Library တည်ဆောက်ခြင်းနှင့် အပူပိုင်းဇုန်တွင် နေရောင်ခြည်စွမ်းအင်သုံး ရေပေးဝေရေးစီမံကိန်းများကို သတ်မှတ်ကာလအတွင်း ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် MoU များ လျင်မြန်စွာ လက်မှတ်ရေးထိုးနိုင်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသူများက ၎င်းတို့နှင့် သက်ဆိုင်သည့် စီမံကိန်းဆိုင်ရာ MoU များ လက်မှတ်ရေးထိုးရေးအတွက် တင်ပြဆွေးနွေးကြသည်။

အစည်းအဝေးသို့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# တရားဝင်ဖွဲ့စည်းထားခြင်းမဟုတ်သော အဖွဲ့အစည်းများဖြစ်ကြောင်း ကြေညာခြင်း

၁။ အလုပ်သမားအဖွဲ့အစည်းဥပဒေကို ၂၀၁၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၂ ခုနှစ် မတ်လ ၉ ရက်နေ့တွင် စတင်ကာ အာဏာတည်ခဲ့ပါသည်။

၂။ အလုပ်သမားများသည် အလုပ်သမားရေးရာကိစ္စရပ်များကို ဆောင်ရွက်ရန်အတွက် အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းလိုပါက ယင်းဥပဒေပုဒ်မ ၉ ၊ ၁၀ ၊ ၁၁ နှင့် ၁၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ရမည်ဖြစ်ပါသည်။

၃။ မှတ်ပုံတင်ထားသော အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားအဖွဲ့အစည်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိပါသည်။

၄။ ယခုအခါ အလုပ်သမားအဖွဲ့အစည်းအမည်ခံ ဖွဲ့စည်းထားသော အောက်ပါအဖွဲ့အစည်းများသည် ဥပဒေနှင့်အညီ မှတ်ပုံတင်ထားခြင်း မရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းများမဟုတ်ကြောင်း စိစစ်တွေ့ရှိရပါသည်-

(က) ဗမာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၊
(ခ) အလုပ်သမားအချင်းချင်းရိုင်းပင်းကူညီရေးအဖွဲ့၊
(ဂ) အနာဂတ်အလင်းတန်းဆုံမှတ်အဖွဲ့၊
(ဃ) Action Labour Right ၊
(င) All Myanmar Trade Union's Network ၊
(စ) Agriculture Freedom of Myanmar ၊
(ဆ) Association for Labour Development (ALD) ၊
(ဇ) Federation of Garment Workers Myanmar ၊
(ဈ) Freedom and Labour Action Group ၊
(ည) Labour Power Group ၊
(ဋ) We Generation Network ၊
(ဌ) ရောင်ခြည်ဦးအလုပ်သမားအဖွဲ့၊
(ဍ) သွေးစည်းညီညွတ်သောသမဂ္ဂများအဖွဲ့ချုပ်(မြန်မာ)STUM၊
(ဎ) အလုပ်သမားသမဂ္ဂများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Cooperation Committee of Trade Unions – CCTU)၊
(ဏ) မြန်မာနိုင်ငံလုံးဆိုင်ရာ ရေနံအလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်၊
(တ) စက်မှုလုပ်ငန်းဆိုင်ရာ အမျိုးသမီးအလုပ်သမားများအစည်းအရုံး(Industrial Women Worker Organization–IWWO)၊

၅။ သို့ဖြစ်၍ ဖော်ပြပါ အဖွဲ့အစည်းများသည် တရားဝင်အဖွဲ့အစည်းများမဟုတ်ကြောင်း၊ ယင်းတို့၏ လှုပ်ရှားဆောင်ရွက်မှုများသည်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်းနှင့် ဆက်လက်လှုပ်ရှားဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ



**နေပြည်တော် မတ် ၁**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရား၊ စေတီများအပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညို တရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ဖူးမြော်ကြည်ညို**

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာသံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

**ဖွင့်လှစ်ထားရှိ**

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာ ဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဘူမိဖသဃမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော် အပိုင်း ၃ နှင့် အပိုင်း ၅ တို့ကို ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁**

နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဘူမိဖသဃမုဒြာထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော် အစိတ်အပိုင်းများကို Modular Trailer များဖြင့် ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော် ကောင်စီနယ်မြေသို့ ပို့ဆောင်လျက်ရှိရာ တတိယအကြိမ်အဖြစ် ပလ္လင်တော်အပိုင်း ၃ နှင့် အပိုင်း ၅ တို့ကို ဇန်နဝါရီ ၂၃ ရက်တွင် ဆီမီးခုံဆိပ်ကမ်းမှ ပင့်ဆောင်ပူဇော်ခဲ့ရာ တည်ထားကိုးကွယ်မည့်မင်္ဂလာနေရာသို့ ယမန်နေ့ မွန်းလွဲပိုင်းတွင် ရောက်ရှိခဲ့သည်။

**ကြွရောက်ချီးမြှင့်**

အဆိုပါ ဘူမိဖသဃမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော် အပိုင်း ၃ နှင့် အပိုင်း ၅ အစိတ်အပိုင်းများအား ကြိုဆိုပင့်ဆောင်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ဒက္ခိဏသီရိမြို့နယ် သံဃနာယကဥက္ကဋ္ဌ ညောင်ကုန်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ အမှူးပြုသော ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ဒက္ခိဏသီရိမြို့နယ် သံဃနာယကဥက္ကဋ္ဌ ညောင်ကုန်းဆရာတော် အမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့က မေတ္တာပို့ဂါထာတော်များကို ရွတ်ဆိုပူဇော်၍ မေတ္တာပြုတော်မူသည်။ ထို့နောက် ဘုရားဒါယကာ၊ ဒါယိကာမများနှင့် ဧည့်ပရိသတ်အပေါင်းတို့က ရတနတ္တယပူဇာအရိယာသာဝိတ္ထိဂါထာ၊ ဘုရားဂုဏ်တော်ကိုးပါး၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော်နှင့် မေတ္တာပို့လင်္ကာများကို သံပြိုင်ညီညာစွာ ရွတ်ဆိုပူဇော်ကြသည်။

**ဆက်လက်ပင့်ဆောင်**

ဆက်လက်၍ ဘူမိဖသဃမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်ကြီး၏ အပိုင်း ၃ နှင့် အပိုင်း ၅ တို့ကို မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြေတောရမြို့တော်ဝန်ကျောင်း ဆရာတော် ဘဒ္ဒန္တခေမာနန္ဒတို့က ဦးဆောင်၍ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများ၊ ဘုရားဒါယကာများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြပြီး ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် ဘူမိဖသဃမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အပိုင်း ၃ နှင့် အပိုင်း ၅ တို့ကို အပူဇော်ခံမည့်နေရာသို့ ဆက်လက်ပင့်ဆောင်တော်မူကြသည်။

ယနေ့ကြိုဆိုပင့်ဆောင်သည့် ဘူမိဖသဃမုဒြာထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော် အပိုင်း ၃ နှင့် အပိုင်း ၅ တို့၏ အလေးချိန်မှာ ၄၇၇ တန်စီရှိပြီး တတိယအကြိမ်အဖြစ် ကြိုဆိုပင့်ဆောင်ခြင်းဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အစိတ်အပိုင်းများကို ဆက်လက်ပင့်ဆောင်ပူဇော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နွေကာလတွင် ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်

**နေပြည်တော် မတ် ၁**

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် မတ်လနှင့် ဧပြီလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပျံ့တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် မတ်လနှင့် ဧပြီလများအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များအား အထူးဂရုပြု နေထိုင်သွားကြပါရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**

# CDM နှင့် ထိခိုက်ခံစားရသည့် ဝန်ထမ်း၊ စီးပွားရေးလုပ်ငန်းရှင်၊ အငြိမ်းစားဝန်ထမ်းများ၏ စကားသံများ

**ဖေဖော်ဝါရီလ ဒုတိယပတ်မှစတင်၍ Civil Disobedience Movement (CDM) ကို ပြည်တွင်း၊ ပြည်ပမှ မသမာသူများ၏ အကွက်ချပုံဖော်မှုနှင့် ပြည်တွင်းမှ သွေးထိုးစည်းရုံး ဖြားယောင်းခံရသူများ၊ ခြိမ်းခြောက်ဖိအားပေးခံရသူများက လိုက်နာလုပ်ဆောင်မှုများဖြင့် မတည်မငြိမ်မှုများ ဖြစ်ပေါ်လျက်ရှိသည်။**

**ထိုသို့သော လွဲမှားသည့် အကွက်ချပုံဖော်မှုများကြောင့် လူထုအကြား စိုးရိမ်ကြောင့်ကြမှုများ ရှိလာသည်။ CDM ကြောင့် ထိခိုက်ခံစားရသည့် ဝန်ထမ်း၊ စီးပွားရေးလုပ်ငန်းရှင်၊ အငြိမ်းစားဝန်ထမ်းများ၏ စကားသံများကို စုစည်းတင်ပြလိုက်ရပါသည် –**

**တွေ့ဆုံမေးမြန်း**
**ကိုသစ္စာ(KL)**

“CDM ကြောင့် သဘောထားမတိုက်ဆိုင်တဲ့ သူငယ်ချင်းတွေနဲ့ မိတ်ပျက်ရတယ်။ ကျွန်မက CDM မှာ မပါဝင်ဘူး။ ကျွန်မ တာဝန်က နေပြည်တော်မှာဖြစ်လို့ လုံခြုံပေမယ့် တခြားနေရာဒေသတွေမှာ ရှိတဲ့ CDM မှာမပါဝင်တဲ့ ဝန်ထမ်းတွေအတွက် လုံခြုံမှုမရှိနိုင်ဘူးလို့မြင်တယ်။ CDM လှုပ်ရှားမှုမှာ ပါဝင်တဲ့သူတွေက CDM ကို အကြောင်းပြပြီး ဒီမိုကရေစီလို့ အော်နေပေမယ့် သူတို့ရဲ့အပြုအမူတွေက ဒီမိုကရေစီစနစ်နဲ့ ဆန့်ကျင်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ CDM မှာ ပါဝင်လှုပ်ရှားနေသူတွေက CDM မှာ မပါဝင်တဲ့သူတွေ ရုံးလုပ်ငန်းခွင်မဝင်နိုင်အောင် သွေးထိုးတာတွေ လုပ်နေတယ်။ စည်းရုံးမရရင် CDM မပါဝင်တဲ့ နိုင်ငံ့ဝန်ထမ်းတွေရဲ့ သက်ဆိုင်ရာ ရုံးဌာနတွေအထိ သွားပြီး မကြားဝံ့မနာသာ အော်ဟစ်တာတွေ၊ ခါတ်ပုံရိုက်တာတွေ၊ လူမှုကွန်ရက်စာမျက်နှာတွေမှာ သိက္ခာချ ဖော်ပြတာတွေ လုပ်ဆောင်နေကြတယ်။ ပိုဆိုးတာက CDM မှာ မပါဝင်ဘဲ ပြည်သူ့အကျိုးမြော်တွေးပြီး ရုံးတက်နေကြတဲ့ ဝန်ထမ်းတွေရဲ့ရုပ်ပုံ၊ အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်တွေကို ပိုစတာထုတ်ပြီး အများမြင်သာတဲ့ နေရာတွေမှာ ကပ်ထားကြတယ်ဆိုတဲ့ ဒီမိုကရေစီအကျင့်စရိုက်နဲ့ မလျော်ညီတဲ့ အပြုအမူတွေကို ဆောင်ရွက်နေကြတာပါပဲ။

## နားလည်စေချင်

“အတွေးမတူ ငါ့ရန်သူဆိုတဲ့ သဘောထားတွေ တွေ့နေရတယ်။ ကျွန်မတို့က နိုင်ငံ့ဝန်ထမ်းဖြစ်တဲ့အတွက် နိုင်ငံရဲ့ အစိုးရယန္တရား လည်ပတ်အောင်လုပ်ဆောင်ပေးကြရမှာဖြစ်တယ်။ နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာကို စောင့်သိကြရမယ့်သူတွေဖြစ်တယ်။ ဒါတွေကို CDM လုပ်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေ နားလည်စေချင်ပါတယ်”ဟု ဒုတိယဦးစီးမှူး တာဝန်ထမ်းဆောင်နေသူ မချိုချို (အမည်လွှဲ)က ပြောသည်။

“CDM လှုပ်ရှားမှုကြောင့် အချို့ဒေသတွေ၊ မြို့ကြီးတွေ ဆူပူနေတော့ နိုင်ငံရဲ့ စီးပွားရေးလည်း ထိခိုက်မယ်။ ဆူပူအကြမ်းဖက်မှုတွေရှိနေရင် နိုင်ငံတကာက ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ စီးပွားရေးအရ သော်လည်းကောင်း၊ လုံခြုံမှုမရှိဟု ထင်မှတ်၍သော်လည်းကောင်း နိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံကြတော့မှာ မဟုတ်ဘူး။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို အများကြီးထိခိုက်စေမယ်။ အလုပ်အကိုင်တွေ ရှားပါးလာမယ်။ ကျေနပ်မှုမရှိတိုင်းသာ ဆန္ဒပြနေမယ်ဆိုရင် ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်တွေအနေနဲ့ လုပ်ငန်းလည်ပတ်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး။ အတွေးအခေါ်၊ အမြော်အမြင်၊ အသိပညာ အားနည်းတဲ့သူတွေက မှားတယ်၊ မှန်တယ်၊ လုပ်သင့်တယ် မလုပ်သင့်ဘူးဆိုတာတွေကို ဝေဖန်ပိုင်းခြားမှုတွေ မရှိကြတော့ဘူး။ ရေရှည်မကြည့်ကြတော့ဘူး။ ပွင့်လင်းမြင်သာတဲ့၊ အများယုံကြည်လက်ခံတဲ့ ရွေးကောက်ပွဲပြန်လည်ကျင်းပပေးမယ်လို့ အာမခံထားတဲ့အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ရေရှည်မြော်တွေးကြစေချင်ပါတယ်”ဟု ၎င်းက ဆိုသည်။

CDM လှုပ်ရှားမှုများကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများလည်း နှောင့်နှေးထိခိုက်ဆုံးရှုံးမှုများ ရှိနေသည်။

“CDM လုပ်နေတဲ့ ဝန်ထမ်းတွေကြောင့် စီးပွားရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်နဲ့ နိုင်ငံတကာရေးရာနယ်ပယ်တွေမှာ ကျွန်တော်တို့တိုင်းပြည်အတွက် နှောင့်ယှက်မှုတွေ၊ နောက်ကျမှုတွေ ဖြစ်ရတယ်။ ဝန်ထမ်းဆိုတာက ပုဂ္ဂလိကဝန်ထမ်းတွေဖြစ်ဖြစ်၊ အစိုးရဝန်ထမ်းတွေဖြစ်ဖြစ် သူတို့မှာ စည်းမျဉ်း၊ စည်းကမ်းတွေ၊ ကျင့်ဝတ်သိက္ခာတွေ၊ စောင့်စည်းရမယ့် စည်းကမ်းတွေရှိတယ်။ ဝန်ထမ်းတွေ CDM လုပ်တဲ့အတွက် စီးပွားရေးနယ်ပယ်မှာ ငွေကြေးလည်ပတ်စီးဆင်းမှုနှေးကွေးနေတဲ့အတွက် ကုန်စည်စီးဆင်းမှုတွေကို အနှောင့်အယှက်ဖြစ်စေတယ်။

## လိုက်နာရမယ့်စည်းကမ်းတွေရှိ

“Company ဝန်ထမ်းတွေဆိုရင်လည်း သူတို့မှာ Company များအက်ဥပဒေမှာ လိုက်နာရမယ့် စည်းကမ်းတွေ ရှိပါတယ်။ လက်ရှိနိုင်ငံတော်ကို တာဝန်ယူနေတဲ့ နိုင်ငံ့အကြီးအကဲတွေက အခြားအခြေအနေတွေမှာ မိမိကြိုက်နှစ်သက်ရာပါတီကို မဲပေးနိုင်ပေမယ့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်တဲ့အချိန်မှာတော့ မိမိတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြဖို့ ဖိအားပေးတဲ့ပုံစံမျိုး မလုပ်ဘဲနဲ့ စည်းမျဉ်းစည်းကမ်းအရ မေတ္တာရပ်ခံမှုတွေ လုပ်နေတယ်။

“အဲဒါတွေကို ကျော်လွန်ပြီး CDM လုပ်နေတဲ့ ဝန်ထမ်းတွေအနေနဲ့ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနဲ့ စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ရာ ရောက်ပါတယ်။ Company ဝန်ထမ်းတွေကိုလည်း Company များ အက်ဥပဒေမှာ လိုက်နာရမယ့် စည်းကမ်းတွေရှိတာကြောင့် တချို့ဘဏ်တွေနဲ့ တချို့စီးပွားရေးအဖွဲ့အစည်းတွေမှာ အရေးယူထုတ်ပယ်လိုက်ရတဲ့ ဝန်ထမ်းတွေလည်း ရှိပါတယ်။ ဘယ်လိုအုပ်ချုပ်ရေးစနစ်ပဲဖြစ်ဖြစ်၊ ဘယ်လိုအုပ်ချုပ်ရေးစနစ်နဲ့ပဲသွားသွား အဓိကကျတာက ပြည်သူတွေ ပြေလည်ဖို့၊ ကုန်စည်စီးဆင်းမှုတွေမှန်ကန်ဖို့၊ သွားရေးလာရေးတွေ အဆင်ပြေဖို့၊ တရားဥပဒေစိုးမိုးဖို့နဲ့ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိဖို့က အရေးကြီးပါတယ်”ဟု စီးပွားရေးလုပ်ငန်းရှင် ဦးမျိုးက ပြောသည်။

“စီးပွားရေး လုပ်ငန်းစုတွေဆိုတာ တစ်ဦးတစ်ယောက်နဲ့ ရပ်တည်နေတာ မဟုတ်ပါဘူး။ ကျွန်တော်တို့မှာ ဝန်ထမ်းတွေရှိတယ်။ ဝန်ထမ်းတွေကိုမှီခိုနေရတဲ့ မိသားစုတွေလည်းရှိတယ်။ ကျွန်တော်တို့ မလည်ပတ်နိုင်ရင် မှီခိုနေရတဲ့ မိသားစုတွေ အများကြီးထိခိုက်ပါတယ်။ CDM လုပ်နေမယ်ဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေက လည်ပတ်လို့မရတော့တဲ့အတွက် သူတို့ ဒီနိုင်ငံကနေ ထွက်သွားပါလိမ့်မယ်။ အဲဒီလိုထွက်သွားရင် ကျွန်တော်တို့ တိုင်းပြည်အတွက် နစ်နာမှုတွေ ရှိပါတယ်။ လာရာအရပ်ကိုမကြည့်ဘဲ လားရာအရပ်ကိုကြည့်ရပါမယ်။ တိုင်းပြည်ကောင်းအောင် ဆောင်ရွက်ဖို့ဆိုရင် အားလုံးပူးပေါင်းကြဖို့လိုတယ်။ အစဉ်အလာကောင်းတွေကို မျိုးဆက်သစ်တွေအတွက် ကောင်းမွန်တဲ့အမွေအနှစ်အဖြစ် ဆက်ခံစေချင်တယ်”ဟု ၎င်းက ဆက်လက်ပြောပြသည်။

CDM လှုပ်ရှားမှုနှင့် သဘောထားမတိုက်ဆိုင်သည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများလည်း ရှိပါသေးသည်။

## လိုက်နာဖို့တာဝန်ရှိ

“ဝန်ထမ်းဘဝကနေ အငြိမ်းစားယူတယ်ဆိုတာ ဘဝကိုတည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း ဖြတ်သန်းဖို့ဖြစ်တယ်။ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းဆိုတာ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းတွေအပြင် တည်ဆဲဥပဒေတွေကိုပါ လိုက်နာဖို့ တာဝန်ရှိတယ်။ “စည်းတွင်းမှာနေ ကင်းကွေလိမ့်ရန်ဘေး၊ ကမ်းကိုကျော်ချော်ကာကျ များလှရန်ဘေး” ဆိုတဲ့ ဆိုရိုးစကားတစ်ခုရှိတယ်။ ဒါကို သတိမူမိစေချင်တယ်။ စည်းကျော်ပြီး ချော်ကျလို့ အငြိမ်းတောင် မစားရဘဲ ဖြစ်သွားမှာစိုးရတယ်။ အများအားဖြင့် နိုင်ငံ့ဝန်ထမ်းတစ်ယောက်ဖြစ်ဖို့ဆို ခေတ်ပညာတတ်ဖို့လိုတယ်။ ခေတ်ပညာမှာ သင်ကြားခဲ့ရတဲ့ အတွေ့အကြုံတွေကို အခြေခံပြီး ပြင်ပဗဟုသုတတွေနဲ့ပေါင်းစပ်လို့ အမှားနဲ့အမှန်၊ လုပ်သင့် မလုပ်သင့်ကို ဝေဖန်ပိုင်းခြား ဆင်ခြင်သုံးသပ် လုပ်ဆောင်ကြရမှာ ဖြစ်တယ်။

“အခုလုပ်ဆောင်နေကြတဲ့ CDM ဆိုတာ နိုင်ငံ့တာဝန်၊ ပြည်သူ့တာဝန်ဆက်လက် မထမ်းဆောင်နိုင်အောင် ကန့်ကွက်ခြင်းဖြစ်တယ်လို့ ယူဆတယ်။ CDM လှုပ်ရှားမှုနဲ့ပတ်သက်လို့ သဘောထားမတူတဲ့သူ၊ CDM မလုပ်လိုတဲ့သူတွေ ရှိနေတယ်ဆိုတာကိုလည်း သိရတယ်။ CDM မလုပ်လိုတဲ့သူတွေရဲ့ သဘောထားဆန္ဒကိုလည်း ထည့်သွင်းတွက်ချက်ကြရမယ်။ CDM လုပ်လို့ ဘယ်သူတွေ ထိခိုက်မလဲ၊ ဘယ်သူတွေပဲ နစ်နာဆုံးရှုံးကြမလဲ ဆိုတာ စဉ်းစားကြစေချင်တယ်။ အတိတ်က ဖြစ်ရပ်တွေကို သမိုင်းသင်ခန်းစာတွေအဖြစ် ရယူကြစေချင်တယ်။ ဒါကြောင့် နိုင်ငံကို အမှန်တကယ်ချစ်မြတ်နိုးတယ်ဆိုရင် ပြည်သူတွေအတွက် ဝန်ဆောင်မှုကောင်းတွေ ပေးနိုင်ဖို့ CDM မလုပ်ဘဲ ရုံးတက်ကြပါလို့ ပြောချင်ပါတယ်”ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်သည့် ဦးမင်းမော်က ရှင်းပြသည်။

## မကျင့်သုံးသင့်

စစ်မှန်သည့် ဒီမိုကရေစီစနစ်တွင် အများစု၏ဆန္ဒကို အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပြီး အနည်းစု၏ သဘောထားဆန္ဒများကိုလည်း လေးစားကြရမည်ဖြစ်သည်။ မိမိနှင့်သဘောထားဆန္ဒမတူညီ၍ ရန်သူဟု သတ်မှတ်ရန် မသင့်လျော်ပေ။ ထို့ကြောင့် CDM တွင် ပါဝင်လှုပ်ရှားနေကြသူများအနေဖြင့် နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို သစ္စာရှိစွာ အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် CDM လှုပ်ရှားမှုတွင် မပါဝင်သော နိုင်ငံ့ဝန်ထမ်းများအား အနိုင်ကျင့်ခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ ခြိမ်းခြောက်ခြင်း စသည့် ဒီမိုကရေစီစနစ်နှင့် ဆန့်ကျင်သည့် စရိုက်ဆိုးများကို မကျင့်သုံးသင့်ပါကြောင်းနှင့် CDM တွင် ပါဝင်လှုပ်ရှားခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေပါကြောင်း။

# ပြည်သူများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံ့ဝန်ထမ်းလစာများနှင့် အငြိမ်းစားဝန်ထမ်းလစာများအား လစဉ်ထုတ်ပေးမှုကို ဆောင်ရွက်လျက်ရှိပါသည်။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာထုတ်ယူခြင်းကို လစဉ် ရုံးဖွင့်ရက် (၂၁) ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန် မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့်ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီးဖြစ်ပါသည်။

၂။ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်စရိတ်များ ထုတ်ယူနိုင်ရန် ဌာနဆိုင်ရာများအနေဖြင့် သတ်မှတ်ထားသည့် နေ့ရက်များအတိုင်း ပုံမှန်လစာထုတ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာငွေများအား လစဉ် (၂၁) ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် (၂၁) ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင် ထုတ်ယူခြင်း၊ Mobile Money စနစ် အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ကို အဆင်ပြေစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

# အဖျက်အမှောင့်လုပ်ငန်းများကို မင်းမဲ့စရိုက်ဆန်စွာ အရှိန်အဟုန်မြှင့် ဆောင်ရွက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ




**နေပြည်တော် မတ် ၁**

အဖျက်အမှောင့်လုပ်ငန်းများကို မင်းမဲ့စရိုက်ဆန်စွာ နည်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားဥပဒေစိုးမိုးရေး အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် နိုင်ငံတော်အစိုးရအား ဆန့်ကျင်သော အဖွဲ့အစည်းများအနေဖြင့် ပြည်သူလူထုအတွင်း နည်းမျိုးစုံဖြင့် သွေးထိုးလှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း၊ ခြိမ်းခြောက်ခြင်း၊ Social Media များကို အသုံးပြု၍ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဆန္ဒပြမှုပုံစံအမျိုးမျိုးကို (ကွန်ရက်)စနစ်ဖြင့် ဖော်ပြကာ နေရာဒေသအသီးသီးတွင် ဆူပူမှုမဖြစ်မနေ ဆောင်ရွက်ကြရန် နေ့စဉ်ရက်ဆက် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့မြင်ရပါကြောင်း။

၂၀၂၁ ခုနှစ် မတ် ၁ ရက်တွင်လည်း နေရာဒေသအချို့၌ ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဖမ်းဆီးခြင်း၊ ကြိုးတုပ်ခြင်း၊ ဒဏ်ရာပြင်းထန်စွာရရှိအောင် နှိပ်စက်ခြင်း၊ လှည့်ကင်းဆောင်ရွက်နေသူများအား ရေနွေးပူဖြင့် လောင်းချခြင်း စသည့် အကြမ်းဖက်မှုပုံသဏ္ဍာန်အမျိုးမျိုးကို ဆောင်ရွက်နေကြသည်ကို ဖြစ်စဉ်များအရ တွေ့ရှိရပါကြောင်း။

၂၀၂၁ ခုနှစ် မတ် ၁ ရက် နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ ဗားကရာလမ်းနှင့် ကမာရွတ်မြို့နယ် အင်းစိန်လမ်းမပေါ်တို့တွင် လူစုလူဝေးများ ဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ ဒသမ ၁၂ ဗို့ ပြောင်းချောသေနတ်၊ မျက်ရည်ယိုဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား တစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း သုံးဦးတို့အား ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေး တပ်ဖွဲ့ဝင်များက အသံမြည်ဗုံးအသုံးပြု၍ လူစုခွဲခဲ့ရကြောင်း။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ၊ ရွှေဘိုနှင့် ကလေးမြို့တို့တွင် လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ ဒသမ ၁၂ ဗို့ ပြောင်းချောသေနတ်၊ မီးခိုးဖြူဗုံး၊ ၃၈ မီလီမီတာ ရော်ဘာကျည်တို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား ငါးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ရှစ်ဦးတို့အား ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒသမ ၁၂ ဗို့ ပြောင်းချောသေနတ်၊ ၃၈ မီလီမီတာ ရော်ဘာကျည်၊ မီးခိုးဖြူဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသားခြောက်ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ခုနစ်ဦးတို့အား ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ ရှမ်းပြည်နယ် လားရှိုးမြို့ ယုံအောင်ဟိုတယ်ရှေ့တွင် လူစုလူဝေးများ ဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒသမ ၁၂ ဗို့ပြောင်းချောသေနတ်၊ မျက်ရည်ယိုဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လူစုလူဝေးများအား ကိုင်တွယ်ထိန်းသိမ်းကြရာတွင် ထိခိုက်ဒဏ်ရာရရှိမှုကို အနည်းဆုံးသာဖြစ်ပွားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း လူစုလူဝေးအတွင်း လူငယ်များအား ရှေ့တန်းတင်ကာ ထိပ်တိုက်ရင်ဆိုင်ရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိစေရန် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို ပိုမိုတွေ့မြင်လာရကြောင်း။

လူငယ်ထုအနေဖြင့် မိမိတို့၏ အနာဂတ်မျှော်မှန်းချက်များ မပျက်ပြားစေရေးအတွက် ယခုဖြစ်ပွားနေသည့် နိုင်ငံတော်ဆန့်ကျင်ရေးအဖွဲ့အစည်းများတွင် စည်းရုံးမှုမခံရရေးအတွက် လူငယ်များ၏ မိဘဆွေမျိုးများက ဝိုင်းဝန်းထိန်းသိမ်း ကြပ်မတ်ပေးကြရန် အေးချမ်းသာယာလုံခြုံစွာနေထိုင်လိုသူ ပြည်သူလူထုအများစုက လိုလားလျက်ရှိကြောင်း ဖော်ပြပါရှိသည်။

**သတင်းစဉ်**



ထားဝယ်မြို့၌ ဆူပူဆန္ဒပြသူများအား လုံခြုံရေးရဲတပ်ဖွဲ့က လူစုကွဲစေရန် ကိုင်တွယ်ထိန်းသိမ်းမှုများ ဆောင်ရွက်စဉ်။



ပဲခူးမြို့၌ ဆူပူဆန္ဒပြသူများက အကြောင်းမဲ့ လုယက်ဖျက်ဆီးမှုများ လုပ်ဆောင်ခဲ့သည့် နေရာအား တွေ့ရစဉ်။

## ကန့်ဘလူမြို့ ပြည်သူ့ဆေးရုံမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM တွင် ပါဝင်လှုပ်ရှားမှုအပေါ် ဒေသခံပြည်သူများက ငြိမ်းအေးစွာ ဆန္ဒထုတ်ဖော်

**နေပြည်တော် မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ ပြည်သူ့ဆေးရုံမှ ဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းစုစုပေါင်း ၁၂၃ ဦးရှိသည့်အနက် လုပ်ငန်းခွင်ဝင်ရောက်သူ ၂၅ ဦးသာ ရှိပြီး ကျန်ဝန်ထမ်းအများစုမှာ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုဘဲ CDM တွင်ပါဝင်ပြီး တာဝန်ပျက်ကွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ဒေသခံပြည်သူလူထု၏ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန်အခက်အခဲများဖြစ်ပေါ်နေသည့်အတွက် ဒေသခံပြည်သူများက ယနေ့နံနက်ပိုင်းတွင် CDM ပြုလုပ်သော ကျန်းမာရေးဝန်ထမ်းများ အလိုမရှိ၊ နာမကျန်းဖြစ်နေသော ဆင်းရဲသားပြည်သူများကို ကိုယ်ချင်းစာပါ၊ ကျင့်ဝတ်နှင့်မညီသော ဆရာဝန်များ အလိုမရှိ စသည့် စာသားပါ ဆိုင်းဘုတ်များ၊ ကြွေးကြော်သံများဖြင့် ရှုတ်ချဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ရွှေဘိုမြို့၌ ဆန္ဒပြလူအုပ်စုမှ ချုပ်နှောင်ရိုက်နှက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး၊ အရပ်သားတစ်ဦး ထိခိုက်ဒဏ်ရာရရှိ



ရဲတပ်သား ဝင်းနိုင်ဦး(ဒဏ်ရာရ)



သက်ဦးမောင် (ဒဏ်ရာရ)

နေပြည်တော် မတ် ၁

ရွှေဘိုမြို့၌ ဆန္ဒပြလူအုပ်စုမှ ချုပ်နှောင်ရိုက်နှက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး၊ အရပ်သားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်၌ ယနေ့တွင် ရွှေဘိုမြို့မရဲစခန်းမှ ရဲတပ်သား ဝင်းနိုင်ဦးသည် ၎င်း၏သူငယ်ချင်းဖြစ်သူ ကိုသက်ဦးမောင် (ယခင်အထူးရဲတာဝန်ထမ်းဆောင်ဖူးသူ)၊ ဗမာ/ ဗုဒ္ဓ၊ (၁) ဦးခင်မောင်မြင့်၊ မင်းကွန်းကျေးရွာ၊ ရွှေဘိုမြို့နယ်နေသူနှင့်အတူ ရွှေဘိုမြို့ (၄)ရပ်ကွက် အထက(၃)ရှေ့သို့ အရပ်ဝတ်ဝတ်ဆင်လျက် နယ်မြေသတင်းသွားရောက်ယူဆောင်စဉ် ဆန္ဒပြလူစု ၂၀၀ ခန့်က ရဲတပ်သား ဝင်းနိုင်ဦးနှင့် ကိုသက်ဦးမောင်တို့အား ဖမ်းဆီးကာ လက်ပြန်ကြိုးတုတ်၍ ဓာတ်တိုင်တွင် ချည်နှောင်ပြီး တုတ်ဖြင့်ရိုက်/လက်သီးဖြင့် ထိုးခြင်းများ ပြုလုပ်ခဲ့သည့်အတွက် ရွှေဘိုမြို့မရဲစခန်းမှူး ဦးစီးသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရဲစခန်းသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရသည်။

ဖြစ်စဉ်တွင် ဆူပူအော်ဟစ်ဆန္ဒပြသူများ၏ ဝိုင်းဝန်းရိုက်နှက်ထိုးကြိတ်မှုကြောင့် ရဲတပ်သား ဝင်းနိုင်ဦးတွင် ဦးခေါင်းထိပ်/ယာနဖူး ဖူးယောင်၊ ဝဲလက်မောင်းနာကျင်ဒဏ်ရာများ(မစိုးရိမ်ရ) နှင့် ကိုသက်ဦးမောင်တွင် ယာချိုစောင်းတစ်လက်မခန့်ပေါက်ပြဲ၊ ဝမ်းဗိုက်/ပေါင်နာကျင် ဒဏ်ရာများ(မစိုးရိမ်ရ)တို့ အသီးသီးရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းအား မတရားဖမ်းဆီးချုပ်နှောင် ရိုက်နှက်ခဲ့သူများအား စုံစမ်းဖော်ထုတ်လျက်ရှိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်သွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

သတင်းစဉ်

■

## ရေဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့များရှိ အများပြည်သူအသုံးပြုနေသော လမ်းများပေါ်တွင် သံပုံးများ၊ သံအိတ်များ၊ ကျောက်ခဲများ၊ သစ်တုံးများ၊ ကွန်ကရစ်တုံးများနှင့် အခြားအတားအဆီးများချထားပြီး လမ်းများပိတ်ဆို့ထားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရှင်းလင်းဖယ်ရှား

နေပြည်တော် မတ် ၁

ရေဝတီတိုင်းဒေသကြီးအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများဖြစ်ပေါ် လျက်ရှိပြီး ဆူပူဆန္ဒပြသူများအနေဖြင့် အစိုးရလုပ်ငန်း ယန္တရားလည်ပတ်မှုကို အနှောင့်အယှက်ဖြစ်စေရန် ပြည်သူလူထုသွားလာအသုံးပြုနေသောလမ်းများအား လမ်းကြောင်းပိတ်ဆို့ခြင်းများနှင့် အဖျက်အမှောင့်လုပ်ရပ်များကို ပြုလုပ်လျက်ရှိသည်။

ထိုသို့ဥပဒေမဲ့လုပ်ရပ်များကို ကျူးလွန်လျက်ရှိရာ ယနေ့နံနက် ၅ နာရီခန့်တွင် ဆူပူဆန္ဒပြသူတစ်စုက ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက် ရွှေစည်းခုံလမ်းရှိ ခုံကျော်တံတားထိပ်တွင် လည်းကောင်း၊ နံနက် ၇ နာရီ မိနစ် ၅၀ ခန့်တွင် အမှတ်(၂)ရပ်ကွက် ကန်လမ်းထိပ်နှင့် နိဗ္ဗာနလမ်းတို့တွင်လည်းကောင်း၊ နံနက် ၈ နာရီခွဲခန့်တွင် အမှတ်(၁)ရပ်ကွက် ကွမ်းခြံ ကမ်းနားလမ်းထိပ်တွင် လည်းကောင်း မော်တော်ယာဉ်များပေါ်မှ သံများလာရောက်စုပုံခြင်း၊ သံအိတ်များချခြင်း၊ သစ်တုံးများ၊ ကျောက်တုံးကျောက်ခဲများ ချထားပြီး အဖျက်အမှောင့်များကို နည်းလမ်းအမျိုးမျိုးဖြင့် အများပြည်သူလူထုသွားလာအသုံးပြုလျက်ရှိသောလမ်းများအား သွားလာမှုအခက်အခဲဖြစ်စေရန် ပိတ်ဆို့ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ယင်းသို့အများပြည်သူများ အသုံးပြုလျက်ရှိသည့်လမ်းများအား ပိတ်ဆို့ထားသဖြင့် အဆိုပါနေရာများသို့ နံနက် ၁၁ နာရီခန့်တွင် ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်၍ ပိတ်ဆို့ထားသည့် သံပုံးများ၊ သံအိတ်များ၊ ကျောက်ခဲများ၊ သစ်တုံးများနှင့် အတားအဆီးများအား မြေတူးယာဉ်ဖြင့် ရှင်းလင်းဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ပေါ်၌ ဆူပူဆန္ဒပြသူလူတစ်စုက ယနေ့နံနက်ပိုင်းတွင် လမ်း ၃၀ နှင့် ၇၂ လမ်းထောင့်နှင့် လမ်း ၃၀ နှင့် ၇၃ လမ်းထောင့်တို့တွင် လည်းကောင်း၊ မြို့ပတ်လမ်းမ လမ်း ၃၀ အတိုင်း ၅၈ လမ်းမှ ၆၂ လမ်းအထိ လည်းကောင်း၊ ၆၂ လမ်းအတိုင်း ၂၆ လမ်းမှ ၃၅ လမ်းအထိလည်းကောင်း ကွန်ကရစ်တုံးများ၊ အတားအဆီးများ၊ သစ်ချောင်းများချထားပြီး လမ်းများပိတ်ဆို့ထားသဖြင့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လူအင်အား၊ စက်အင်အားများအသုံးပြုပြီး သွားရောက် ဖယ်ရှားရှင်းလင်းခဲ့ရသည်။

ထို့ပြင် မွန်းလွဲပိုင်းတွင် ၃၅ လမ်းနှင့် ၇၃ လမ်းထောင့်တို့တွင် မန္တလေးမြို့တော် လုံခြုံရေးအတွက် တပ်ဆင်ထားသော CCTV Camera များကို ဆူပူဆန္ဒပြသူလူတစ်စုက ဖျက်ဆီး၍ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆူပူဆန္ဒပြသူလူတစ်စုအနေဖြင့် အစိုးရအုပ်ချုပ်မှုယန္တရားကို ဟန့်တားနှောင့်ယှက်မှုများ ပြုလုပ်လျက်ရှိသည့်အပြင် အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများအားလည်း ဖိအားပေးခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ဟန့်တားခြင်းများကို ဆောင်ရွက်ခြင်း၊ အများပြည်သူများ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်း စသည့် အသက်အန္တရာယ်အား ခြိမ်းခြောက်သည်အထိ မင်းမဲ့စရိုက်ဆန်သည့် အကြမ်းဖက်လူအုပ်စု (Anarchy Mob)အသွင်သို့ ဦးတည်ဆောင်ရွက်လာသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သလိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ထားဝယ်မြို့၌ ဆူပူသူ လူစုလူဝေးက လုံခြုံရေးတပ်ဖွဲ့ဝင်များအား နီးကပ်စွာ ထိပ်တိုက်ရင်ဆိုင်ရန်ပြု

နေပြည်တော် မတ် ၁

ထားဝယ်မြို့၌ ဖေဖော်ဝါရီ ၂၈ ရက်က ဗိုလ်ချုပ်လမ်း၌ လူစုလူဝေးအင်အား ၁၀၀၀ ကျော်ခန့်သည် စုဝေးဆန္ဒပြရာမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများက သတိမှတ်ညွှန်ကြားချက်များနှင့်အညီ လူစုခွဲနိုင်ရေး အကြိမ်ကြိမ်သတိပေး ညှိနှိုင်းဖြေလျှော့ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် ဆူပူသူလူစုလူဝေးအနေဖြင့် လူစုခွဲမှုမရှိဘဲ အကြမ်းဖက်ဆန်စွာ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအား ရန်ပြုလာပြီး လုံခြုံရေးတပ်ဖွဲ့အနေဖြင့် နီးကပ်စွာ ထိပ်တိုက်ရင်ဆိုင်ကာ ရန်ပြုခံရသည့် အခြေအနေသို့ ရောက်ရှိလာခဲ့သဖြင့် အသံမြည်ဗုံး၊ ဒသမ ၁၂ ဗို ပြောင်းချောသေနတ်တို့ဖြင့် ပစ်ခတ်လူစုခွဲခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ယင်းသို့ ပစ်ခတ်လူစုခွဲခြင်းများဆောင်ရွက်ခဲ့သော်လည်း ဆူပူသူလူစုလူဝေးများမှ လူစုခွဲမှုမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထပ်မံရန်ပြုလာသည့် အခြေအနေအရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နောက်သို့ ဆုတ်ခွာခဲ့ရပြီး လူစုလူဝေးကိုင်တွယ် ထိန်းသိမ်းနည်းလုပ်ငန်းစဉ်များနှင့်အညီ မလွဲမရှောင်သာ ပစ်ခတ်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ခဲ့ရသည်။

၎င်းဖြစ်စဉ်တွင် အမျိုးသား သုံးဦး ထိခိုက်သေဆုံးခဲ့ပြီး အမျိုးသားတစ်ဦးအား သက်ဆိုင်ရာဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်း၊ သေဆုံးမှုများအတွက် သက်ဆိုင်ရာရဲစခန်းများတွင် သေမှုသေခင်းရေးဖွင့်ထားရှိပြီး လိုအပ်သော လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# စတုတ္ထမဏ္ဍိုင် ခိုင်မာရှင်သန်စေလို

**မင်းလကျော်**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဟူ၍ တရားဝင် သတ်သတ်မှတ်မှတ် နိုင်ငံတော်သမ္မတရှေ့တွင် ကျမ်းသစ္စာကျိန်ဆိုကြပြီး ဖွဲ့စည်းခြင်းကို ၂၀၁၅ ခုနှစ် မတ်လက သမ္မတ ဦးသိန်းစိန် ရှေ့မှောက်တွင် ပြုလုပ်ခဲ့ပါသည်။ နောက်တက်လာသည့် အစိုးရအဖွဲ့ထံ အာဏာလွှဲပြောင်းပေးရန် အချိန်နီးကပ်နေပြီဖြစ်၍ သမ္မတကြီးက “ကဲ- ခင်ဗျားတို့ကို ကျွန်တော်တို့က ဖွဲ့စည်းပေးလိုက်ပါပြီ။ နိုင်ငံတော်အကျိုး၊ စာနယ်ဇင်းလောကအကျိုး စသဖြင့် တတ်နိုင်သမျှ ဆောင်ရွက်ပေးကြပါ”ဟု မှာကြားသွားပါသည်။ ပထမအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှာ ဤသို့ သမ္မတ ဦးသိန်းစိန် အစိုးရက နောက်အစိုးရသစ်ကို တာဝန်လွှဲပြောင်းပေးရန် အချိန်နီးကပ်နေချိန်မှ ဖွဲ့စည်းရခြင်းအတွက် အချိန်မရှိတော့၍ အစိုးရနှင့် ရှေ့လုပ်ငန်းစဉ်များကိစ္စ၊ အစိုးရက မည်သို့ကူညီမည်ဆိုသော ကိစ္စမျိုးများအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးချိန် မရလိုက်ကြပါ။

နောက်တာဝန်ယူမည့် အစိုးရသည် အာဏာမရခင်အချိန်က ဒီမိုကရေစီအကြောင်း တွင်တွင်ရှေ့တန်းတင်ပြောဆိုခဲ့သည်နှင့်အညီ ထိုအစိုးရ တာဝန်ယူပြီးနောက်တွင် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်း၍ လုပ်ဆောင်ကြရလိမ့်မည်ဟု စာနယ်ဇင်းကောင်စီဝင်များက မျှော်မှန်းခဲ့ကြပါသည်။

အစိုးရသစ်တက်လာပြီးနောက်တွင် အစိုးရသစ်သည် ပထမပိုင်း သူ့အလုပ်နှင့်သူ ရှုပ်နေသဖြင့် သတင်းမီဒီယာကောင်စီဘက်သို့ ဖြစ်ဖြစ်မြောက်မြောက် လှည့်မကြည့်နိုင်ခဲ့ပါ။ မီဒီယာကောင်စီသည် ရုံးခန်းအပိုင်နေရာမရှိသည့်ကိစ္စမှစ၍ ကိုယ့်အားကိုယ်ကိုး ဖြေရှင်းခဲ့ကြပါသည်။ သတင်းမီဒီယာကောင်စီသည် ရွှေဂုံတိုင်တာဝါတွင် တစ်လ ၁၇ သိန်းနှင့် အခန်းငှား၍ ရုံးဖွင့်ထားရပါသည်။ ဦးသိန်းစိန်အစိုးရအဖွဲ့မှ ဝန်ကြီးတစ်ဦးက နေရာချထားပေး၍ နောက်ပိုင်းတွင် ၃၅ လမ်းမှ ဂိုဒေါင်ဟောင်းကြီးတစ်နေရာကို ရခဲ့ပါ၏။ သိန်းနှစ်ရာကျော် အကုန်အကျခံ၍ ပြင်ဆင်ပြီး ထည်ထည်ဝါဝါ မြို့လယ်ကောင် ရုံးခန်းဖွင့်၍မှ မကြာမီ အစိုးရသစ်လက်ထက်တွင် သက်ဆိုင်ရာဝန်ကြီးဌာနမှ နေရာကို ပြန်တောင်းပါတော့၏။ ကယ်မည့်သူ မရှိပါ။ နောက်ဆုံးပိုင်ရှင်ကို ပြန်ပေးလိုက်ရပါတော့သည်။ ထိုတိုက်ခန်း ဂိုဒေါင်ကြီးမှာ နှစ်ပေါင်းများစွာ အသုံးမပြုဘဲ ပစ်ထားသော နေရာကြီးဖြစ်ပါ၏။

စာနယ်ဇင်းကောင်စီဝင်များ ကြီးကြပ်၍ ရုံးအဖွဲ့မှ အသေအချာ ဂရုတစိုက်ပြင်ဆင်ပြီး မြို့လယ်ကောင်ဖြစ်၍ သွားလာရေးလည်း လွယ်ကူ၊ နိုင်ငံခြားစာနယ်ဇင်းဆိုင်ရာ အဖွဲ့အစည်းများမှ ဧည့်သည်တော်များ လာရောက်လည်ပတ်ရာတွင်လည်း အဆင်ပြေ၊ အပြလည်းကောင်းသည့်နေရာ၊ သည်နေရာကို တာဝန်မှရပ်ဆိုင်းတော့မည့် ယခင်အစိုးရအဖွဲ့မှ ဝန်ကြီးက ပေးခဲ့ခြင်းဖြစ်ပါသည်။ ဒီမိုကရေစီအစိုးရလက်ထက်တွင် ပြန်တောင်းသည့်အခါ ကယ်မည့်သူ၊ မေးမည့်သူမရှိဘဲ နောက်ဆုံး ပြန်ပေးလိုက်ရပါတော့သည်။

ထိုအချိန်တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ကြီးနှင့် ဒုတိယဝန်ကြီး တာဝန်ယူထားသည့် ယခင် မီဒီယာကောင်စီဝင်နှစ်ဦး ရှိနေလို့သာ ပြန်ကြားရေးဝန်ကြီးဌာနပိုင်သော ဂါးဒီးယန်းသတင်းစာတိုက်ဟောင်းကြီးမှာ နေရာထပ်ရပါသည်။ ဒါပေမယ့် နှစ်ပေါင်းများစွာ သော့ခတ်ထားတဲ့နေရာကို ပြင်ပြီးသုံးရတာပါ။ နိုင်ငံတော်ကလည်း ပြင်ဆင်စရိတ် သိန်း ၃၀၀ လောက် ထင်ပါရဲ့၊ ထပ်ကုန်သွားပါသည်။ တကယ်တမ်းပေးချင်ရင် အခြေအနေကောင်းတဲ့ အသုံးတည့်အဆောက်အအုံတွေ ရှိပါသည်။ ဘယ်အဖွဲ့အစည်း၊ ဘယ်ဌာနကမျှ အရေးတယူပေးချင်တဲ့ပုံ မရှိကြပါဘူး။

သတင်းမီဒီယာကောင်စီဟာ တစ်ဖက်မှာလည်း တိုင်းနဲ့ပြည်နယ်တွေဆင်းပြီး တိုင်းနဲ့ပြည်နယ်အစိုးရအဖွဲ့တွေ၊ စာနယ်ဇင်းသမားတွေနဲ့ လှည့်လည်တွေ့ဆုံရပါသည်။ အုပ်ချုပ်သူများနှင့် သတင်းမီဒီယာများကြားမှာ ပိုမိုနီးစပ်မှုရှိလာအောင် တစ်ဖက်နဲ့တစ်ဖက် အမြင်လွဲမှားမှုတွေအခြေခံပြီး ပွတ်တိုက်မှုတွေမဖြစ်ပွားအောင် သတင်းမီဒီယာကောင်စီက တံတားထိုးပေးတာပါ။

မီဒီယာကောင်စီဝင်တွေထဲမှာ ဥက္ကဋ္ဌက အသက်ကိုးဆယ်ကျော်ဖြစ်ပြီး ရှစ်ဆယ်ကျော်တွေ၊ ခုနစ်ဆယ်ကျော်တွေ၊ ခြောက်ဆယ်ကျော်တွေ အများအပြား ပါကြပါသည်။ လူကြီးများက ဘတ်စ်ကားကြီးတွေငှားပြီး နယ်ကိုခရီးထွက်ကြရပါသည်။ လခ၊ ခရီးစရိတ် စသည့် နေ့တွက်ခွင့်ပြုထားခြင်း မရှိပါဘူး။ သို့သော် အားလုံးက စာပေအလုပ်ကို လုပ်နေရလို့ ပျော်နေကြတာပါ။ အဲဒီလို နယ်ထွက်တွေ့ဖို့ အစီအစဉ်တွေလုပ်တာမှာ တချို့ပြည်နယ်နဲ့ တိုင်းတွေမှာ အလွယ်တကူ ချိန်းဆိုတွေ့ဆုံလို့ရပါသည်။ ဒါပေမယ့် တချို့နေရာတွေမှာကျတော့ ရှောရှောရှုရှုချိန်းလို့မရပါဘူး။ နေ့ရွှေ့ ညရွှေ့နဲ့ပါ။ တစ်ခါက စိတ်ထဲက မသင်္ကာဖြစ်လာလို့ ပြည်နယ်ဝန်ကြီးချုပ်တစ်ယောက်ကို မေးကြည့်တော့မှ အကြောင်းစုံသိရပါတော့သည်။ ပြည်နယ်ဝန်ကြီးချုပ်က ပြောတာကတော့ တစ်ကြိမ်မှာတဲ့ သူတို့ခေါင်းဆောင်က စာနယ်ဇင်းသမားတွေက သူတို့ကိုယ်သူတို့ စတုတ္ထမဏ္ဍိုင်လို့ ပြောပြောနေကြသည်။ စတုတ္ထမဏ္ဍိုင်လို့ မကြားဖူးပါဘူးလို့ တိုင်းနဲ့ ပြည်နယ်ဝန်ကြီးချုပ်တွေရှိရာ တစ်နေရာမှာ ပြောလိုက်ပါသတဲ့။ အဲဒါနဲ့ကြောက်ပြီး တချို့က မီဒီယာကောင်စီကို မတွေ့ရဲဖြစ်နေကြတာလို့ ပြောပါသည်။

ကျွန်တော်ကတော့ အကူအညီပံ့ပိုးမှုတွေ အများကြီးပိုရမယ်လို့ မျှော်မှန်းထားတဲ့ အစိုးရလက်ထက်မှာမှ အဲဒီလိုကြားလိုက်ရလို့ ကိုယ့်နားကိုယ် မယုံချင်ဖြစ်သွားရပါသည်။ ဒါပေမယ့် လက်တွေ့ဖြစ်ရပ်တွေနဲ့ ချိန်ထိုးကြည့်တော့လည်း ဟုတ်ပေတာပဲလို့ ဖြေရပါသည်။ ဒီအစိုးရလက်ထက်မှာ မီဒီယာကောင်စီကို တာဝန်ရှိထိပ်ပိုင်းက ပုဂ္ဂိုလ်တွေ ခေါ်တွေ့တာ တစ်ကြိမ်မျှ မရှိခဲ့ပါဘူး။ သတင်းမီဒီယာကောင်စီက တစ်ကြိမ်မျှ အုပ်ချုပ်ရေးပိုင်း ထိပ်သီးပုဂ္ဂိုလ်တွေနဲ့ တွေ့ဆုံခဲ့တာ၊ တင်ပြခဲ့ရတာ၊ ရှင်းလင်းပြခဲ့ရတာ တစ်ကြိမ်မျှ မရှိပါဘူး။

ပထမအကြိမ် သတင်းမီဒီယာကောင်စီကို နေပြည်တော်ကို ဖိတ်ပြီးတွေ့ဆုံတာ၊ အပြန်အလှန် လုပ်ငန်းသဘောတွေကို ဆွေးနွေးတာဆိုလို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့အဖွဲ့ပဲ ရှိခဲ့ပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖိတ်ကြားတွေ့ဆုံပါသည်။ သတင်းမီဒီယာကိစ္စများ အပြန်အလှန်တင်ပြဆွေးနွေးကြပါသည်။

နောက်တစ်ခါ ရန်ကုန်မှာ တပ်မတော်မှ ဌာနကြီးမှူးများပါတဲ့ အဖွဲ့က ပထမအကြိမ် သတင်းမီဒီယာကောင်စီကို ထပ်မံဖိတ်ခေါ်ပြီး တွေ့ဆုံပါသေးသည်။ ဒီလို နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးမှုရလဒ်ရတော့ တပ်မတော်က တရားစွဲဆိုထားတဲ့ မီဒီယာသမားများအမှုကို ပိတ်သိမ်းကျေအေးလိုက်ခဲ့တဲ့ ဖြစ်စဉ်ရှိခဲ့ပါသည်။ ဒါ့ကြောင့် ဒီမိုကရေစီအကြောင်း တွင်တွင်ပြောနေတဲ့ အစိုးရအနေနဲ့ တစ်ကြိမ်မျှ သတင်းမီဒီယာကောင်စီကို ခေါ်ယူတွေ့ဆုံညှိနှိုင်း တိုင်ပင်ခြင်းမရှိတဲ့အချိန်တွေမှာ တပ်မတော်ခေါင်းဆောင်ပိုင်းကသာ ဖိတ်ကြားတွေ့ဆုံခြင်း၊ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးညှိနှိုင်းခြင်းတို့ဖြင့် တတ်နိုင်သမျှ မီဒီယာသမားများကို အကူအညီပေးနေခဲ့တာပါ။

မနေ့တစ်နေ့က လက်ရှိအခြေအနေမှာ မီဒီယာလောကအတွက် ဆောင်ရွက်ပေးရန် မဖြစ်နိုင်သော အခြေအနေကြောင့်ဟုဆိုကာ နုတ်ထွက်သွားကြတဲ့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ၁၁ ဦး အမှတ်ရကောင်းပါတယ်လို့ ပြောချင်ပါသည်။ တကယ်တမ်းတော့ တပ်မတော်ဟာ ပထမအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကာလမှာတင် မဟုတ်ပါဘူး။ လက်ရှိတာဝန်ထမ်းဆောင်ဆဲ ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ လက်ထက်မှာလည်း သူကပဲ ဖိတ်ကြားတွေ့ဆုံခဲ့တာပါ။ ဒီမိုကရေစီအစိုးရက သတင်းမီဒီယာကောင်စီကို ကျီးစောင့်ကြက်နှင့် မီဒီယာကောင်စီလို့သာ သဘောထားခဲ့တာ ဖြစ်ပါသည်ဆိုတာကို ပြောပါရစေ။

မကြာသေးမီကာလများအတွင်းကဆိုလျှင် ထိုစဉ်က တိုင်းဒေသကြီးဝန်ကြီးချုပ် တစ်ဦးက စတုတ္ထမဏ္ဍိုင်ဆိုတာ မကြားဖူးပါလို့တောင် ထုတ်ဖော်ပြောကြားခဲ့တာလည်း ကြားခဲ့ရပါသည်။ တကယ်တမ်းမှာ စတုတ္ထမဏ္ဍိုင်လို့ စာနယ်ဇင်းလောကကို တင်စားပြောဆိုတဲ့စကားကလည်း ဒီမိုကရေစီ ဘိုးအေနိုင်ငံကြီးများလို့ ခေါ်ကြတဲ့ အနောက်နိုင်ငံများဆီက မြစ်ဖျားခံလာတဲ့ စကားလုံးပါ။ နိုင်ငံရေးစနစ်တစ်ခုမှာ ဥပဒေပြုရေး၊ တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေးဆိုတဲ့ အဓိကမဏ္ဍိုင်ကြီးသုံးရပ်ရှိကြောင်းနဲ့ အဲဒီမဏ္ဍိုင်ကြီး သုံးရပ်ကို ထိန်းညှိ တည့်မတ်ပေးနေရမှာက စာနယ်ဇင်းများဖြစ်ကြောင်း၊ ဒါ့ကြောင့် စာနယ်ဇင်းဆိုတာဟာ ဒီမိုကရေစီစနစ်မှာ ဒီမိုကရေစီကို ထိန်းကျောင်းပေးတဲ့မဏ္ဍိုင် စတုတ္ထမဏ္ဍိုင် ဖြစ်ပါပေတယ်လို့ တင်စားသညာပြုတာပါ။

စာနယ်ဇင်းသမားတွေက တို့ဟာ ဖော်ပြပါ မဏ္ဍိုင်ကြီး သုံးရပ်လိုပဲ အရေးပါတဲ့ စတုတ္ထမဏ္ဍိုင်ဖြစ်တယ်ဆိုပြီး ကုလားထိုင်ခင်းပြီး အတင်းနေရာဝင်ယူတာ မဟုတ်ပါဘူး။ တင်စားပြောကြားခြင်းသာဖြစ်တယ်ဆိုတာကို အုပ်ချုပ်သူများ နားလည်သဘောပေါက်ကြရမှာ ဖြစ်ပါသည်။

**တကယ်တမ်းမှာ စတုတ္ထမဏ္ဍိုင်လို့ စာနယ်ဇင်းလောကကို တင်စားပြောဆိုတဲ့ စကားကလည်း ဒီမိုကရေစီဘိုးအေနိုင်ငံကြီးများလို့ခေါ်ကြတဲ့ အနောက်နိုင်ငံများဆီက မြစ်ဖျားခံလာတဲ့ စကားလုံးပါ။ နိုင်ငံရေးစနစ်တစ်ခုမှာ ဥပဒေပြုရေး၊ တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေးဆိုတဲ့ အဓိကမဏ္ဍိုင်ကြီး သုံးရပ်ရှိကြောင်းနဲ့ အဲဒီမဏ္ဍိုင်ကြီးသုံးရပ်ကို ထိန်းညှိတည့်မတ်ပေးနေရမှာက စာနယ်ဇင်းများဖြစ်ကြောင်း၊ ဒါ့ကြောင့် စာနယ်ဇင်းဆိုတာဟာ ဒီမိုကရေစီစနစ်မှာ ဒီမိုကရေစီကို ထိန်းကျောင်းပေးတဲ့မဏ္ဍိုင် စတုတ္ထမဏ္ဍိုင် ဖြစ်ပါပေတယ်လို့ တင်စားသညာပြုတာပါ။**

မကြာမီရက်ပိုင်းအတွင်းကတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စာနယ်ဇင်းများဟာ စတုတ္ထမဏ္ဍိုင်ဖြစ်တယ်ဆိုတာကို လက်ခံပါတယ်လို့ ဖွင့်ဟပြောခဲ့တာ ကြားခဲ့ရပါသည်။ နိုင်ငံ့အကြီးအကဲကိုယ်တိုင်က အရင့်အရင်ပုဂ္ဂိုလ်တွေ တစ်ခါမျှ မဟဖူးတဲ့စကားကို တရားဝင် ပြောဆိုလာပြီး အစိုးရသစ်ရဲ့ စာနယ်ဇင်းဆိုင်ရာရပ်တည်ချက်ကို ဖွင့်ဟပြောကြားလာခဲ့တဲ့အချိန်ကျမှ သတင်းမီဒီယာကောင်စီဝင်တချို့က “ယခုအခါ မီဒီယာသမားများအတွက် ကူညီရပ်တည်လုပ်ဆောင်ပေးရန် အခက်အခဲဖြစ်ပေါ်နေပါသဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက နုတ်ထွက်ပါတယ်” လို့ ပြောပြီး နုတ်ထွက်သွားတာဟာ လက်ရှိ ပကတိဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ ကိုက်ညီမှုရှိပါရဲ့လား လို့ တွေးစရာဖြစ်မနေဘူးလား ခင်ဗျာ။ ။

## သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြခြင်းမပြုသည့် သတင်းစာ / ဂျာနယ်များအား အသိပေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁**

သတင်းများရေးသားထုတ်လွှင့်ဖော်ပြရာတွင် တည်ဆဲဥပဒေများနှင့် အညီဖြစ်စေရန်နှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အာဏာသိမ်းအစိုးရဟုလည်းကောင်း၊ အာဏာသိမ်းစစ်ကောင်စီဟု လည်းကောင်း မမှန်မကန် သုံးနှုန်းဖော်ပြခြင်းများ မပြုလုပ်ကြပါရန် ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မီဒီယာအဖွဲ့အစည်းများ၊ ထုတ်ဝေနေသော သတင်းစာ/ဂျာနယ်များသို့ အကြောင်းကြားစာ (၃)ကြိမ် ပေးပို့၍ မေတ္တာရပ်ခံဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အချို့သော သတင်းမီဒီယာများနှင့် သတင်းအဖွဲ့အစည်းများသည် အာဏာသိမ်းစစ်အစိုးရ၊ အာဏာသိမ်းစစ်ကောင်စီ စသည့် အသုံးအနှုန်းများကို ဆက်လက်ရေးသားဖော်ပြနေခြင်း၊ လူထုဆူပူအုံကြွမှုဖြစ်စေရန် ရည်ရွယ်၍ သတင်းမီဒီယာကျင့်ဝတ်နှင့် သွေဖည်ကာ ရေးသားဖော်ပြခြင်းတို့ကို ဆက်လက်လုပ်ဆောင်ဖော်ပြနေကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ အဆိုပါ သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြခြင်းမပြုသည့် သတင်းစာ/ ဂျာနယ်များအား သတင်းမီဒီယာဥပဒေ အခန်း(၄) ပုဒ်မ(၉)ပါ ပြဋ္ဌာန်းချက်များ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ အခန်း(၄) ပုဒ်မ(၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးသားဖော်ပြပေးနိုင်ရေးအတွက် လိုအပ်သလို ကြီးကြပ်ဆောင်ရွက်ပေးပါရန် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ ၂၄-၂-၂၀၂၂ ရက်နေ့တွင် ထပ်မံမေတ္တာရပ်ခံအသိပေး အကြောင်းကြားထားကြောင်းနှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မတ် ၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၀ တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၈-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၈၃၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂၀) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၉၁,၈၂၅) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၉၁၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၄၈၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်"အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၂၅၆၇၄၂ | ၁၉၆၉၄၃၃၇ | ၅၂၅၇၈၀ |
| ၂။ | အိန္ဒိယ | ၁၁၁၁၂၄၁ | ၁၀၇၈၆၄၅၇ | ၁၅၇၁၉၅ |
| ၃။ | ဘရာဇီး | ၁၀၅၁၂၅၉ | ၉၄၁၁၀၃၃ | ၂၅၅၀၁၈ |
| ၄။ | ရုရှား | ၄၂၅၇၆၅၀ | ၃၈၂၃၀၇၄ | ၈၆၄၅၅ |
| ၅။ | ဗြိတိန် | ၄၁၇၆၅၅၄ | ၂၉၀၅၃၁၇ | ၁၂၂၈၄၉ |
| ၆။ | ပြင်သစ် | ၃၇၅၅၉၆၈ | ၂၅၄၈၆၈ | ၈၆၄၅၄ |
| ၇။ | စပိန် | ၃၁၈၈၅၅၃ | ၂၆၄၇၄၄၆ | ၆၉၁၄၂ |
| ၈။ | အီတလီ | ၂၉၂၅၂၆၅ | ၂၄၀၅၁၉၉ | ၉၇၆၉၉ |
| ၉။ | တူရကီ | ၂၇၀၁၅၈၈ | ၂၅၇၂၂၃၄ | ၂၈၅၆၉ |
| ၁၀။ | ဂျာမနီ | ၂၄၅၀၂၉၄ | ၂၂၅၅၅၀၀ | ၇၀၆၈၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၃၄၁၃၁၄ | ၁၁၅၁၉၁၅ | ၃၆၃၂၅ |
| ၂။ | ဖိလစ်ပိုင် | ၅၇၈၃၈၁ | ၅၃၄၃၅၁ | ၁၂၃၂၂ |
| ၃။ | မလေးရှား | ၃၀၂၅၈၀ | ၂၇၅၉၀၃ | ၁၁၃၅ |
| ၄။ | မြန်မာ | ၁၄၁၉၁၆ | ၁၃၁၄၈၇ | ၃၁၉၉ |
| ၅။ | စင်ကာပူ | ၅၉၉၄၈ | ၅၉၈၂၃ | ၂၉ |
| ၆။ | ထိုင်း | ၂၆၀၃၁ | ၂၅၃၂၄ | ၈၃ |
| ၇။ | ဗီယက်နမ် | ၂၄၄၈ | ၁၈၇၆ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၈၂၀ | ၄၇၇ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၆ | ၁၈၁ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၂ | ၀ |

## လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ Quarantine Center တွင်ထားရှိသည့် မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**နေပြည်တော် မတ် ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ မလေးရှားနိုင်ငံမှ ရေကြောင်းခရီးဖြင့် ဖေဖော်ဝါရီ ၂၇ ရက်တွင်ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား ၁၀၈၆ ဦးကို ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့်တည်းခိုရေး စခန်းရှိ ကိုဗစ်-၁၉ ရောဂါ သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိသည့် Quarantine Center တွင်ထားရှိပြီး လိုအပ်သည့်ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် နေရပ်ပြန် မြန်မာနိုင်ငံသားများအား တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များက အထွေထွေရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ၎င်းတို့ ကောင်းမွန်စွာ နေထိုင်စားသောက်ရေးများကို တပ်မတော်က စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျန်းမာရေးဝန်ထမ်းများအတွက် အသိပေးပန်ကြားချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေ့ရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် (၈-၂-၂၀၂၁) ရက်နေ့မှစ၍ ယနေ့အထိတိုက်တွန်းနှိုးဆော်ပန်ကြားခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာ ဆေးရုံ၊ တက္ကသိုလ်/ သင်တန်းကျောင်းများနှင့် ရုံး/ဌာနများသို့ ပြန်လည်ဝင်ရောက်တာဝန်ထမ်းဆောင်ရန် အခက်အခဲရှိပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များနှင့် Email လိပ်စာများသို့ ဆက်သွယ်ဆောင်ရွက်သွားကြပါရန် အသိပေးပန်ကြားအပ်ပါသည် -

တယ်လီဖုန်းနံပါတ် - ၀၆၇-၃၄၁၁၅၀၈/ ၀၆၇-၃၄၁၁၅၀၉/ ၀၆၇-၃၄၁၁၁၄၄
၀၉-၈၈၂၅၅၇၉၉၁/ ၀၉-၈၈၂၅၅၇၉၉၂/ ၀၉-၈၈၂၅၅၇၉၉၃
Email - office@e-mohs.gov.mm

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်



## ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁**

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ်(၁၀) မြို့နယ်အဆောင်၌ အသွားအလာကန့်သတ်ထားရှိခဲ့သည်။

ထိုသို့အသွားအလာကန့်သတ်ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၈၀ ကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

○ အက်သလက်တီကိုမှ

ဗီလာရီးယဲလ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ရမှတ် ၅၈ မှတ်အထိ စုဆောင်းနိုင်ခဲ့ပြီး စပိန်လာလီဂါ အမှတ်ပေးဇယား ဒုတိယနေရာက ဘာစီလိုနာအသင်းကို ငါးမှတ်ဖြတ်ကာ ဇယားထိပ်မှာ ဦးဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ် အသင်းဟာ ယခုနှစ်ဘောလုံးရာသီမှာ စပိန်လာလီဂါရဲ့ ခံစစ်အကောင်းဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပြီး စပိန်လာလီဂါပွဲစဉ် ၂၄ ပွဲ ယှဉ်ပြိုင်ကစားအပြီးမှာ ပေးဂိုး ၁၆ ဂိုးသာ ခွင့်ပြုပေးခဲ့ရတာ ဖြစ်ပါတယ်။

ဗီလာရီးယဲလ်အသင်းကို အနိုင်ရရှိခဲ့ခြင်းဟာ အက်သလက်တီကိုမက်ဒရစ် အသင်းအတွက် သုံးပွဲဆက်နိုင်ပွဲ ပျောက်ဆုံးနေမှုကနေ ပုံစံကောင်း တစ်ခုပြန်လည်ရရှိလာခဲ့တာဖြစ်ပြီး အခုပွဲစဉ်မတိုင်မီက သုံးပွဲကစားခဲ့ရာမှာ နှစ်ပွဲရှုံး၊ တစ်ပွဲသရေ ရလဒ် ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ် အသင်းဟာ လာမယ့် စပိန်လာလီဂါပွဲစဉ်ကို မတ် ၇ ရက်မှာ ကစားရမှာဖြစ်ပြီး အဲဒီပွဲစဉ်ဟာ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ရဲ့ မက်ဒရစ်ဒါဘီပွဲစဉ် ဖြစ်သလို အမှတ်ပေးဇယားထိပ်ပိုင်းက အသင်းကြီးနှစ်သင်းတွေ့ဆုံမှုလည်း ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

# အေစီမီလန်အသင်းက ရိုးမားအသင်းကို အနိုင်ရရှိခဲ့တာကြောင့် စီးရီးအေအမှတ်ပေးဇယားထိပ်က အင်တာမီလန်ကို ဖိအားပေးနိုင်ခဲ့




အေစီမီလန်အသင်းဟာ အီတလီစီးရီးအေပွဲစဉ် ၂၄ အဖြစ် ဖေဖော်ဝါရီ ၂၈ ရက်ညပိုင်းက ရိုးမားအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ ရိုးမားအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေတဲ့ အင်တာမီလန်အသင်းကို ဆက်လက် ဖိအားပေးနိုင်ခဲ့ပါတယ်။

ရိုးမားအသင်းနဲ့ အေစီမီလန်အသင်းတို့ရဲ့ ပွဲစဉ်မှာ ရိုးမားအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲကစားချိန် မိနစ် ၅၀ မှာ ဗီရက်တောက်က သွင်းယူပေးခဲ့ပြီး အေစီမီလန်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၄၃ မိနစ်မှာ ကက်ဆီက ပင်နယ်တီပြစ်ဒဏ်ဘောကနေတစ်ဆင့် တစ်ဂိုးနဲ့ ပွဲကစားချိန် ၅၈ မိနစ်မှာ ရီဘစ်က တစ်ဂိုးအသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ် ပေါင်ခြံဒဏ်ရာကြောင့် ပါဝင်လာနိုင်ခဲ့ခြင်းမရှိခဲ့ပေ။ အီဘရာဟီမိုဗစ်ဟာ အခုနှစ် ဘောလုံးရာသီမှာ အေစီမီလန်အသင်းနဲ့အတူ အီတလီစီးရီးအေ သွင်းဂိုး ၁၄ ဂိုးအထိရှိထားခဲ့သူလည်း ဖြစ်ပါတယ်။

မတ် ၁၁ ရက်နဲ့ ၁၈ ရက်တို့မှာ မန်ယူအသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် ယူရိုပါလိဂ် ၁၆ သင်းအဆင့် ပထမအကျော့နဲ့ ဒုတိယအကျော့တို့မှာတော့ အေစီမီလန်အသင်းနဲ့အတူ အီဘရာဟီမိုဗစ် ပြန်လည်ပါဝင်လာဖို့ရှိနေတာ ဖြစ်ပါတယ်။

အေစီမီလန်အသင်းဟာ ရိုးမားအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် အီတလီစီးရီးအေ ၂၄ ပွဲ ကစားအပြီးမှာ ရမှတ် ၅၂ မှတ်နဲ့ အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်နိုင်ခဲ့ပြီး အမှတ်ပေးဇယား ထိပ်ဆုံးက ရပ်တည်နေတဲ့ အင်တာမီလန်အသင်းက ရမှတ် ၅၆ မှတ်ရရှိထားတာကြောင့် လေးမှတ်ကွာဖြင့် ဖိအားပေးနေတာ ဖြစ်ပါတယ်။



# လက်စတာစီးတီးတောင်ပံကစားသမား ဘားနက်စ် ဒူးဒဏ်ရာခွဲစိတ်ကုသမှု ခံယူရမည်

လက်စတာစီးတီးအသင်း တောင်ပံကစားသမား ဘားနက်စ်ဟာ ဖေဖော်ဝါရီ ၂၈ ရက်ညပိုင်းက အာဆင်နယ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ရရှိခဲ့တဲ့ ဒူးဒဏ်ရာကြောင့် ခွဲစိတ်ကုသမှုခံယူရမှာဖြစ်တယ်လို့ နည်းပြ ဘရန်ဒန်ရော့ဂျာက ပြောကြားခဲ့ပါတယ်။

အသက် ၂၃ နှစ်အရွယ်ရှိ ဘားနက်စ်ဟာ ပွဲကစားချိန် ၅၁ မိနစ်မှာ ဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့တာဖြစ်ပြီး ရရှိထားတဲ့ဒဏ်ရာကြောင့် အနည်းဆုံး သီတင်းပတ် ခြောက်ပတ်အထိ အနားယူရမှာ ဖြစ်တယ်လို့ သိရပါတယ်။

လက်စတာစီးတီးအသင်းဟာ တောင်ပံကစားသမား ဘားနက်စ်အပါအဝင် ဒဏ်ရာရကစားသမား အများအပြားရှိနေတာဖြစ်ပြီး ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ဂျိမ်းစ်မက်ဒီဆင်နဲ့ ဒန်းနစ်ပရက်၊ တိုက်စစ်မှူး အယိုဇီပီရက်ဇ်၊ နောက်တန်းကစားသမားတွေဖြစ်တဲ့ ဝက်စ်လေဖိုဖာနာ၊ ဝက်စ်မော်ဂန်နဲ့ ဂျိမ်းစ်ဂျက်စတင်တို့လည်း ဒဏ်ရာပြဿနာအသီးသီး ကြုံတွေ့နေရတာ ဖြစ်ပါတယ်။

# ဘိုင်ယန်မြူးနစ်အသင်းက နာပိုလီဗဟိုခံစစ်ကစားသမား ကူလီဘာလီကို ပြောင်းရွှေ့ကြေးပေါင် ၃၉ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းထား

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းဟာ အီတလီစီးရီးအေကလပ် နာပိုလီအသင်းရဲ့ ဗဟိုခံစစ်ကစားသမား ကူလီဘာလီကို ပြောင်းရွှေ့ကြေး ပေါင် ၃၉ သန်းနဲ့ ခေါ်ယူဖို့ ကမ်းလှမ်းထားတယ်လို့ သိရပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိ နောက်ခံလူ ကူလီဘာလီဟာ နာပိုလီအသင်းနဲ့အတူ ပွဲပေါင်း ၂၇၁ ပွဲ ပါဝင်ကစားပေးထားပြီး နာပိုလီအသင်းအတွက် ကိုပါအီတာလီယာဖလားတစ်ကြိမ် ရယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် ကူလီဘာလီဟာ ဆီနီဂေါနိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ နိုင်ငံတကာပွဲစဉ် ၄၄ ပွဲအထိ ပါဝင်ကစားပေးခဲ့သူလည်း ဖြစ်ပါတယ်။

လက်ရှိတွင် ဘိုင်ယန်မြူးနစ်အသင်းရဲ့ ကူလီဘာလီအား ကမ်းလှမ်းထားမှုနဲ့ပတ်သက်ပြီး နာပိုလီအသင်းဥက္ကဋ္ဌ လော်ရန်တစ်နဲ့ ကူလီဘာလီရဲ့ ကိုယ်စားလှယ်ဖြစ်သူ ရာမာဒါနီတို့ ညှိနှိုင်းဆွေးနွေး လျက်ရှိတယ်လို့ သိရပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ပြီးခဲ့တဲ့လအတွင်းက လိုက်ဇစ်နောက်တန်းကစားသမား အက်ပါမီကာနိုအား ပြောင်းရွှေ့ကြေးပေါင် ၃၈ ဒသမ ၅ သန်းနဲ့ ခေါ်ယူရန် သဘောတူညီထားပြီးဖြစ်တဲ့အတွက် အဆိုပါ ကစားသမားနဲ့အတူ တွဲဖက်ကစားနိုင်မယ့် ကူလီဘာလီကိုခေါ်ယူဖို့ ပြင်ဆင်လာခဲ့တာ ဖြစ်ပါတယ်။




နောက်တန်းကစားသမား ကူလီဘာလီဟာ မန်ချက်စတာမြို့ခံနှစ်သင်းဖြစ်တဲ့ မန်ယူအသင်းနဲ့ မန်စီးတီးအသင်းတို့သို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုတွေ ပြုလုပ်ခဲ့တယ်လို့ သတင်းတွေ ထွက်ပေါ်လျက်ရှိပြီး မန်စီးတီးအသင်းက နောက်ခံလူ ရူဘင်ဒိုင်ယက်စ်ရဲ့နေရာမှာ အစားထိုးဖို့ စီစဉ်နေတဲ့အပြင် မန်ယူအသင်းကလည်း နောက်ခံလူ ဟယ်ရီမာကွိုင်းယားနဲ့ တွဲဖက်ကစားဖို့ ကူလီဘာလီကို ပစ်မှတ်ထားနေတာ ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ နည်းပြဂက်တူဆိုရဲ့ နာပိုလီအသင်းက နောက်တန်းကစားသမား ကူလီဘာလီအတွက် တောင်းဆိုထားတဲ့ ပြောင်းရွှေ့ကြေးထက် လျှော့ပြီးကမ်းလှမ်းလာခဲ့ပေမယ့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲတွေရှိခဲ့ပြီး နာပိုလီအသင်းအနေနဲ့ ဘိုင်ယန်မြူးနစ်ရဲ့ ကမ်းလှမ်းချက်ကို လက်ခံသွားဖို့ ရှိနေတယ်လို့ သိရပါတယ်။

နည်းပြဂက်တူဆိုရဲ့ နာပိုလီအသင်းဟာ အီတလီစီးရီးအေ အမှတ်ပေးဇယား အဆင့်(၆)နေရာမှာ ရပ်တည်လျက်ရှိပြီး အမှတ်ပေးဇယားထိပ်က အင်တာမီလန်အသင်းနဲ့ ၁၆ မှတ် ကွာဟနေတာလည်းဖြစ်ပါတယ်။

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကောက်ရ(ခ)ဦးထွန်း

## (မြန်မာနိုင်ငံပလတ်စတစ်လုပ်ငန်းရှင်များအသင်း-ဥက္ကဋ္ဌ)

## အသက် (၇၁) နှစ်

မြန်မာနိုင်ငံပလတ်စတစ်လုပ်ငန်းရှင်များအသင်း-ဥက္ကဋ္ဌ ဦးကောက်ရ (ခ) ဦးထွန်းသည် ၂၆-၂-၂၀၂၂ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းမွန်ငြိမ်းချမ်းရာဘုံဘဝသို့ ရောက်ရှိခံစားနိုင်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။

**အလုပ်အမှုဆောင်များ၊ အသင်းသူ/သားများ**
**မြန်မာနိုင်ငံပလတ်စတစ်လုပ်ငန်းရှင်များအသင်း**

---

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဇီးပင်ဝဲကျေးရွာအုပ်စု၊ ဇီးပင်ဝဲရွာနေ ကျွန်မ မမူမူ(HGU-၁၇၂၇၁၅)၏ခင်ပွန်း ဦးကိုဦး[၁၂/လကန(နိုင်)၁၉၈၃၆၈]မှာ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူ၍ လုံးဝ(လုံးဝ)ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မမူမူ HGU-၁၇၂၇၁၅**

---

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ မင်းဓမ္မအိမ်ရာ၊ တိုက်အမှတ်(B-11)၊ အခန်းအမှတ်(302)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ၊ (၅)ထပ်တိုက်၏ တတိယထပ်၊ (၃၂ပေX၄၀ပေ)အကျယ်အဝန်းရှိတိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဂျူစဖင်းရှိန်[၁၂/လမန(နိုင်)၁၄၇၄၈၇]မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက်စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကိုကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံး သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) (LL.B)** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၇၇၄၇)** | **(စဉ်-၁၃၉၂၄)** |
| **Ph-09954280932** | **LL.B, D.B.L, D.I.L, D.M.L** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph: 09420080932** |

---

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြော်ငြာ

ရန်ကုန်မြို့တွင်နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်လတ်-ဒေါ်ခင်သီတာတို့၏သားဖြစ်သူ ကိုနေမျိုးမင်းလတ် [၁၂/ပဘတ(နိုင်)၀၃၃၅၃၉]သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘကိုရန်သူသဖွယ်သဘောထားနေသူဖြစ်သည့်အတွက် (၂၈-၂-၂၀၂၁)ရက်နေ့မှစ၍ သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း ကိုနေမျိုးမင်းလတ်နှင့် သက်ဆိုင်သူ အများသိစေရန်ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဦးလှမြင့် (ဒဂုံ) စဉ် ၉၀၁၂/၁၉၈၄- အထက်တန်းရှေ့နေ**
**H.G.P, D.L.P, (101) WIPO (SWITZERLAND) ဖုန်း-၀၉-၅၀၃၁၈၁၀**
**အမှတ်-၂၆၃/၃ လွှာ၊ ဗားကရာလမ်း၊ မြေနီ/တောင်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၁)လမ်း၊ အမှတ်-၅၀တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၃)ထပ်ခွဲတိုက် အဆောက်အအုံ၏ ပထမထပ်မှန်ခန်း(ခေါင်းရင်းဘက်) အကျယ်အဝန်း (၁၂ပေခွဲx၅၀ပေ)ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသော ဒေါ်လှမြင့်၏ တစ်ဦးတည်းအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ သမီး ဒေါ်သီသီဇင်[၁၂/လမန(နိုင်)၁၁၂၁၄၆]မှ ရောင်းချရန် ကမ်းလှမ်းခဲ့သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပြည့်စုံထူး[၁၂/ရပသ(ပြု)၀၀၀၀၆၀]က အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းချသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများကို ရောင်းချသူထံ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံအကျုံးဝင်သော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေခိုင်စိုး(LL.B.,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၁၈)**
**အမှတ်(၅၅)၊ အခန်း(၂၂)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၄၀၆၁၃၊ ၀၉-၇၉၅၈၅၄၈၆၅**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ပိုးပိုး

## အသက် (၇၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ်(၂)၊ ရတနာမွန်(၂)လမ်းနေ (ဦးကျော်ခင်)၏ဇနီး၊ ဦးအောင်ကျော်ဦး-ဒေါ်ဖြူဖြူသိန်း၊ ဦးအောင်ဇော်လင်း-ဒေါ်စမ်းစမ်းမော်၊ ဦးမြင့်ဇော်အောင်၊ ဦးမင်းဇော်အောင်တို့၏မိခင်၊ ကိုအောင်ခန့်မြတ်၊ ကိုမင်းဟိန်းကျော်၊ ကိုထူးမြတ်အောင်၊ မသီရိထက်ထက်အောင်တို့၏ အဘွားသည် ၂၈-၂-၂၀၂၂(တနင်္လာနေ့) ည ၁၁:၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၃-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် လှိုင်သာယာမြို့နယ် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၃-၂၀၂၂ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်၌ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် မိတ်ဆွေသင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိုးလွင်(မော်ကျွန်း)

## အင်းလျားရိပ်သာလမ်း

## အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၉/က)၊ အင်းလျားရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ [ဦးခုံလင်း(ခ)ဦးရွှေ-ဒေါ်တင်ငွေ]တို့၏သား၊ (ဦးချစ်ထွန်း)-ဒေါ်အုန်းသန်းတို့၏သားသမက်၊ ဦးအုန်းမြင့်- ဒေါ်ညွန့်ညွန့်ဝင်း၊ ဦးကိုကိုလတ်-(ဒေါ်ခင်အေးကြူ)၊ (Dr.ဦးအုန်းကြိုင်)-Dr.မြရည်နှင်း၊ ဒေါ်သိန်းသိန်းတို့၏ ညီ/မောင်၊ ဒေါ်သင်းသင်းနွယ်(မင်္ဂလာဈေး)၊ ဦးမျိုးလွင်-ဒေါ်ဝင်းရီတို့၏အစ်ကို၊ ဒေါ်ရီရီငွေး၏ခင်ပွန်း၊ မသီရိဆုလဲ့ဝေ၊ မသဥ္ဇာရွှန်းလဲ့ဝေတို့၏ ဖခင်သည် ၁-၃-၂၀၂၂ (တနင်္လာနေ့) နံနက် ၄:၅၇နာရီတွင် အာယုအင်တာနေရှင်နယ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၂၂(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၂၂(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့ အမှတ်-၉(က)၊ အင်းလျားရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

### ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းလယ်ရပ်ကွက်၊ မြောင်းမြလမ်း၊ တိုက်အမှတ်(၄၃)ဟု ခေါ်တွင်သော (၁)ခန်းတွဲ၊ (၆)ထပ်တိုက်၏ တတိယထပ် (၄)လွှာ အကျယ်အဝန်း (၂၃ ပေ x ၄၇ ပေ)ခန့်ရှိ RC တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးရဲလင်းမြင့် [၁၂/ဗတထ(နိုင်)၀၀၁၃၅၂] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**တရားလွှတ်တော်ရှေ့နေများ-**

| | | | |
|---|---|---|---|
| **ဒေါ်ဆွေဆွေ** | **ဦးမြင့်သန်း** | **ဒေါ်သီရိလှိုင်** | **ဦးအောင်ဇော်မိုး** |
| **(စဉ်-၃၀၀၃)** | **(စဉ်-၆၉၆၃)** | **(စဉ်-၁၅၂၆၀)** | **(စဉ်-၁၆၃၅၆)** |

**Zaluckpwint Real Estate & Law Firm 2013@gmail.com**
**ရုံးချုပ်- အမှတ် (၁၁၉၄)၊ ပင်လုံလမ်းမ၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ရုံးခွဲ- အမှတ် (၅၅/၅၆)၊ ကျိုက်ဝိုင်းဘုရားလမ်းမ၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ Ph- 09-5018076**
**စာချုပ်စာတမ်း အထူးဝန်ဆောင်မှုပေးသည်။ အိမ်/ခြံ/မြေ/ ရောင်း/ဝယ်/ငှား အပ်နှံနိုင်ပါသည်။**

---

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ရွှေဂုံတိုင်ကျောင်းတိုက်ကြီး၏ ဒုတိယနာယကချုပ်၊**
**ရွှေဂုံပရိယတ္တိစာသင်တိုက်၊ အလယ်ကျောင်းကြီး၏**
**ဦးစီးပဓာန နာယကဆရာတော်**

## ဘဒ္ဒန္တစန္ဒောဘာသ(ဂန္ထဝါစကပဏ္ဍိတ)

**သက်တော်(၇၃)နှစ်၊ သိက္ခာတော်(၅၃)ဝါ**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်ကျောင်းတိုက်ကြီး၏ ဒုတိယ နာယကချုပ်၊ ရွှေဂုံပရိယတ္တိစာသင်တိုက်၊ အလယ်ကျောင်းကြီး၏ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ (ဂန္ထဝါစကပဏ္ဍိတ) မဟာထေရ်မြတ်သည် (၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်) ၂၈-၂-၂၀၂၂ ရက်(တနင်္လာနေ့) နံနက် ၂:၄၅ နာရီတွင်ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်) ၄-၃-၂၀၂၂ ရက်(ကြာသပတေးနေ့) တွင် ရေဝေးသုသာန်သို့ပင့်ဆောင်သဂြိုဟ်ပူဇော်ပါမည်။

(ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

**ဆရာတော် ဦးဣန္ဒာစက္ကနှင့် တပည့်၊ ဒါယကာ၊ ဒါယိကာမများ**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဇော်ဝင်းရှိန်(တေးသံရှင်)

## အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ (ဦးစန်းရှိန်-ဒေါ်နုရင်)တို့၏သားငယ်၊ ရန်ကုန်မြို့နေ (ဦးကိုကိုလေး-ဒေါ်တင်တင်မေ)တို့၏ သားသမက်၊ တိုက် (၂၄)၊ အခန်း(၁) ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်နေ ဒေါ်တင်တင်ထွန်း၏ ခင်ပွန်း၊ ဦးသူရထွန်းဇော်-ဒေါ်မြတ်ဆက်သူ၊ ဦးနန္ဒထွန်းဇော်၊ ဦးဝေမင်းရှိန်-ဒေါ်အေးချမ်းဇော် (ဂျူဂျူး)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မမြတ်သုန္ဒရီဇော်၏ ချစ်လှစွာသော ဘိုးဘိုးကြီး၊ ဦးခင်ဇော်ရှိန်-ဒေါ်ခင်ထားရီ၊ ဦးအေးလွင်-ဒေါ်နီလာရှိန်တို့၏ ချစ်လှစွာသော မောင်/ညီ၊ ဦးသက်ဝေဇော်-ဒေါ်ဝင်းပြည့်ပြည့်မောင်၊ ဒေါ်အိန္ဒြာလွင်-Andrew Thein၊ ဒေါ်စန္ဒြာလွင်တို့၏ ချစ်လှစွာသော ဦးလေး၊ မသွန်းဟေသီသက်၊ မောင်လင်းသူရသက်၊ Aurora Thein တို့၏ ဘိုးလေးသည် ၂၇-၂-၂၀၂၂ (စနေနေ့) ည ၇:၃၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁-၃-၂၀၂၂ (တနင်္လာနေ့) ညနေ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်မြင့်မြင့်ဦး

## (လမ်းမတော်)

## အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၆)လမ်း၊ အမှတ်(၁၃၄)နေ ဦးမောင်ငယ်-ဒေါ်သန်းညွန့်တို့၏ သမီးကြီး၊ (ဦးခေတ်စိန်-ဒေါ်စိန်မွှေး)တို့၏ သမီးချွေးမကြီး၊ ဦးဝင်းကြိုင်၏ဇနီး၊ ဒေါက်တာသူရကျော်လင်း၏ မိခင်၊ ဦးစန်းမြင့်-ဒေါ်စုစုစိန်၊ ဒေါ်မြင့်မြင့်အေး-Mr.Chao Ming Kio၊ ဦးအောင်မြင့်တို့၏အစ်မကြီး၊ တူ ခုနစ်ယောက်၊ တူမ ငါးယောက်တို့၏ အဒေါ်သည် ၂၈-၂-၂၀၂၂ ရက် နံနက် ၀၀:၁၅ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### သားအဖြစ်မှအပြီးအပိုင်စွန့်လွှတ်ခြင်း

[၁၂/သကတ(နိုင်)၁၉၃၆၀၃] ကိုင်ဆောင်သူ အောင်ထက်အား သားအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးလှသန်း [၁၂/ဒပန(နိုင်)၀၁၃၅၅၁]**

---

### အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ စစ်ပင်ကျေးရွာအုပ်စု၊ တောင်တံမရိုးအနောက်၊ ကွင်းအမှတ်(၄၉၂က)၊ ဦးပိုင်လုပ်ကွက်အမှတ်(၆ဆ)၊ လယ်ယာမြေအမျိုးအစား၊ မြေကွက်အမှတ်(၃၇၈/၃၇၇/ ၃၇၆/ ၃၇၅/၃၇၄/၆၃၄/၃၅/၆၃၆/၃၇၁/၃၇၃/၃၇၀/၆၄၄/၆၄၃/၆၃၇/၆၃၈/၆၃၉/ ၆၄၀/၃၆၉)၊ ဧရိယာ(၁၀.၇၁)ဧက အကျယ်ရှိ မြေကွက်(၁၈)ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည့် ယခုရောင်းချသူ ဒေါ်ဝင့်ဝါစိုး [၁၂/လကန(နိုင်)၁၇၉၇၄၁]က လှည်းကူးမြို့နယ်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၌ လယ်ယာမြေပုံစံ(၇)ဖြင့် အမည်ပေါက်လုပ်ကိုင်ခွင့်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်များနှင့် မြေပေါ်ရှိသီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းလယ်ယာမြေအမျိုးအစား မြေကွက်များနှင့် ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟုအဆိုရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရှုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီအရောင်းအဝယ် ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစွမ်းထက်ပိုင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၀၆)**
**LL.B,DBL,DIL,MA(Business Law)**
**ဖုန်း-၀၉-၄၃၀၉၄၆၇၂**

---

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ



**နေပြည်တော် မတ် ၁**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ညနေပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ မြောက်ဦးဆရာတော် မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဝနဝါသီ ဘဒ္ဒန္တဝါယာမိန္ဒအား ကျားရုပ်ပရိယတ္တိစာသင်တိုက်၌လည်းကောင်း၊ ဓမ္မသုခဘုန်းတော်ကြီးကျောင်းတိုက်မှ သံဃာတော် သုံးပါးအား အဆိုပါကျောင်းတိုက်၌ လည်းကောင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ ဆေးအဖွဲ့များက ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့်အဖွဲ့ဝင်များက စစ်တွေမြို့ ကျားရုပ်ပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ မြောက်ဦးဆရာတော် မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဝနဝါသီ ဘဒ္ဒန္တဝါယာမိန္ဒအား သွားရောက်ဖူးမြော်ကြည်ညိုပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၏ ဆန္ဒမဲပေးမှုများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၂၂၆၇၉၈ ဦးဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၄၃၅၆၃ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၃၈၅၁၉ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၅၄၈ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၂၁၂၇၆ ဦး ဖြစ်သည်။

၃။ စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**မဲဆန္ဒရှင်စာရင်း စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံ အရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | တနင်္သာရီ တိုင်းဒေသကြီး၊ မြိတ်မြို့နယ် မဲရုံပေါင်း ၂၂၇ ရုံ | ၂၂၆၇၉၈ | ၁၄၃၅၆၃ | ၃၈၅၁၉ | ၁၅၄၈ | ၂၁၂၇၆ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အက်သလက်တီကိုမက်ဒရစ်အသင်းက ဗီလာရီးယဲလ်ကိုအနိုင်ရပြီး စပိန်လာလီဂါအမှတ်ပေးဇယားထိပ်၌ ဆက်လက်ဦးဆောင်နိုင်ခဲ့



စပိန်လာလီဂါပွဲစဉ် ၂၅ အဖြစ် ဖေဖော်ဝါရီ ၂၈ ရက် ညပိုင်းက ဗီလာရီးယဲလ်အသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ရဲ့ ပွဲစဉ်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းက နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါအမှတ်ပေးဇယားထိပ်မှာ ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပီဒရာဇာက ပွဲကစားချိန် ၂၅ မိနစ်မှာ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသလိုဖြစ်ခဲ့ရာက ရရှိခဲ့တဲ့ သွင်းဂိုးတစ်ဂိုးနဲ့ ပွဲကစားချိန် ၆၉ မိနစ်မှာ ဆီကွီရာတို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၉ ကော်လံ ၁ သို့ ○

**ကြေးမုံ ယနေ့ ဖတ်စရာ**

**ဦးတည်ရာလမ်းကို ဖြောင့်တန်းစေလိုပါသည်**
စာမျက်နှာ » ၆

**နိုင်ငံရေးလုပ်တဲ့သူနဲ့ နိုင်ငံပျက်စီးရေးလုပ်တဲ့သူ**
ကိုသံချောင်း - မစာဥ
တစ်ခန်းရပ်စကားပြောခန်း - ၄
စာမျက်နှာ » ၁၀

**အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃ ဒသမ ၉ သန်းနီးပါးရှိလာ**
စာမျက်နှာ » ၁၁